# ဗောဓိပက္ခိယဓမ္မစေတီမှ ဝိပဿနာရင်ပြင်




အရှင်နာရဒါဘိဝံသ(လှုရတနာ)

ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်

သ·စ·အ ဓမ္မာစရိယ၊ ဝင့်သကာ၊ ပါဠိပါရဂူ၊

၂၉၉၁၆

# ဟောဓိပက္ခိယ ဓမ္မစေတီမှ ဝိပဿနာရင်ပြင်

(စွမ်းအင်ကြီးမားသော ဗောဓိပက္ခိယတရားများဖြင့် မိမိသန္တာန်တွင်

ဗောဓိပက္ခိယ ဓမ္မစေတီတည်နည်း၊ အမြတ်ဆုံးဖြစ်သော

ဝိပဿနာရင်ပြင်၌ ရပ်တည်နည်း၊ ယုံကြည်စိတ်ချရသော

ဘဝအဖော်မွန်နှင့် လက်တွဲနေထိုင်နည်းတို့ကို ဖော်ပြထားသည်)

**လှုရတနာ စာစဉ် (၅၀)**


**လှုရတနာ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ**

(ပထမကျော်, အဂ္ဂမဟာအကျော်, အဋ္ဌကထာပြန်အကျော်,

သ-စ-အ ဓမ္မာစရိယ, ဝင့်သကာ, ပါဠိပါရဂူ)



| သာသနာ | ကောဇာ | ခရစ် |
|---|---|---|
| ၂၅၅၈ | ၁၃၇၆ | ၂၀၁၄ |

အမှတ် ၂၉၉၁၆
၂၅.၁.၁၈

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း ပထမအကြိမ် ၂၀၁၄-အောက်တိုဘာလ။

အုပ်ရေ ၁၀၀၀

စီစဉ်သူများ ဘဒ္ဒန္တအာသဘ (သာသနာ့မဏ္ဍိုင်သိမ်ကျောင်း)

ဘဒ္ဒန္တရာဇိန္ဒ (မောင်မင်းစိုး)

ဘဒ္ဒန္တဝိစိတ္တာလင်္ကာရ(ဓမ္မာစရိယ-M-A သီရိလင်္ကာ)

မျက်နှာဖုံးဒီဇိုင်း ကိုမြင့်မောင်

ဓာတ်ပုံ ကိုအောင်ဟိန်း

ပုံနှိပ်သူ ဦးမြင့်ဦး (သိန်းသန်းဦး အော့ဖ်ဆက်)

အမှတ်(၁၂၁/၁၁၉)၊ ၃၄-လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖြန့်ချိရေး ရန်ကုန် သစ္စာမဏ္ဍိုင်စာပေ၊

မန္တလေး-နဂါးစာပေ။

ဘဒ္ဒန္တနာရဒါဘိဝံသ-ဇော်ဓိပတိကိုယ်ပွားဓမ္မစေတီမှ ဝိပဿနာရှုပုံဖြင့်

ရွှေကျေးစာပေ၊ ၂၀၁၄-ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်၊

၃၁၉-စာ၊ ၁၃၊ ၂၂×၂၉-စင်တီ

ဇော်ဓိပတိကိုယ်ပွားဓမ္မစေတီမှ ဝိပဿနာရှုနည်းဖြင့်

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

## အလှူတကာတွင်

## တရားဓမ္မအလှူသည်အမြတ်ဆုံး

သို့

________________________

________________________

________________________

မှ

________________________

________________________

________________________

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်

နေ့စွဲ________________

# နိဒါန်း

## ရွှေရတုသို့သည် ဓမ္မစာပန်းချီ

လှရတနာဆရာတော်မှ ကျိုက္ကမီသို့ရောက်ရှိနေစဉ် ဖုန်းလှမ်းဆက်လာပါသည်။ အကြောင်းကတော့ သူ့ရေးထားခဲ့သော စာအုပ်များ အုပ်(၅၀)ပြည့်သို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။ သို့အတွက် အုပ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်အဖြစ် **"ဗောဓိပက္ခိယ ဓမ္မစေတီမှ ဝိပဿနာရင်ပြင်"**ဆိုသည့် စာအုပ်စီစဉ်ရန်အတွက် တာဝန်ပေးခြင်းဖြစ်သည်။ မွေးနေ့ပွဲအမီလုပ်ရမည်ဖြစ်ခြင်းကြောင့် ရက်ပိုင်းအလိုတွင်းမှာပင် ဒီစာအုပ်လေးကို စီစဉ် လိုက်ခြင်းဖြစ်ပါသည်။ နောက်စာအုပ်တွင်လည်း အမှာစာရေးရန်လည်း တာဝန်ပေးလိုက်သည်။ မိမိအနေဖြင့်လည်း လှရတနာဆရာတော်၏ သက်တော်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့သော **'ရွှေရတု ဂုဏပူဇာ သာသနာပြုရုပ်ပုံလွှာ'** စာအုပ်တွင်လည်း ယခုကဲ့သို့ စီစဉ်ခြင်း၊ အမှာစာရေးသားခြင်း လုပ်ပေးခဲ့ဖူးသည်။ သို့အတွက် ဤစာအုပ်တွင်လည်း **'ရွှေရတုသို့သည် ဓမ္မစာပန်းချီ'**ဆိုသည့်နာမည်ဖြင့် အမှာစာလေးကို ခေါင်းစဉ်ပေးပြီး ရေးဖြစ်လိုက်ပါသည်။

ယခုစာအုပ်ကို လေ့လာကြည့်လိုက်ရာတွင် အပိုင်း(၃)ပိုင်း ခွဲပြီးစီစဉ်ထားသည်ကို တွေ့ရမှာဖြစ်သည်။ ပထမပိုင်းတွင် **ဗုဒ္ဓပူဇာ**အဖြစ် ဘုရားရှိခိုးအမျိုးမျိုး ပါဝင်စေသည့် ဝန္ဒနာများ၊ အလင်္ကာများ၊ တေးတပ်များ၊ ရတုပိုဒ်စုံတို့နှင့် ပူဇော်ထားသည်။ သို့အတွက် ရှေးဦးစွာ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်များကို တန်ဆာဆင်လျက် ဂုဏ်တော်များ ရွတ်ဖတ်ပွားများလိုသူများအနေဖြင့် ကျက်မှတ်သင့်သည့် ဝန္ဒနာမျိုးစုံကို ကျက်မှတ်လျက် မြတ်ဗုဒ္ဓ၏ ကြီးကျယ်ခမ်းနားလှသော ဂုဏ်တော်များဆီသို့ရောက်အောင် ပူဇော်သင့်သည်

များကို စီစဉ်ထားသည်။ သို့အတွက် ဗုဒ္ဓပူဇာအဖြစ် အားလုံးကို လက်ဆောင်ပေးအပ်သော အဆိုပါဂုဏ်တော်များကို ပွားများလျက် ပုံတော်ကို ဂုဏ်တော်အထိရောက်အောင် ပူဇော်နိုင်ပါစေကြောင်း စီစဉ်ထားခဲ့ခြင်း ဖြစ်ပါသည်။

ဒုတိယအခန်းကဏ္ဍမှာ **ဓမ္မပူဇာ**အဖြစ် စီစဉ်ထားခြင်း ဖြစ်သည်။ အဆိုပါကဏ္ဍတွင် လှရတနာဆရာတော်၏ ဟောတရားများဖြစ်သော **'ဗောဓိပက္ခိယဓမ္မစေတီ တည်ထားခြင်း'** တရားတော်နှင့် **ဝိပဿနာ စေတီရင်ပြင်**ဆိုသည့် တရားနှစ်ပုဒ်ကိုလည်းကောင်း၊ ဗောဓိပက္ခိယစွမ်းအင်များနှင့် ဗောဓိပက္ခိယပါဠိများဖြင့် တရားတော်၏ ဂုဏ်ကိုပူဇော်ထားသည်။ အဆိုပါခေါင်းစဉ်များဖြင့် စီစဉ်ထားသော ဤစာအုပ်သည် ရွှေရတု ဓမ္မစာအုပ်အဖြစ် ဓမ္မမိတ်ဆွေတို့အား အဖိုးမဖြတ်နိုင်သော လက်ဆောင်ကောင်းကို ပေးထားခဲ့သည်။ သို့အတွက် မိမိအနေဖြင့်လည်း အဆိုပါတရားတော်များနှင့် အနည်းငယ် မိတ်ဆက်ပေးလိုပါသည်။

**ဗောဓိပက္ခိယဓမ္မစေတီ တည်ထားခြင်း**-ဤဟောစဉ်တရားသည် လောကီစည်းစိမ်တို့၏ မတည်မြဲမှု၊ အနှစ်သာကင်းမဲ့မှု၊ လိုချင်တပ်မက်မှုနဲ့ ကင်းဝေစေမှု၊ စည်းစိမ်တွေပေါ် ဖက်တွယ်မှုကြောင့် သေလွန်သွားခဲ့လျှင် မကောင်းတဲ့ ဒုဂ္ဂတိဘဝကို ကျရောက်စေနိုင်မှု စတာတွေကို မီးမောင်းထိုးပြထားခဲ့သည်။ သို့အတွက် မိမိအတွက် မဟုတ်ဘဲ မြတ်ဗုဒ္ဓအတွက် လှူဒါန်းထားတဲ့ ပစ္စည်းဥစ္စာတို့၏ တန်ဖိုးစံနှုန်းတွေကို ဝိပဿီဘုရားအား အပရာဇိတ သူဌေးကြီးရဲ့ လှူဒါန်းမှုကြောင့် ဇောတိကသူဌေးဘဝမှာ ကုသိုလ်ကံရဲ့ အကျိုးပေးပုံ၊ ကြီးကျယ်ခဲ့ပုံ၊ အဇာတသတ် မင်းရဲ့ လောဘအရှိန်မထိန်းချုပ်နိုင်ခဲ့မှု စတာတွေနဲ့ မီးမောင်းထိုးပြထားပြီး၊ နောက်ဆုံး ပူဇော်ပုံအသီးသီးကို

အနှစ်သာရရှိရှိ ပူဇော်နိုင်ရန်အတွက် တန်ဖိုးဖြတ်လို့မရနိုင်သည့် သုတ္တန်များဖြင့် စီစဉ်ဟောပြောထားသည်မှာ များစွာပင် ဗဟုသုတ တိုးပွားစေပြီး၊ သုတေသီပုဂ္ဂိုလ်များအတွက်လည်း များစွာ အထောက်အကူ ဖြစ်စေမည့် ပါဠိတော်များ၊ ဆင်ခြင်ပွားများနည်းများ၊ အလင်္ကာများနှင့် တန်ဆာဆင်လျက် ခြယ်မှုန်းထားခဲ့ခြင်းဖြစ်သည်။

**ဝိပဿနာစေတီရင်ပြင်**- ဤအပုဒ်တွင်လည်း မှတ်သား ဖွယ်ရာ၊ လိုက်နာဖွယ်ရာ၊ ဆင်ခြင်ရှုမှတ် ပွားများဖွယ်ရာများကို ဗဟုသုတများစွာဖြင့် ဟောစဉ်တရားကို ပြန်လည်တည်းဖြတ် သုတ်သင်လျက် စီစဉ်ထားခြင်း ဖြစ်သည်။ **"နှလုံးသားဝယ် ဘုရားတည်"** ဆိုသည့်အတိုင်း ဤအပုဒ်လေးကို မိတ်ဆက်ရမည် ဆိုလျှင်-

**ဓမ္မစေတီ သမုဿေတွာ၊ ဓမ္မဒုဿ ဝိဘူသိတံ။**

**ဓမ္မပုပ္ဖ ဝုဋ္ဌံ ကတွာ၊ နိဗ္ဗုတော သော သသာဝကော။**

ဆိုသည့် ဗုဒ္ဓဝံသပါဠိတော်ကို အကျယ်ချဲ့ပြီးတော့ ဟောပြော ထားသည့် တရားတော်ဖြစ်သည်။

**'ကောဏာဂုမ်ဘုရားရှင်ဟာ၊ ဝိပဿနာဆိုတဲ့ စေတီ ရင်ပြင်မှာ ရပ်တည်ပြီးနေတဲ့ ဝေနေယျ သတ္တဝါတွေအတွက် ပူဇော်နည်းကို မီးမောင်းထိုးပြတဲ့အခါ သစ္စာလေးပါးဆိုတဲ့ အလံတံခွန် ထီးကို လွှင့်ထူပြီး ဗောဓိပက္ခိယ တရားဆိုတဲ့ ဓမ္မစေတီကို တည်ဆောက်ပြီးတော့ တရားပန်းကုံးကို သီကုံးခဲ့ခြင်း ဖြစ်ပါတယ်'**

အဆိုပါဂါထာလေးသည် ဂေါတမမြတ်စွာဘုရားအနေဖြင့် ပွင့်တော်မူပြီး နောင်တော်ဘုရားရှင်ဖြစ်သော ကောဏာဂုမ်ဘုရားရှင် အတွက် ဟောကြားထားသည့် ဂါထာဖြစ်သည်ဟု သိရသည်။

သို့အတွက် ဤပေါစဉ်ကို ဖတ်လိုသူများအတွက် ဗဟုသုတအဖြစ် ဂါထာမှာပါသည့် ဓမ္မစေတီ၊ တရားအလံ တံခွန်းထီး၊ တရားတည်း ဟူသော ပန်းစည်းပန်းကုံး၊ ဗောဓိပက္ခိယစေတီတည်ထားပုံ၊ ဝိပဿနာ စေတီရင်ပြင်ဆိုသည့် စကားလုံးများကို အကြောင်း အရာမျိုးစုံ၊ အဓိပ္ပာယ်အထွေထွေ၊ ဗဟုသုတအဖုံဖုံ၊ ကျက်မှတ်ဖွယ်ရာများ၊ လေ့လာစရာများ၊ သင်ယူစရာများ၊ မှတ်သားလိုက်နာဖွယ်ရာ မျိုးစုံ တို့ဖြင့် အတော်လေးကို အားစိုက်ပြီးတော့ ဟောပြောထားသည့် တရားတော်ဖြစ်သည်။

ဤအပုဒ်၏ လေးနက် ခက်ခဲမှုဆိုတာတွေကို သိလိုက်ကြရမှာ ဖြစ်သည်။ ယခုလို စာအုပ်အဖြစ်ပြန်လည် ပြုလုပ်ရေးသား ထုတ်ဝေ သည့်အခါ ဤစာအုပ်၏ တန်းဖိုးကို အကဲဖြတ်နိုင်မည်ဟု ဆိုချင် ပါသည်။ သို့သော် ယင်းသို့ ခက်ခဲ၊ နက်နဲမှုတွေကို ကျမ်းပြု အရှင်၏ ကြိုးစားအားထုတ်မှုဖြင့် အလွယ်တကူပင် ဓမ္မအဆီအနှစ်များကို တစ်ထိုင်တည်းဖြင့် အပြည့်အဝခံစားရမည်ကို ဖတ်ကြည့်သူများ အနေဖြင့် အကဲခတ်နိုင်မည်ဟု ထင်ပါသည်။

ဗောဓိပက္ခိပက္ခိယဓမ္မစွမ်းအင်များနှင့် ဗောဓိပက္ခိယပါဠိ ဆိုသည့် အခန်းကဏ္ဍတွင်တော့ ကျက်မှတ်နိုင်ရန် ပါဠိတော်များကို ထုတ်ပြထားပြီး၊ စွမ်းအင်ဆိုသည့်အတိုင်း အဆိုပါ ဗောဓိပက္ခိယတရား များ၏ စွမ်းအင်များကို အနှစ်ချုပ်ပြရာတွင်-

သာသနာတော်၏ အနှစ်ချုပ်တရားဖြစ်ခြင်း၊ သာသနာတော် တည်တံ့ကြောင်းတရားဖြစ်ခြင်း၊ အစွမ်းအာနုဘော် ကြီးမား ထက်မြက် ခြင်း၊ ဘုရားရှင်၏ တထာဂတအမည်ရခြင်း၊ ဘဂဝါဂုဏ်တော်အမည် ရခြင်း၊ ရတနာထိုက်ခြင်း၊ ဆေးဝါးဖြစ်ခြင်း၊ ဘုရားရှင်ရှိကြောင်း သိနိုင်ခြင်းစသော ဂုဏ်ထူးစွမ်းအင်ကို တစ်ချက်ချင်းစီအနေဖြင့် သုံးသပ်တင်ပြထားသည်မှာလည်း လေ့လာလိုသူများအတွက်

များစွာပင် အကျိုးရှိမည့်အချက်အလက်ဒေတာများ ဖြစ်သည်ဟု ဆိုရပါမည်။

တတိယအနေဖြင့် ထေရပူဇာအဖြစ် ကျမ်းပြုအရှင်၏ အခန်းကဏ္ဍကို စီစဉ်ထားခြင်းဖြစ်သည်။ ရှေးဦးစွာ ဆားလင်းကြီး ဆရာတော် ရေးသားထားသည့် **'တောင်းဆုချွေ'** တေးတပ်၊ ဝေမိုး (ကျွန်းလှ) ရေးသားထားသော **"ကျော်သုံးကျော်နှင့် လှရတနာ ဆရာတော်"**ဆိုသည့် ဆောင်းပါးတို့အား ဖော်ပြထားပါသည်။ အမှန်အားဖြင့် အဆိုပါ တေးတပ်၊ ဆောင်းပါးဖြင့် လှရတနာ ဆရာတော်၏ ထေရပ္ပတ္တိ ပြီးပြည့်စုံသည်ဟု မဆိုနိုင်သော်လည်း ဆရာတော်၏ ဂုဏ်ပုဒ်များ၊ စွမ်းဆောင်ချက်များအား ဖတ်ရှုကြည်ညိုကာ အတုယူ၊ အားကျမှုများ ဖြစ်နိုင်လိမ့်မည်ဟု ထင်ပါသည်။

မှန်ပါသည်၊ လှရတနာဆရာတော်သည် အလုပ်အလွန် လုပ်သည့် ဆရာတော်ဖြစ်သည်။ လုပ်လက်စ လုပ်ငန်းအပေါ်မှာလည်း အာရုံစိုက်သလို၊ အဖက်ဖက်မှလည်း မလစ်ဟင်းရအောင် သတိဆောင်ပြီးတော့ လုပ်လေ့ ရှိသည်။ အိပ်ချိန်ကိုပင် သတိမထားဘဲ မိုးလင်းနီးပါး လုပ်ခဲ့မှုတွေကို သိရှိရသည်။ ဤစာအုပ် စီစဉ်နေချိန်တွင် ယခင် သီလက္ခန်စာဝါအပြင် တိုက်အုပ်ဆရာတော် ကမ္ဘာအေးမှာ သာသနာရေးကိစ္စနှင့် သွားနေခဲ့ရသဖြင့် ကျောင်းတိုက်ကြီး၏ အုပ်ချုပ်ရေးတာဝန်အပြင်၊ ကျောင်းတိုက်အတွက် အရေးကြီးသော ဓမ္မာစရိယ စာဝါ (ပါရာဇိကဏ်၊ သီလက္ခန်)ကျမ်းစာများကို ပို့ချနေခဲ့သလို၊ တစ်ဖက်မှာလည်း ဗုဒ္ဓဝင်ပါဠိတော်သင်တန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပို့ချနေခဲ့သည်။ ထိုကဲ့သို့ အလုပ်ကိစ္စ များပြားမှုထဲကပင် ယခု စာဖတ်ပရိသတ်များအတွက် ဆရာတော်အနေဖြင့် **အုပ်(၅၀) မြောက် ရွှေရတုစာအုပ်**ကိုလည်း ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ အလုပ်ကိစ္စများကို အပင်ပမ်းခံ ကြိုးစားနေခဲ့မှုကြောင့် ထိပ်ရောက်ခဲ့သည်ဟု ဆိုချင်ပါသည်။

သို့သော်လည်း ဤနေရာတွင် အကျယ်တဝံ့တော့ ဟိမဝန္တာ ချီးမွမ်းခန်းပုံစံမျိုးအနေဖြင့် မထုတ်ပြလိုတော့ပေ။ အဘယ့်ကြောင့် ဆိုသော် ကိုယ့်ဆရာဖြစ်လို့ ယခုလို ချီးမွမ်းနေခဲ့တာဆိုသည့် ပြောစရာများ ဖြစ်နေမှာစိုးသည့်အတွက် များပြားစွာသော ဂုဏ်ပုဒ်တွေကို အကျယ်တဝံ့အနေနဲ့ သီးသန့်ထုတ်ဖော် မပြလိုတော့ပေ။ သို့အတွက် ထေရပူဇာအဖြစ် စီစဉ်ထားသည့် အခန်းကဏ္ဍမှာတော့ **'ကျော်သုံးကျော်နှင့် လှရတနာဆရာတော်'** ဆိုသည့် ဆောင်းပါးကို ဖတ်ကြည့်ပါဟုသာ တိုက်တွန်းစကားဆိုချင်ပါသည်။

ဤအခန်းတွင် အရှင်ဓမ္မနိမ္မိတာဘိဝံသ ရေးသားထားသည့် **"ဘဝအဖော်အမွန်"**ဆိုသည့် ဆောင်းပါး တစ်ပုဒ်ကိုလည်း ထည့်သွင်းဖော်ပြခဲ့သည်။ ဤဆောင်းပါးတွင် အဖော်အမွန် ဆိုတာတွေကို နယ်ပယ်အသီးသီးမှ ကြည့်မြင်လျက် ရှုထောင့်မျိုးစုံ စုံလင်စွာ ထုတ်ပြထားပြီး တဏှာဆိုသည့် အဖော်အမွန်များသည် ဘဝမှာ အားထားရမည့် အစစ်မှန်အဖော်မွန်များ မဟုတ်ခြင်းကြောင့် ဓမ္မအဖော်မွန်ဆိုသည့် ကာယဂတာသတိ အဖော်အမွန်ကို နေ့စဉ်ပွားများဆင်ခြင်ပြီးတော့ လက်တွဲရန် တိုက်တွန်းထားပြီး မိမိခန္ဓာကိုယ်မှာရှိသည့် (၃၂) ပါးသော ကောဋ္ဌာသအဖော်အမွန်တွေကို ရှုမှတ်ပွားများပြီးတော့ မဂ် ဖိုလ် နိဗ္ဗာန်အထိ ရောက်နိုင်အောင် ဘဝအတွက် အမှန်တကယ်အားထားရမယ့် စစ်မှန်တဲ့ ဓမ္မအဖော်အမွန်ကို ရရှိအောင် ကြိုးစား အားထုတ်ရန် တိုက်တွန်းထားခဲ့သည့် ဆောင်းပါးလေးဖြစ်သည်။

အချုပ်ဆိုရသော် လှရတနာဆရာတော်၏ **အုပ်(၅၀)ပြည့်ဓမ္မခရီးစဉ်**သည် ရွှေရတုသို့ပင် တိုင်ခဲ့လေပြီ၊ သို့သော်လည်း ရွှေရတုမှသည် ဆက်လက်ပြီးတော့ ရတုပေါင်းများစွာအတွက် ကျမ်းစာအုပ်

များကို တစ်အုပ်ပြီး တစ်အုပ်အနေဖြင့် ယခုထုတ်ဝေခဲ့သော ရွှေရတုအုပ်(၅၀)ပြည့် စာအုပ်ကဲ့သို့ အဆီအနှစ် ပြည့်ဝသော စာအုပ်မျိုးစုံကိုလည်း ဆက်လက်ပြီး ရေးသားထုတ်ဝေနေဦးမှာဖြစ်ပြီး 'ရွှေရတုသို့သည် မြေမ္မစာပန်းခြံ' ဆိုသည့် အမှာစာလေးကို မိတ်ဆက်စာ အနေဖြင့် ရေးသားရင်း ဤအုပ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ် စာအုပ်လေးကို အကောင်းမွန်ဆုံးဖြစ်အောင် တပည့်များစုပေါင်း ပြီးတော့ စီစဉ်လိုက်ရပါသည်။

မောင်မင်းစိုး

## မွေးနေ့ရှင်၏ ကျေးဇူးတင်စကား

မွေးနေ့ရှင်၏ အသက် (၅၀)ပြည့် ရွှေရတုနှစ်မှာ **"ရွှေရတုဂုဏပူဇာ သာသနာပြု ဘဝပုံရိပ်လွှာ"** စာအုပ်ကို ထုတ်ဝေဖြစ်ခဲ့ပါသည်။ ယခုစာအုပ်သည်ကား အုပ်ရေ (၅၀)ပြည့်မြောက်သဖြင့် **"ရွှေရတု ဓမ္မ ပုံရိပ်လွှာ"** ပင်ဖြစ်သည်။ ရွှေရတုဓမ္မပုံရိပ်လွှာကို **"ဗောဓိပက္ခိယ ဓမ္မစေတီမှ ဝိပဿနာရင်ပြင်"** အမည်ဖြင့် ထုတ်ဝေဖြစ်ပုံမှာ ဤသို့ပါတည်း။

မိမိအသက် (၅၀)ပြည့်သော ရွှေရတုနှစ် (၂၀၁၀)မှာ မွေးမယ်တော်ကြီး ဒေါ်ခင်ညွန့် ကွယ်လွန် အနိစ္စရောက်သွားရှာ၏။ ထိုမှ (၄)နှစ်အတွင်း၌မူ ဆရာသမားများဖြစ်ကြသည့် မန္တလေးမှ ပေါက်မြိုင် ဆရာတော်ကြီး၊ ပါချုပ်အငြိမ်းစား ထီးလင်းဆရာတော်ကြီး၊ မော်လမြိုင်မှ သက်တော်ရှည် ဝဲပုံဆရာတော်ကြီးတို့ ရှေ့ဆင့်နောက်ဆင့် ပျံလွန်တော်မူသွား ကြ၏။ ထို့အပြင် ဆားလင်းကြီးဆရာတော်နှင့် ရဟန်းမယ်တော်ကြီး ဒေါ်မြဝင်း၊ ရဟန်းဒါယကာကြီး ဦးဘိုးဟန်တို့လည်း ဤနှစ်မှာပင် ကွယ်လွန် အနိစ္စ ရောက်သွားကြပြန်၏။ ယင်းသို့ (၄)နှစ်အတွင်း၌ပင် ကျေးဇူးရှင်ဆရာတော်များ၊ ဒကာ/ဒကာမများ၊ ပျံလွန်၊ ကွယ်လွန်သွားကြ သဖြင့် သံဝေဂဉာဏ်ဖြစ်ပွားမိပါသည်။

ဤနှစ်၌ သံဝေဂဉာဏ်ဖြစ်ပွားရသလို ရွှင်လန်းဝမ်းမြောက်မှု ပီတိပါမောဇ္ဇ ဉာဏ်လည်း ဖြစ်ပွားရပါသည်။ မဟာမင်္ဂလာပန်းခြံ အတွင်းမှ မဟာဗောဓိညောင်ပင်တော်ကို နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင်

များ၏ စံကျောင်းတော်နှင့်တကွ ပူဇော်ဖြစ်ပါသည်။ နှစ်ကျိပ်ရှစ်ဆူဘုရားရှင်များမှာ စကျင် ကျောက်သားဗုဒ္ဓရုပ်ပွားတော်များဖြစ်၏။ ထို့အပြင် လှရတနာကျောင်း၌လည်း ကြေးဆင်းတု နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် ဧတဒဂ်ဘွဲ့ဂုဏ်ထူးရသည့် ရဟန္တာ (၄၁)ပါးကိုပါ ပင့်ဆောင်ပူဇော် နိုင်ခဲ့ပါသည်။ ယင်းသို့သော နှစ်ကျိပ်ရှစ်ဆူဘုရားရှင်များကို အကြောင်းပြု၍ ဘုရားဒါယကာ၊ ဒါယိကာမများနှင့် ဝတ်အသင်းတို့အား **"ဗုဒ္ဓဝင် ပါဠိတော်သင်တန်း"**ကို (၁၁)ရက်တိုင်တိုင် ပို့ချခဲ့ရ၏။ ယင်းသင်တန်းပို့ချရန် မှတ်စုရေးသားချိန်နှင့် သင်တန်းပို့ချပြီးချိန်တို့၌ကား ရွှင်လန်းဝမ်းမြောက်မှု ပီတိပါမောဇ္ဇဉာဏ်များ တဖွားဖွားဖြစ်ပွားခဲ့ရလေသည်။

သင်တန်းနှင့်စပ်၍ ရွှင်လန်းဝမ်းမြောက်မှု ပီတိပါမောဇ္ဇဉာဏ်များ တဖွားဖွားဖြစ်ပွားခဲ့ရသလို သံဝေဂဉာဏ်များလည်း ဖြစ်ပွားရပြန်ပါသည်။ သံဝေဂဉာဏ်များဖြစ်ပွားရပုံမှာမူ ဤသို့ဖြစ်ပါ၏။ အကျွန်ုပ်တို့၏ သုံးလောကထွဋ်ရှတင် ဂေါတမမြတ်စွာဘုရားရှင်သည် ဗုဒ္ဓဝံသ ပါဠိတော်၌ နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့၏ အဋ္ဌုပ္ပတ္တိအဖြစ်တော်စဉ်ကို ဟောကြားသည့်အခါ (၂၂) မျိုးသော အပိုင်းအခြားတို့ဖြင့် ဟောကြားတော်မူပါသည်။ ထိုတစ်ဆူစီ တစ်ဆူစီသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်၌ရှေ့ပိုင်းတွင် ဘုရားအလောင်းတော်နှင့် ဘုရားရှင်တို့၏ အလွန် ကြီးကျယ်ခမ်းနားသော ပြည့်စုံမှု သမ္ပတ္တိအမျိုးအမျိုးကို ဟောပြပြီးနောက် နိဂုံးချုပ်သည့်အခါ၌မူ (၂)မျိုးဖြင့် နိဂုံးချုပ်ဟောကြားသည်ကို

လေ့လာတွေ့ရှိရ၏။ ပထမတစ်မျိုးမှာ **"နိဗ္ဗုတော သော သသာဝကော- ထိုဘုရားရှင်သည် တပည့်သာဝက ရဟန္တာများနှင့်အတူ ပရိနိဗ္ဗာန်စံတော်မူသွားပြီ"**ဟူ၍ဖြစ်၏။ ထို **"နိဗ္ဗုတော သော သသာဝကော"** စကားရပ်ဖြင့် ဘုရားရှင်နှင့် ရဟန္တာတို့သော်မှ ပရိနိဗ္ဗာန်စံရသေးလျှင် ကျန်သော ပုဂ္ဂိုလ်ဟူသမျှ လည်း သေရမှာချည်းပင်ဖြစ်သည်-ဟူသော မရဏာနုဿတိ ဘာဝနာကို ဖော်ညွှန်းပြလျက် ရှိပါသည်။

ဒုတိယတစ်မျိုးမှာ **"နနု ရိတ္တာ သဗ္ဗသင်္ခါရာ- ထိုဘုရားရှင်နှင့် တပည့်သာဝကအားလုံးသည် ချုပ်ဆုံး ကွယ်ပျောက်သွားခဲ့လေပြီ၊ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့သည် ခိုင်မြဲသော အနှစ်မရှိ အချည်းနှီးသာ ဖြစ်ကုန်စွတကား"**ဟူ၍ဖြစ်၏။ ထို **'နနု ရိတ္တာ သဗ္ဗသင်္ခါရာ'** ဟူသော စကားရပ်ဖြင့် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ မတည်မြဲမှုအနိစ္စနှင့် အနှစ်သာရမရှိမှု အနတ္တ-ဟူသော ဝိပဿနာဘာဝနာကို ပြပေသည်၊ ဘုရားရှင်တိုင်း ဘုရားရှင်တိုင်း၏ ဗုဒ္ဓဝင်အဆုံး၌ယင်း (၂)မျိုးဖြင့် နိဂုံးချုပ် ဟောပြထားသည်ကို သင်တန်း ပို့ချရသည့်အခါ သံဝေဂဉာဏ်များလည်း ဖြစ်ပွားရပြန်ပါသည်။

ယင်းသို့သော အခြေအနေတွင် **"ရွှေရတု ဓမ္မ ပုံရိပ်လွှာ"** ကို ထုတ်ဝေရသည့်အခါ ကျင့်သုံးဖွယ် တရားဓမ္မကိုသာ ဦးစားပေး ရတော့၏။ သို့ဖြစ်၍ ယခင်က စွယ်တော်ရတနာစေတီနှင့်စပ်၍ ဟောခဲ့ဖူးသော ဟောစဉ်တရားထဲမှ ကောဏာဂုမ်ဘုရား

ဗုဒ္ဓဝံသဂါထာ တရား (၂)ပုဒ်နှင့် ဆောင်းပါး (၁)ပုဒ်ကို စာအုပ် ပြုလုပ်ရန် သာသနာ့မဏ္ဍိုင်သိမ်ကျောင်းဘုန်းကြီး ဦးအာသဘ၊ အဘိဓဇဆွမ်းစားကျောင်းဘုန်းကြီး ဦးရာဇိန္ဒ (မောင်မင်းစိုး)နှင့် ဦးဝိစိတ္တာလင်္ကာရ (ဓမ္မာစရိယ M.A သီရိလင်္ကာ)တို့ကို တိုက်တွန်း ရသည်။ ဤအရှင်မြတ်သုံးပါးနှင့် **"ဘဝပုံရိပ်လွှာ"** စာအုပ်ကို လှူဒါန်းခဲ့သလို ဤ **"ဓမ္မပုံရိပ်လွှာ"** စာအုပ်ကိုလည်း ဓမ္မဒါန ပြုသော ရဟန်းဒါယိကာမကြီး ဒေါ်ရွှေဥ ရွှေဥရာစုသစ် စိန်ရွှေ ရတနာဆိုင်၏ စေတနာ သဒ္ဓါတရားကြောင့် စာရှုသူ၏လက်ထဲသို့ ဤစာအုပ် ရောက်ရှိနေခြင်းဖြစ်ပါသည်။

ဤစာအုပ်ဖြစ်ပေါ်လာအောင် ကျေးဇူးပြုကြသော နှစ်ကျိပ်ရှစ်ဆူဘုရား အလှူရှင်များ၊ ဗုဒ္ဓဝင်ပါဠိတော် သင်တန်းသူ/ သင်တန်းသားများ၊ စာအုပ်စီစဉ်သူ အရှင်မြတ် (၃)ပါးနှင့် ဓမ္မဒါန အလှူရှင် ရဟန်းဒါယိကာ မကြီး ဒေါ်ရွှေဥ၊ ခတ်ပုံဆရာ ဦးအောင်ဟိန်း၊ ပန်းချီဆရာဦးမြင့်မောင်၊ သိန်းသန်းဦးပုံနှိပ်တိုက် တို့အား အထူး ကျေးဇူးတင်ရပါ၏။ ဤစာအုပ်ကို ဖတ်ရှုရပြီး နေ့စဉ် နေ့တိုင်း **"ဗောဓိပက္ခိယ ဓမ္မစေတီမှ ဝိပဿနာ ရင်ပြင်မှာ"** ကုသိုလ်ဘာဝနာတရားများကို ပွားများနိုင်ကြပါစေဟူ၍ ဆန္ဒပြုရပါသည်။

*အရှင်နာရဒါဘိဝံသ (လှရတနာ)*

*(၂၈. ၁၀. ၂၀၁၄)*

ဓာတု မမ္မ ဥဒ္ဒိဿ ပရိဘောဂအားဖြင့် စေတီလေးဆူ ကိန်းဝပ်စံပယ်တော်မူသော

# စွယ်တော် ရတနာစေတီ





ကောဏာဂမနဘုရား



ရွှေတိဂုံစေတီ၌ ဆီမီး (၁၀၀၀) ထွန်းညှိပြီး ဓါတ်တော်ရတနာစေတီကို အနေကဇာတင်ကြစဉ်



မဟာဗောဓိညောင်ပင်၌ ဆီမီး (၁၀၀၀) ပူဇော်၍ အဘိဓမ္မာ (၇) ကျမ်း ရွတ်ဖတ်ကြစဉ်



သက်တော်ရှည် ရွှေဝါဝင်း ဆရာတော်ကြီးအား ကြီးပွားစေလို ဘုန်းရိပ်ခို ဘဝရဲ့ အားထားစရာ စာအုပ်တို့ကို လှူဒါန်းစဉ်



နှစ်ကျိပ်ရှစ်ဆူဘုရားတို့အား (၁၀၈) ကွက် စက်လက္ခဏာနည်းဖြင့် ဆွမ်းတော်ကြီးပွဲပေါင်း (၁၀၀၀) ကျော်ကပ်လှူစဉ်


ရွှေတိဂုံ ပန်းပေါင်းရုပ်ပွား (၉၂၀၀) ၏ ရှေ့၌ ဂုဒ္ဓဝင်ပါဠိတော်သင်တန်းပို့ချစဉ်


ဗုဒ္ဓဝင်ပါဠိတော်သင်တန်း တက်ရောက်ကြသူများ

# မာတိကာ

## (က) ဗုဒ္ဓပူဇာ


၁။ စွယ်တော်ရတနာစေတီ ဝန္ဒနာ ၁

၂။ ဆံတော်ရတနာစေတီ ဝန္ဒနာ ၂

၃။ မဟာဗောဓိညောင်ပင် ဝန္ဒနာ ၄

၄။ နာညတြဂါထာ အလင်္ကာ ၅

၅။ နာညတြဂါထာ ဝန္ဒနာ ၆

၆။ နှစ်ကျိပ်ရှစ်ဆူ ဗောဓိပင်တေးထပ် ၇

၇။ ဆံတော်ရတနာစေတီ ရတုပိုဒ်စုံ ၈


## (ခ) ဓမ္မပူဇာ

### ဗောဓိပက္ခိယ ဓမ္မစေတီ တည်ထားခြင်း


၁။ ရွှေပြည်သာဒ်နှင့် ဗုဒ္ဓစွယ်တော် ၁၁

၂။ အပရာဇိတသူဌေးလှူသော ကျောင်း ၁၇

၃။ အဇာတသတ်မင်း၏ လောဘ ၂၀

၄။ ကောဏာဂုမ်ဘုရား ဗုဒ္ဓဝင် ၂၁

၅။ ဂုဏ်တော်ပန်းကုံး ၂၄

၆။ ဗောဓိပက္ခိယ ဓမ္မစေတီ ၂၆

၇။ ဗောဓိပက္ခိယ တရားစွမ်းအင်များ ၂၇

၈။ လယ်တီဆရာတော်ကြီး၏ အန္တရာယ်ကင်း အဆောင် ၂၉

၉။ ဓမ္မပဒ ပါဠိတော်နည်း ဝိပဿနာ ၃၀

၁၀။ မဟာသတိပဋ္ဌာနသုတ်နည်း ဝိပဿနာ ၃၁

၁၁။ ဝိဇယသုတ္တန်နည်း ဝိပဿနာ ၃၂

၁၂။ အနတ္တလက္ခဏသုတ္တန်နည်း ဝိပဿနာ ၃၄

၁၃။ ဗာဟိယသုတ္တန်နည်း ဝိပဿနာ ၃၅
၁၄။ စူဠရာဟုလောဝါဒ သုတ္တန်နည်း ဝိပဿနာ ၃၆
၁၅။ သစ္စာလေးပါး အလံတံခွန် ထီးတင်ခြင်း ၃၇

## ဝိပဿနာ စေတီရင်ပြင်

၁။ ရွှေတောင်ကုန်းဆရာတော်၏ ဩဝါဒ ၄၅
၂။ စွယ်တော်ရတနာစေတီ တည်ထားပုံ ၄၈
၃။ ကောဏာဂုမ်ဘုရား ဗုဒ္ဓဝင်မှ ဂါထာ ၅၀
၄။ ဗောဓိပက္ခိယ ဓမ္မစေတီတည်ထားပုံ ၅၃
၅။ တရားအလံတံခွန် ထီးလွှင့်တင်ပုံ ၅၅
၆။ စတုရာရက္ခဘာဝနာ ပန်းကုံး ၅၈
၇။ ကောဋ္ဌာသဘာဝနာ ပန်းကုံး ၆၀
၈။ မရဏာနုဿတိဘာဝနာ ပန်းကုံး ၆၁
၉။ စေတီရင်ပြင် (၄)မျိုး ၆၄
၁၀။ သဠာယသုတ်လာ ဦးပဥ္စင်းကလေး ၆၇
၁၁။ နတ်သမီးနှင့် ဆွေးနွေးခြင်း ၆၈
၁၂။ ဝိပဿနာ စေတီရင်ပြင် ၇၀
၁၃။ အသံသဒ္ဒါရုံကို ဝိပဿနာတင်ပုံ ၇၁
၁၄။ ဗာဟိယသုတ္တန်နည်း ၇၅
၁၅။ သစ္စကမ္မဋ္ဌာန်း လင်္ကာများ ၇၇

## ဗောဓိပက္ခိယ တရားစွမ်းအင်များ

၁။ သာသနာအရှည်တည်တံ့ကြောင်းတရား ၈၁
၂။ တထာဂတ အမည်ရကြောင်းတရား ၈၂
၃။ ရတနာထိုက်သောတရား ၈၄

၄။ ဘုရားရှင်သုံးဆောင်ခဲ့သော ဘဏ္ဍာပစ္စည်းများ ၈၅
၅။ ဗောဓိပက္ခိယတရား (၃၇)ပါး မှတ်ဖွယ် ၈၉
၆။ ဗောဓိပက္ခိယ ပါဠိ ၁၀၂

## (ဂ) ထေရပူဇာ

တောင်းဆုချွေ ၁၀၅
ဘဝအဖော်မွန်
၁။ ဘဝအဖော်မွန်များ ၁၀၇
၂။ တဏှာအဖော်မွန် ၁၀၈
၃။ ဓမ္မအဖော်မွန် ၁၁၁
၄။ ကာယဂတာသတိ ဘဝအဖော်မွန် ၁၁၃
၅။ တနေ့ အကြိမ်(၃၀)လက်တွဲရမည့် အဖော်မွန် ၁၁၄
၆။ ရယူလိုသော ဆုမြတ်ဆုထူး ၁၁၆
ကျော်သုံးကျော်နှင့် လှုရတနာဆရာတော် ၁၁၈
ရေးသားထုတ်ဝေ ပူဇော်ပြီးသော စာအုပ်များ ၁၂၆
မွေးနေ့ ဝိဇ္ဇာတမင်္ဂလာ ၁၂၉

# (က) ပုဒ္ဓပူဇာ အပိုင်း

## စွယ်တော်ရတနာစေတီ ဝန္ဒနာ

**စေတိယေ ဝရဒါဌဝ်၊ ဗုဒ္ဓဗိမ္ဗာနိ ဓာတုယော။**
**ပရိဘောဂ ပါဝစန်၊ နီဓာန် ပူဇယာ် ကတာ်။**
**အာဒရေန နမဿာမိ၊ ဒါဌာရတန စေတိယံ။**

၁။ မိစ္ဆာဇီဝ သက်မွေးမှုမှ ရှောင်ခဲ့ရသည့် ကုသလကြောင့် ကောင်းစွာမသေွ ရရှိပေသော သောက်ရှုးကြယ်၏ အရောင်ကိုပင် လွှမ်းမိုးလွန်ကျူး၍ လရောင်ကဲ့သို့ အထူးတင့်တယ် လွန်စွာစင်ကြယ် ဖြူဖွေးတောက်ပသော အရောင်တလက်လက် ပေါ်ထွက်သည့် လက်ဝဲ အောက်ဓာတ် စွယ်တော်မြတ်ကိုလည်းကောင်း။

ဘုရားရှင်၏အမိဋ္ဌာန်ချက်ဖြင့် ထားရစ်ခဲ့သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏ ဒဿနဂုဏ်တို့ဖြင့် မွှမ်းထုံအပ်သော မုန်ညင်းစေ့ငယ် အရွယ်ပမာဏ ရှိကြကုန်ပြား သရီရဓာတ်တော်များ ရဟန္တာအရှင်မြတ်တို့၏ **ဓာတ်တော်များ-ဓာတုစေတီ**ကိုလည်းကောင်း။

၂။ မုနိငါးမျိုး ခေါင်ကမိုး၍ တန်ခိုးရှိန်အား လွန်ကြီးမားသည့် မုနိသေဋ္ဌနင်း တရားမင်းဖြစ်သော မြတ်စွာဘုရားရှင်၏ အာခံတွင်း တော် ကြာတိုက်၌ စွဲပိုက်ဖြစ်ခြင်းကြောင့် အပြစ်ကင်းလတ် ကောင်းမြတ်ပေထသော ဝိနယ သုတ္တ ဘိဓမ္မ-ဟု ပိဋကသုံးလီ အမည် ရပြား ဗုဒ္ဓဟောကြား **တရားတော်များ-ဓမ္မစေတီ**ကိုလည်းကောင်း။

၃။ ဘုရားသဏ္ဍာန် ဤပုံဟန်ဟု မှန်းဆညာဏ်သွင်း သိရှိခြင်းငှါ ပုံဖော်ညွှန်းပြု သွန်းထုစီရင်အပ်သော ယခုထက်သိ တပည့်သာဝက ရှိကုန်ကြသည့် မုနိစောထီး ဝိပဿိသီစသော ဘုရားကိုယ်တော် မြတ်ကြီး ခုနစ်ဆူကုန်သော **ဆင်းတုရုပ်ပွား-ဥဒ္ဒိဿစေတီ**များကို လည်းကောင်း။

၄။ သစ္စာလေးဖြာ သိရှိရာဖြစ်သော မဟာဗောဓိပင်မှ မဟာဓိ ရွှေညောင်ရွက်များ သက်န်းတော်များ သံဝေဇနိယ လေးဌာနဒေသမှ အောင်မြေများအားဖြင့် **ဘုရားရှင် သုံးစွဲနေထိုင် သွားလာခဲ့သော ပရိဘောဂစေတီ**ကိုလည်းကောင်း။

ဤသို့လျှင် ဓာတု ဓမ္မ ဥဒ္ဒိဿနှင့် ပရိဘောဂမည် စေတီ လေးဆူမှ ကိန်းဝပ်စံပယ်တော်မူသော ထွန်းသစ် ကျောက်သံ ရွှေငွေ ရံလျှက် ကိုးပျံ့နဝရတ် စီခြယ်လတ်သည့် **"စွယ်တော်ရတနာ စေတီမြတ်"**ကို ရှိသေလှစွာ စေတနာဖြင့် သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

*(လှရတနာ ဆရာတော်)*

**ဆံတော်ရတနာစေတီ ဝန္ဒနာ**

**စေတိယေ အဋ္ဌကေသေဝါ၊ ဗုဒ္ဓဗိမ္ဗာနိ ဓာတုယော။**

**ပရိဘောဂ ပါဝစနံ၊ နိဓာနံ ပူဇယံ ကတံ။**

**ဗုဒ္ဓပါဒမ္ပိ ဝန္ဒာမိ၊ ကေသာရတန စေတိယံ။**

(၁) ကုသိုလ်ကောင်းမှု ကိစ္စအစု၌ လုထုပါအောင် ခေါင်းဆောင် ခဲ့ခြင်းကြောင့် ကောင်းစွာမသွေ ရရှိပေသော သင်းကျစ်တော် မဟုတ် မတရား မုသားပြောခြင်းမှ ရှောင်ကြဉ်ခဲ့ခြင်းကြောင့် ကောင်းစွာမသွေ ရရှိပေသော ဥဏ္ဏာလုံမွေးရှင်တော်တို့ ကိန်းဝပ်တည်ရှိရာ ဦးခေါင်း

တော်၌ ပေါက်ရောက်သော လက္ခဏာတော်ငယ် ခုနှစ်သွယ်တို့ဖြင့် ပြည့်စုံပေတတ် ဆံတော် မြတ်တို့ကိုလည်းကောင်း၊

ဘုရားရှင်၏ အမိန့်ဒဿနာချက်ဖြင့် ထားရစ်ခဲ့သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့် မွှမ်းထုံအပ်သော မုန်ညင်းစေ့ငယ် အရွယ်ပမာဏ ရှိကြကုန်ပြား သရီရ ဓာတ်တော်များ ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်များ **ဓာတု စေတီ**ကိုလည်းကောင်း၊

(၂) မုနိငါးမျိုး ခေါင်ကမိုး၍ တန်ခိုးရှိန်အား လွန်ကြီးမားသည့် မုနိသေဋ္ဌနင်း တရားမင်းဖြစ်သော မြတ်စွာဘုရားရှင်၏ အာခံတွင်း တော် ကြာတိုက်၌ စွဲပိုက်ဖြစ်ခြင်းကြောင့် အပြစ်ကင်းလတ် ကောင်းမြတ်ပေထသော ဝိနယ သုတ္တ ဘိဓမ္မဟု ပိဋကသုံးလီ အမည် ရပြား ဗုဒ္ဓဟောကြား တရားတော်များ **ဓမ္မစေတီ** ကိုလည်းကောင်း၊

(၃) ဘုရားသဗ္ဗညာန် ဤပုံဟန်ဟု မှန်းဆဉာဏ်သွင်း သိရှိခြင်းငှာ ပုံဖော်ညွှန်းပြ သွန်းထုစီရင်အပ်သော ဘဒ္ဒမည်သာ ဤကမ္ဘာဟု အခါ စာရင်း ဤအတွင်းဝယ် ကောင်းတင်းလှိုက်ဆူ ပွင့်တော်မူကြ ကုန်ပြီး သော ကကုသန်ဘုရား ကောဏာဂုမ်ဘုရား ကဿပဘုရား ဂေါတမ ဘုရား အားဖြင့် လေးဆူကုန်သော ဆင်းတုရုပ်ပွား= **ဥဒ္ဒိဿ စေတီ** များကိုလည်းကောင်း၊

(၄) သစ္စာလေးဖြာ သိရှိရာဖြစ်သော မဟာဗောဓိပင်မှ ဗောဓိရွှေ ညောင်ရွက်များသက်န်းများ သံဝေဇနိယ လေးဌာနဒေသမှ အောင်မြေ များအားဖြင့် ဘုရားရှင်သုံးစွဲ နေထိုင်သွားလာခဲ့သော **ပရိဘောဂစေတီ** ကိုလည်းကောင်း၊

(၅) တထောင်သော အကန့်အကွက် အကွပ်တံကူ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော

(၁၀၈)ကွက် စက်လက္ခဏာ မင်္ဂလာအမှတ်အသားပါရှိသော နှစ်ဖက်သော ခြေဖဝါးဟု ဆိုအပ်သော **ပါဒစေတီ**ကိုလည်းကောင်း၊

ဤသို့လျှင် ဓာတု ဓမ္မ ဥဒ္ဒိဿ ပရိဘောဂ ပါဒအားဖြင့် စေတီငါးဆူ ကိန်းဝပ်စံပယ်တော်မူသော ထွန်းသစ်ကျောက်သံ ရွှေငွေ ရံလျှက် ကိုးပျံနဝရတ် စီခြယ်လတ်သည့် **ဆံတော်ရတနာစေတီမြတ်**ကို ရှိသေလှစွာ စေတနာဖြင့် သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

*(လှုရတနာ ဆရာတော်)*

## မဟာဗောဓိဘုရားပေါင်ပင်ဝန္ဒနာ

**အဋ္ဌဝီသ ဗုဒ္ဓ ဘုတ္တံ၊ စတုစေတိယ မဏ္ဍိတံ။**
**မာရဇိနော ဓမ္မဓဇံ၊ ပရိဘောဂံ နမာမဟံ။**

၁။ တဏှင်္ကရာအစ ဂေါတမအဆုံး နှစ်ကျိပ်ရှစ်ဆူသော မြတ်စွာဘုရားရှင်တို့ သီတင်းသုံးနေထိုင်တော် မူအပ်ရာ နေရာဋ္ဌာနဖြစ်တော်မူသော။

၂။ ထူပါရုံဓာတုစေတီ,မော်ကွန်းကြေးပြား ဓမ္မစေတီ, နှစ်ကျိပ်ရှစ်ဆူ စကျင်ကျောက်သား ဗုဒ္ဓရုပ်ပွားတော်များ ဥဒ္ဒိဿစေတီ, ဗုဒ္ဓခြေတော်ရာ ပါဒစေတီအားဖြင့် ကိုးကွယ်အားထားရာ စေတီ(၄)ဆူတို့ဖြင့် တန်ဆာဆင်ယင် ပူဇော်ထားသော။

၃။ ဒေဝပုတ္တ ကိလေသနှင့် အဘိသင်္ခါရ ခန္ဓ မစ္စု ငါးခုသောမာရ်တွင်းပရန်ကို မကျန်ကုန်စင် အောင်မြင်တော်မူသော မြတ်စွာဘုရားရှင်၏ တရားတည်းဟူသော အလံတံခွန်ဖြစ်တော်မူသော။

၄။ မြတ်စွာဘုရားရှင်သည် ရန်မျိုးစုံကို အောင်မြင်ခဲ့ရာ ဝိပဿနာ

ပွားများခဲ့ရာ ဘုရားအဖြစ်သို့ရောက်ခဲ့ရာ ဖလသမာပတ် ဝင်စားခဲ့ရာ သီတင်းသုံးနေထိုင်ခဲ့ရာအားဖြင့် အသုံးပြုတော်မူခဲ့ခြင်းကြောင့် ပရိဘောဂစေတီ ဖြစ်တော်မူသော မဟာဗောဓိညောင်ပင်မြတ်ကို တပည့်တော်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

(လှရတနာ ဆရာတော်)

သက်ရှည်ကျန်းမာ၊ လိုရာဆန္ဒ၊ မှန်သမျှကို၊ ပြည့်ဝစေပြီး
အမှောင့်ပယောဂ–ဟူသမျှကို ပယ်ရှားနိုင်လျက်
နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်ပေါ်ပြ
'နာညတြ ဗောဇ္ဈာ ဂါထာ အလင်္ကာ'

**နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယ သံဝရာ။**
**နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။**

**(၁) သမ္ဗာသမ္ဗုဒ္ဓ၊ အနုတ္တရဟု ဗုဒ္ဓမြတ်ဘုရား၊ ဟောမိန့်ကြားသည့်၊ ခုနှစ်ပါးကျင့်စဉ်၊ သမ္ဗောဇ္ဈင်ဟု၊ ဂုဏ်အင်ကြီးဘိ၊ သတိဓမ္မ၊ ဝီရိယ, ပီတိ၊ ပဿဒ္ဓိနှင့် သမာဓိ, ဥပေက္ခာ၊ ခုနှစ်ဖြာကို၊ ဖဲခွာရှောင်ရှား၊ မရှုပွားက၊ အများသတ္တဝါ၊ ဝေနေယျာတို့၊ ချမ်းသာသုခ၊ ရဖို့အရေး၊ အလွန်ဝေး၏"၊**

**(၂) ညစ်ကြေးယုတ်မာ ကိလေသာတို့ ကောင်းစွာခွာလင့်၊ ဓုတင်ကျင့်ကို၊ မကျင့်ပါပဲ၊ ရှောင်ကြဉ်ဖဲက၊ ဆင်းရဲလှစွာ၊ သတ္တဝါတို့၊ ချမ်းသာသုခ၊ ရဖို့အရေး အလွန်ဝေး၏။**

**(၃) ငြိမ်းအေးစေမှု၊ စက္ခု, သောတ၊ ဃာန, ဇိဝှါ၊ နှစ်ဖြာကိုယ်စိတ်၊ ဆို့ပိတ်ဣန္ဒြေ၊ မစောင့်လေက၊ တွက်ရေများစွာ၊ နတ်ပြဟ္မာတို့၊ ချမ်းသာသုခ၊ ဘယ်မှာရလိမ့်၊**

**(၄) ဘဝသံသရာ အစဉ်ပါဘိ ကိလေသာ အနန္တ၊ သဒ္ဓါရတို့၊ စွန့်ချရာမှန်၊ မြတ်နိဗ္ဗာန်ကို၊ စေန်ဖယ်ရှား၊ ကြည့်ရှုထားက၊ အများသတ္တဝါ၊ ဝေနေယျာတို့၊ ချမ်းသာသုခ၊ ဘယ်မှာရလိမ့်၊**

**(၅) ဗုဒ္ဓဉာဏ်တွင်၊ ဘယ်မမြင်ဟု၊ ဗောဇ္ဈင်သတ္တ၊ မြတ်ဓမ္မသာ၊ ဒုက္ခငြိမ်းကြောင်း၊ တရားကောင်း စင်စစ်၊ အမှန်ဖြစ်ဟု၊ ရှင်ချစ်ဘုရား၊ ဟောညွှန်ကြားသည့်၊ ခုနစ်ပါးဗောဇ္ဈင်၊ စွမ်းရည်တည်း။** *(ဆားလင်းကြီးဆရာတော်)*

❃❃❃❃❃

## နာဉတြဂါထာ ဝဏ္ဏနာ

**နာဉတြ ဗောဇ္ဈာ တပသာ၊ နာဉတြိန္ဒြိယ သံဝရာ။**
**နာဉတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။**

**ဗောဇ္ဈာ၊** သတိစသား ဗောဇ္ဈင်(၇)ပါးတို့ကို ဝိပဿနာဉာဏ်ပညာနှင့်တကွ ကောင်းစွာ ရှုမှတ်ပွားများခြင်းကို၊ **အညတြ၊** ကြဉ်ဖယ်ထား၍၊ **ပါဏိနံ၊** လူနတ်ဗြဟ္မာ သတ္တဝါတို့၏။ **သောတ္ထိံ၊** ချမ်းသာရာ ချမ်းသာကြောင်း တရားကောင်းကို။ **န ပဿာမိ၊** ငါဘုရားပင် မြင်တော်မမူချေ။

၂။ **တပသာ၊** အကုသိုလ်ကို လောင်မြိုက်ပေတတ် တရားမြတ်ဖြစ်သော ဒါန သီလာ ဘာဝနာနှင့် မုတင်အကျင့် ကျင့်သုံးခြင်းကို။ **အညတြ၊** ကြဉ်ဖယ်ထား၍။ **ပါဏိနံ၊** လူနတ်ဗြဟ္မာ သတ္တဝါတို့၏။ **သောတ္ထိံ၊** ချမ်းသာရာ ချမ်းသာကြောင်း တရားကောင်းကို။ **န ပဿာမိ၊** ငါဘုရားပင် မြင်တော်မမူချေ။

၃။ **ဣန္ဒြိယသံဝရာ၊** မျက်စိစသား ဣန္ဒြေ(၆)ပါးတို့ကို သတိတရား လက်ကိုင်ထားလျက် စောင့်စည်း ထိန်းချုပ် ခြင်းကို။ **အညတြ၊** ကြဉ်ဖယ်ထား၍။ **ပါဏိနံ၊** လူနတ်ဗြဟ္မာ သတ္တဝါတို့၏။

**သောတ္တိ၊** ချမ်းသာရာ ချမ်းသာကြောင်း တရားကောင်းကို။ **န ပဿာမိ၊** ငါဘုရားပင် မြင်တော်မမူချေ။

၄။ **သဗ္ဗနိဿဂ္ဂါ၊** ရုပ်နာမ်ဓမ္မ သင်္ခါရတို့ စွန့်ချရာမှန် မြတ်နိဗ္ဗာန်ကို။**အညတြ၊** ကြဉ်ဖယ်ထား၍။ **ပါဏိနံ၊** လူနတ်ပြဟ္မာ သတ္တဝါတို့၏။ **သောတ္တိ၊** ချမ်းသာရာ ချမ်းသာကြောင်း တရားကောင်းကို။ **န ပဿာမိ၊** ငါဘုရားပင် မြင်တော်မမူချေ။

**ဣတိ ဧဝံ၊** ဤသို့လျှင်။ **ဒေသကာ၊** ဒုက္ခရောက်ပြား သုံးပြဟ္မနတ်သားအား ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူသော။ **ဘဂဝန္တံ၊** လောကထွဋ်တင် ဘုရားရှင်ကို။ **ဝန္ဒေ ဝန္ဒာမ၊** တရားဟော တရားနာ ဘေးရန်ကွာ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေကြောင်း မေတ္တာလောင်းလျှက် ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရှိသေလှစွာ ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။ *(လှရတနာဆရာတော်)*

❁❁❁❁❁

## နှစ်ကျိပ်ရှစ်ဆူ ဗောဓိပင် တေးထပ်

၁။ တဏှင်္ကရာ မြတ်ဘုရား၊ မှတ်သားကြ စရည်းပင်၊
ဗောဓိမြတ်ပေါက်ပင်၊ မေဓင်္ကရာ ပွင့်သွား။
သံသတ်လို့မည်ထူးတွင်၊ သရဏင် ပွင့်တော်မူငြား၊
ညောင်ကြပ်တဲ့သည်ပင်မှာ၊ ဒီပင်္ကရာ ဘုရား။
ကောဏ္ဍဉ်မှာ ကြောင်လျာထား၊ မှတ်သားတော့ ကံ့ကော်။
မင်္ဂလ-သုမန၊ ရေဝတ သောဘိတ. . . နော်။
မြတ်ဘုရား လေးဆူပေါ်၊ အနော်မာ ဒဿီက၊
ထောက်ကြံ့ပ မှတ်စရာ၊ ပဒုမ နာရဒါ။
ကြောင်လျှာ၌ ပွင့်ကြပါသည်၊ ပဒုမုတ္တရာ ထင်းရှူးတဲ့လေး။
သုမေဓ တမာတွင်၊ မအူကြီးပင် တနည်းပလေး။

၂။ သုဇာတမြတ်ဘုရား၊ ကြွခတ်ဝါးပွင့်ရာ၊
ပီယဒသီ မသွေထက်စွာ၊ ရေခံတတ်မှာ ပွင့်သွား။
အတ္ထဒသီ ဘုရားရှင်၊ စကားပင် ပွင့်ပေါ်၍သွား၊
ဓမ္မဒသီ မဂ်လမ်းဝင်၊ မျက်နှာပန်းပင် မှတ်သား။
သိဒ္ဓတ်မှာ စာပေထား၊ မဟာလှေကား ပွင့်ရာ။
တိဿရှင် ပန်းပိတောက်၊ ထွန်းတောက်လို့ ဖုဿမြတ်စွာ၊
ရှိရှား၌ပွင့်ကာ၊ ဝိပဿီမှာ သခွပ်ပ။
ဖြူဆွတ်တဲ့ သရက်လျှင်၊ သိခီအရှင်၊
ဝေဿဘူ အင်ကြင်းပင်၊ ကကုရှင် ကုက္ကိုတဲ့လေး။
ကောဏာဂုံ ရေသဖန်းပင်၊ မသွေတမ်းလျှင် ပွင့်ပေါ်ခဲ့သေး၊
ကဿပ ပညောင်ရုက္ခ၊ ညောင်ဗုဒ္ဓဟော ဂေါတမတဲ့ လေး။

*(ဓမ္မမိတ္တ-ပေါက်ခေါင်း)*

**လှုရတနာကျောင်းတွင် တည်ထားသော**
**ဓာတ်, ဓမ္မ, ဥဒ္ဒိဿ, ပရိဘောဂ, ပါဒအားဖြင့်**
**စေတီ(၅)ဆူ ကန်းဝပ်စံပယ်တော်မူသည့်**
**ဆံတော်ရတနာ–စေတီတော်ဖွဲ့ ရတုပိုဒ်စုံ**

၁။ ဆံတော်ရတနာ၊ နှစ်ဆူလှာ၍၊ ပူဇာခံမြောက်၊ ပင့်ခါရောက်ခဲ့၊ ထွန်းတောက်သာသနာ၊ လင်းလင်းဖြာသား၊ ဩဇာတည်ပွင့်၊ ဆံတော်ပင့်သည်၊ ခါသင့်ချိန်မှန်း၊ ထိန်ထိန်လျှမ်း၍၊ သိဟ်ဆင်္ဂဋ္ဌုန်၊ ဒွါဒကြုံခိုက်၊ ရွှေဂုံနဂရာ၊ ချက်ဗေါချာဝယ်၊ ပညာရောင်ဖုံး၊ ခေါင်အဆုံးဟု၊ ညောင်တုန်းရာမာ၊ လှုရတနာတွင်၊ နာရဒါဘိ၊ ကဝိဉာဏ်မြင်၊ ထေရ်အရှင်အား၊ တိုင်းကားပြည်သူ၊ များရင်လူတို့၊ အတူဖူးမြော်၊ အခွင့်လျော်အောင်၊ ဗန်းမော် ထေရ်ပြတ်၊ ထေရ်ဥက္ကဋ္ဌမှ၊ နှင်းအပ်ပူဇော်၊ ဖူးမြင်မြော်သည်၊ ဆံတော်ရောင်ရှင် မြူးလို့သော်။ ။

၂။ ဉာဏ်တော်မဟာ၊ မြင့်ရှည်စွာကား၊ ဝိသာအဂ္ဂ၊ ဉာဏ်တွက်ဆ၍၊ လက်မနှစ်ဆယ်၊ အကျယ်ထုပြက်၊ ပလ္လင်ချက်နှင့်၊ ကိုးလက်မထား၊ ရွှေသားစေတီ၊ မျက်မြတ်စီ၍၊ သရီရဓာတ်၊ ဆံတော်မြတ်နှင့်၊ ပိဋကတ်ရွှေစာ၊ မဟာသံဝေ၊ အောင်မြေလေးစု၊ ရုပ်ထုတော်မြ၊ ကျောက်စိမ်းလှနှင့်၊ တကွသွင်းခါ၊ လင်္ကာသီရိ၊ ဗောဓိရွှေရွက်၊ ရွှေရောင်လက်၍၊ ကွန်ယက်ရွှေတွင်း၊ ရွှေမြခင်း၍၊ ရွှေတလင်းမံ၊ သွင်းနှံပြုစု၊ ဓာတု, ဓမ္မ၊ ဥဒ္ဒိဿ, ပရိ ဘောဂပြည့်ညီ၊ စေတီလေးတန်၊ နက်သန်ပါဒ၊ ငါးဆူပြလျှက်၊ ပေါင်းထည်ညီညာ၊ ဌပနာ၍၊ ရတနာစေတီ၊ ရတနာစီလျှက်၊ ရတီမြည်ညာ၊ လှရတနာတွင်၊ လှစွာဖူးမြော်၊ များပူဇော်သည်၊ မြန်ပေါ်တခွင် ထူးလို့သော်။

၃။ ကြံသော်မကြာ၊ အောင်မြင်ပါပြီ၊ ရွှေစေတီအား၊ ရွှေရည်ညီးမောက်၊ အပြီးရောက်အောင်၊ ချီးမြှောက်ညွှန်ပြ၊ သင်ဆုံးမသည့်၊ လှရတနာ၊ နာရဒါဘိဝံသ၊ ထေရ်မြတ်လှနှင့်၊ ပုညသဟာယ၊ ဗုဒ္ဓဂယာ၊ ဖွဲ့မဟာတို့၊ များစွာကောင်းမှု၊ ပေါင်းကာပြုသည်၊ တစ်စုထိုမှ၊ များလှနှင်နှင်၊ ကောင်းမှုရှင်များ၊ လွန်ထင်ရှား၏၊ ရွှေများစွာပြု၊ ရွှေ-ရွှေဥသည့်၊ ရာစုအသစ်၊ ရွှေအနှစ်နှင့်၊ ထုဆစ်ပုံဖော်၊ မဟော်ကဝိန်၊ ပန်းထိမ်ပညာ၊ ဆရာထွန်းသိန်း၊ ပြီးငြိမ်းအောင်ပြု၊ လက်ရာနုနှင့်၊ လူထုအများ၊ ခုနှစ်ရက်သားတို့၊ တည်ထားပေါင်းစု၊ မြတ်ကောင်းမှုကြောင့်၊ ဓာတု, ဓမ္မ,၊ စသည်ငါးတန်၊ မွေ့လျှော်စံသည့်၊ ဆံတော်ရတနာ၊ ဘွဲ့မည်သာသော၊ မင်္ဂလာစေတီ၊ အရှည်တည်လျှက်၊ ဤမည်ကောဇာ၊ ထောင့်သုံးရာဆီ၊ ခွန်- ငါးမို၍၊ ရာသီပြိဋ္ဌာ၊ ဝေါဟာရွှန်းပြောင်၊ လတန်ဆောင်မုန်း၊ ကျော်ဆယ့်သုံးဟု၊ ရှင်ပြုံးသာမွေ့ စနေနေ့တွင်၊ ချမ်းမြေ့သာယာ၊ အနေကဇာတင်၊ ပွဲကြီးယင်၏၊ အထင်ကရ ဤပုညကြောင့်၊ ဒုက္ခမီးလျှံ၊ ငြိမ်းရာမှန်သည်၊ နိဗ္ဗာန်သောင်ခွင် ကူးဘို့သော်။ ။

*သီရိန် (ပေါက်ခေါင်း)*

*၃၀-၁၁-၂၀၁၃*



# (ခ) ဓမ္မပူဇာ အပိုင်း

## ဗောဓိပက္ခိယ ဓမ္မစေတီ တည်ထားခြင်း

### ရွှေပြသာဒ်နှင့် ဗုဒ္ဓစွယ်တော်

ဒီနေ့ဟာ သာသနာအတွက် အလွန် ကျက်သရေမင်္ဂလာရှိတဲ့ အခါတော်နေ့ပါပဲ၊ ကျက်သရေမင်္ဂလာ အခါတော်ရှိတာကို စောစောပိုင်းကလည်း အခမ်းအနားမှူးက ကြေညာသွားတယ်၊ သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ဟာ မြန်မာ ပြည်၊ ရန်ကုန်မြို့ ပါဠိတက္ကသိုလ်၊ ညောင်တုန်း ကျောင်းတိုက်၊ လှရတနာကျောင်းသို့ ကြွရောက် လာတဲ့နှစ် ၁၀-နှစ်ပြည့် အခမ်းအနားနဲ့ တိုက်တိုက် ဆိုင်ဆိုင်ပဲ စွယ်တော်ရတနာစေတီအား ရွှေပြသာဒ် မှန်ကျောင်းဆောင် လှူဒါန်းခြင်းကာလဒါန ဝိဟာရဒါန မဟာမင်္ဂလာ အခမ်းအနား ဖြစ်လို့ပါပဲ၊ စေတီပဲတည်တည်၊ ကျောင်းပဲ ဆောက်ဆောက် ၁၀-နှစ်ထိရောက်ဖို့ဆိုတာ မသေချာပါဘူး၊ ၁၀-နှစ်အထိရောက်ဦးတော့ ထိုကျောင်းအား အသစ်မွမ်းမံပြင်ဆင်ပြီးတော့ လှူဒါန်းခွင့်ရဖို့ ဆိုတာလည်း မလွယ်လှပါဘူး၊ ၁၀-နှစ်အတွင်းမှာပဲ ဒီစွယ်တော် ရတနာစေတီ ဘုရားဒကာ၊ ဘုရားအမ စွယ်တော်ရတနာစေတီ ကိန်းဝပ်ခဲ့တဲ့ ကြေးပြသာဒ် မှန်ကျောင်း

ဆောင် ဘုရားဒကာ၊ ဘုရားအမ အချို့ဟာ ကွယ်လွန်အနိစ္စ ရောက်သွားကြရ ရှာပါပြီ။ ခု ဒီမဟာမင်္ဂလာအခမ်းအနား တက်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေကတော့ စွယ်တော် ရတနာစေတီ တည်ခဲ့ရုံတင်မက စွယ်တော်ရတနာစေတီ ပထမသီတင်းသုံးခဲ့တဲ့ ပြဿာဒ် မှန်ကျောင်းဆောင် လှူဒါန်းခဲ့ကြတယ်။ ၁၀-နှစ်ကြာ တဲ့အခါမှာတော့ မူလ လှူထားတဲ့ကြေးပြဿာဒ် မှန်ကျောင်းဆောင်ဟာ သင်္ခါရသဘောတရားအရ ပျက်စီးစပြုလာခဲ့ပါပြီ။

ဒါနဲ့ပဲ ဂေါပကတွေက ဦးဆောင်ပြီးတော့ ၇-ရက်သားသမီး အများကောင်းမှုဖြင့် စောစောပိုင်းက ဥက္ကဋ္ဌ ဖတ်ကြားတဲ့အတိုင်း ရွှေပြဿာဒ် မှန်ကျောင်းဆောင် လှူဒါန်းခွင့်ရလိုက်တာကတော့ တက်ရောက်လာတဲ့ ဘုရားဒကာ၊ ဘုရားအမ၊ ကျောင်းဒကာ၊ ကျောင်းအမတွေအဖို့ အလွန် ဝမ်းမြောက်ဝမ်းသာ ကြည်နူး စရာကောင်းတဲ့ နေ့ပါပဲ ကိုယ်တိုင်ပဲ မိမိတို့ မိသားစုအနေနဲ့ ခံစားကြည့်လိုက်စမ်းပါ ကိုယ်ပိုင်ခြံဝန်းထဲမှာ ကိုယ်စိတ်တိုင်းကျဒီဇိုင်းနဲ့ တိုက်သစ်ဆောက်လုပ်ပြီးသွားပြီ။ သိန်းထောင်နဲ့သောင်းနဲ့ ချီပြီးတော့ ကုန်တဲ့တိုက်သစ် အဲဒီ တိုက်သစ်တက်ပွဲမှာ ပိုင်ရှင်ဟာ ဘယ်လောက်များ ဝမ်းသာလိုက်မလဲ၊ သံဃာတော် အရှင်သူမြတ်တွေ ပင့်ဖိတ်ပြီးတော့ တိုက်သစ်ဖွင့်ပွဲတွေ ကျင်းပမယ်။ မိတ်ဆွေအပေါင်းအသင်းတွေ ဖိတ်ပြီးတော့ မိမိကိုယ်ပိုင် ခြံဝန်းထဲမှာ ကိုယ်ပိုင်ဒီဇိုင်းနဲ့ဆောက်ထားတဲ့ အိမ်ဟာ လှပြီးတော့ ကြည့်တဲ့ပုဂ္ဂိုလ်တွေအတွက် အစား အသောက်မျိုးစုံနဲ့ ကျွေးမွေး ဧည့်ခံတဲ့ အချိန်မှာ အဲဒီတိုက်သစ်ပိုင်ရှင် ဘယ်လောက် ဝမ်းသာ ဖြစ်လိုက်မလဲဆိုတာ ကိုယ်တိုင်ခံစားကြည့်ရင် သိနိုင်ပါလိမ့်မယ်။ အမွေရလို့ ခြံထဲတိုက်ထဲနေတဲ့ ပုဂ္ဂိုလ်တွေ ဒီလိုခံစားမှုမျိုး မသိနိုင်ဘူး၊ သူများ ခြံဝန်း သူများအိမ်ရာတွေမှာနေတဲ့ ပုဂ္ဂိုလ်တွေ မသိနိုင်ဘူး၊ ကိုယ်ပိုင်ခြံဝန်းနဲ့ ကိုယ်ပိုင်ဒီဇိုင်းနဲ့ စိတ်တိုင်းကျဆောက်ထားတဲ့

အိမ်သစ်တိုက်သစ် တက်ပွဲမှာ အဲဒီအိမ်ပိုင်ရှင်ဟာ ဘယ်လောက် ဝမ်းသာကြည်နူးလိုက်မလဲဆိုတာကတော့ ကာယကံရှင်တွေမှပဲ သိနိုင်ပါလိမ့်မယ်။

ကိုယ်ပိုင်မဟုတ်တဲ့ပုဂ္ဂိုလ်တွေ မသိနိုင်ပါဘူး။ ဘုန်းဘုန်းတို့ နီးရာပဲပြောကြပါစို့။ စောစောပိုင်းက ဥက္ကဋ္ဌကြီးရဲ့ ကိုယ်ပိုင်ခြံဝန်းထဲကို ဘုန်းဘုန်းတို့ ရောက်ခဲ့ရပါတယ်။ ကာယကံရှင်အတွက်တော့ ထားလိုက်ပါတော့ မပြောလိုပါဘူး။ ဘုန်းဘုန်းတို့ အနေနဲ့တော့ အတိုင်းအတာတစ်ခုလောက်ပဲ ဝမ်းသာပါတယ်။ လွန်လွန် ကဲကဲကြီး ဝမ်းမသာပါဘူး။ ဒို့ရဟန်းဒါယကာကြီး ကာမာဝစရ ကုသိုလ် အကျိုး ပေးလို့ ကိုယ်ပိုင်ခြံဝန်းတိုက်သစ်နဲ့ နေနိုင်တယ်။ ကိုယ်ပိုင်ဒီဇိုင်းနဲ့ပဲ ဒီလောက်ပါပဲ ဒီထက်မပိုပါဘူး။ နောက် စွယ်တော်ရတနာစေတီ ဘုရားအမဖြစ်တဲ့ ဒေါ်ရွှေဥရဲ့ခြံဝန်းထဲက တိုက်သစ်တက်ပွဲ ပင့်လို့ လည်း ဘုန်းဘုန်းတို့ ရောက်ခဲ့ရတယ်။ ခုနကအတိုင်းလောက်ပဲ ဝမ်းသာပါတယ်။ ဩော် - ရဟန်းအမ ဘုရားအမ ကာမာဝစရ ကုသိုလ်ကံ အကျိုးပေးတဲ့အတိုင်း တိုက်သစ်နဲ့ နေရပါလား၊ ဒီထက် မပိုပါဘူး၊ မလဲ့တို့ရဲ့အမျိုးပိုင်တဲ့ သက်န်းကျွန်းက အလွန်ကြီးကျယ် ခမ်းနားတဲ့ တိုက်သစ်ကြီးပါပဲ။ နိုင်ငံခြားဇာတ်ကားတွေမှာပါတဲ့ အတိုင်းပါပဲ အဲလောက်ကြီးကျယ်ခမ်းနားတဲ့ တိုက်သစ်တက်ပွဲကြီး အနေကဇာတင်တော့လည်း တိုက်သစ်ပိုင်ရှင်တွေ ကာမာဝစရ ကုသိုလ်ကံ အကျိုးပေးကောင်းတာပဲ။ ဒီလောက်ပဲ ဒို့ထက် ပိုပြီးတော့ ဝမ်းသာမှုမဖြစ်ပါဘူး။ အဲတော့ ငါ့ကျောင်းမဟုတ်လို့ သူများပိုင်ဆိုင်တဲ့ တိုက်သစ်တွေမို့လို့ ဝမ်းသာမှုအတိုင်းအတာ ကန့်သတ်ချက် ဖြစ်သလားဆိုတော့ မဟုတ်ပါဘူး။ ညောင်တုန်းတိုက်ထဲမှာ အကောင်းဆုံးဆိုတဲ့ ကျောင်းတွေဟာ ဘုန်းဘုန်းနေခဲ့တဲ့ ကျောင်းတွေချည်းပါပဲ၊ ခု ဦးချစ်အေးရဲ့ သာသနာ့မဏ္ဍိုင်သိမ်ကျောင်း အသစ်စက်စက်ဟာ

ထိုအချိန်က ညောင်တုန်းတိုက်ထဲမှာ အကောင်းဆုံးကျောင်းပါပဲ လှုရတနာကျောင်း မပေါ်သေးပါဘူး။ အဲဒီအကောင်းဆုံးကျောင်း သာသနာ့မဏ္ဍိုင်ကျောင်း ရေစက်ချပွဲတုန်းကလည်း ဩော် ငါနေရတဲ့ ကျောင်းက ဒို့တိုက်ထဲမှာ အကောင်းဆုံးကျောင်းဆိုပေမဲ့ ဒီလောက် ကြီးလဲ ဝမ်းသာမှုမဖြစ်ပါဘူး၊ ရှေ့ဘဝတုန်းက ကျောင်း တွေလှူခဲ့လို့ အကောင်းဆုံးကျောင်းသစ်မှာ နေထိုင်ရတာပဲလို့ ဒီလောက်ပါပဲ။ နောက် လှုရတနာကျောင်း ပေါ်လာတယ်။ အဲဒီအချိန် အခါက နောက်ဆုံးကျောင်းပါပဲ။ သုံးထပ်တိုက်ဖြစ်ပြီး ဘုရားခန်းတွေ ဘုရားတွေကို စိတ်တိုင်းကျ ဘုန်းဘုန်းကိုယ်တိုင်ပဲ စီစဉ်တယ်။ အဲဒီ အချိန်က ညောင်တုန်းတိုက်ထဲက အကောင်းဆုံး လှုရတနာ ကျောင်း တက်ပွဲကို ရေစက်ချလက်ခံတော့လည်း ဒီလောက်ကြီး လွန်လွန် ကဲကဲကြီး ဝမ်းသာမှုပီတိ မဖြစ်ဘူး။ ကျောင်းဒကာ ကျောင်းအမတွေ သိန်းရာနဲ့ချီပြီးတော့ကို စေတနာ ထက်ထက်သန်သန်နဲ့ လှူဒါန်း ခဲ့တာပဲ။

ဒါလည်း ဒီထက်မပိုဘူး။ ဘာဖြစ်လို့ ဒီထက်မပိုလဲ? ဒီထက် ပိုလို့လည်း မသင့်တော်ဘူး။ ဟာ - ငါနေရတဲ့ သာသနာ့မဏ္ဍိုင် သိမ်ကျောင်းက ညောင်တုန်းတိုက်ထဲမှာ အကောင်းဆုံးကျောင်းလို့ စွဲလမ်းနေရင် ကျောင်းစွဲသေတဲ့ ဘုန်းကြီးက ပြိတ္တာကြီးဖြစ်မှာ၊ လှုရတနာသုံးထပ်ကျောင်း ရေစက်ချတော့လည်း အကောင်းဆုံး ကျောင်းဖြစ်ပေမဲ့ လွန်လွန်ကဲကဲ ဝမ်းသာမှုမဖြစ်ဘူး။ ခုနကပြောတဲ့ အတိုင်း ဟာ - ငါနေရမဲ့ လှုရတနာ သုံးထပ်ကျောင်းကြီးက ညောင်တုန်းတိုက်ထဲမှာ အကောင်းဆုံးကျောင်းပဲလို့ စွဲနေရင် အဲဒီ ကျောင်းစွဲတဲ့ ကျောင်းဘုန်းကြီးပျံလွန်တော်မူရင် အဲဒီကျောင်းမှာ တစ္ဆေသရဲ ပြိတ္တာအကြီးစားကြီးဖြစ်မှာ၊ အဲဒါသိနေတော့ ကိုယ်လှူတဲ့ ကျောင်းဖြစ်ဦးတော့ ကိုယ်နေရမဲ့ ကျောင်းဖြစ်ဦးတော့ အကောင်းဆုံး

ကျောင်းဖြစ်ဦးတော့ ဝမ်းသာမှုပီတိဟာ အကန့် အသတ်ပဲဖြစ်ခဲ့ရတာပါပဲ။ စွယ်တော်ရတနာ စေတီအတွက် လွန်ခဲ့တဲ့ ၁၀-နှစ်က ကြေးပြဿာဒ် မှန်ကျောင်းဆောင်ကြီး ဖြစ်ပေါ်လာတော့ ခုနကပြောတဲ့ သာသနာ့မဏ္ဍိုင်ကျောင်း၊ လှုရတနာကျောင်း ရေစက်ချပွဲထက်ကို ပိုပြီးတော့ ဝမ်းသာမှု ပီတိဖြစ်ရတယ်။ ဒီကြေးပြဿာဒ်မှန်ကျောင်းဆောင်က ခုနကလို ငါ့ဟာ ငါ့ကျောင်းဆိုတဲ့ အတ္တစွဲမရှိဘူး။ ကိုယ်က လှူတာဆိုတော့ ဘုရားပိုင်တဲ့ ကျောင်းပဲကြည့်ပြီးတော့ တစိမ့်စိမ့် ပီတိတွေ ဖြစ်ရတယ်။ အကယ်၍ ဒီကြေးပြဿာဒ် မှန်ကျောင်းဆောင် မပါဘူးဆိုရင် အာမခံသေတ္တာကြီးက အမြင်မတော်ဘူး။ ကြေးပြဿာဒ်မှန် ကျောင်းဆောင်နဲ့ ဆင်သပေးလိုက်တော့ အာမခံ သေတ္တာလည်း မမြင်ရတော့ပဲ စွယ်တော်ရတနာ စေတီနဲ့ လိုက်ဖက်တဲ့ ကျောင်းဆောင်လည်း ဖြစ်သွားတော့ အလွန်ဝမ်းသာရတယ်။ ဒါက လွန်ခဲ့တဲ့ ၉-နှစ်ကျော်က ဖြစ်ခဲ့တဲ့ ပီတိပါ။

စွယ်တော်ရတနာ စေတီ ၁၀-နှစ်မြောက် ရောက်လာတဲ့အခါမှာတော့ ခုနစ်ရက်သားသမီး အများကောင်းမှုဖြင့် ရွှေပြဿာဒ်မှန် ကျောင်းဆောင်ရောက်တော့ လွန်ခဲ့တဲ့ ၉-နှစ်ကျော်က လှူဒါန်းခဲ့တဲ့ ကြေးပြဿာဒ်မှန်ကျောင်းဆောင်ထက် ဒီဟာက ပိုပြီးတော့ ခမ်းနားထည်ဝါ ပြီဆိုတော့ ပိုပြီးတော့ ဝမ်းသာမှုပီတိတွေ ဖြစ်ရတယ်။ ငါ့ဟာ ငါ့ဟာဆိုတဲ့ အစွဲအတ္တ မပါတော့ဘူး။ ဘုရားကိုလှူလိုက်ပြီဆိုတော့ ဗုဒ္ဓသန္တက ပစ္စည်းဆိုတော့ ပူဆွေးစရာလည်းမလိုဘူး။ အဲတော့ ဘုရားဒကာ ဘုရားအမတွေ ပီတိဖြစ်သလို ဘုန်းဘုန်းတို့အနေနဲ့လည်း အတိုင်းမရှိ ဝမ်းသာမှုပီတိတွေ ဖြစ်ခွင့်ရတယ်။ ရွှေပြဿာဒ် မှန်ကျောင်းဆောင်အတွက် ခုပြောလိုက်တဲ့အတိုင်း ကိုယ်ပိုင်ခြံဝန်းနဲ့ ကိုယ်ပိုင်တိုက်သစ် မှာနေရတဲ့ ပုဂ္ဂိုလ်တွေထက် ရွှေကျောင်းဆောင်နဲ့

စွယ်တော်ရတနာစေတီကို လှူဒါန်းလိုက်တဲ့ ကုသိုလ်က ကျောင်းဒကာ ကျောင်းအမတွေ အနေနဲ့ အတိုင်းထက်အလွန် တံခွန်နဲ့ဘုရား ဆိုတဲ့အတိုင်း ပိုပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ ခုနက ပြောခဲ့တဲ့ တိုက်သစ်ပိုင်ရှင်တွေ အနေနဲ့တော့ ငါ့တိုက် ကောင်းတယ်။ ငါ့သားသမီး မြေးမြစ်တွေဆိုတဲ့ ငါစွဲတွေနဲ့ ဝမ်းသာကြတယ်။ ပီတိ ဖြစ်ရတယ်။ အဲ့ဒီ ငါစွဲတွေဟာ သေခါနီးကျတော့ ဒုက္ခပေးမဲ့ဟာတွေပါ၊ အိမ်ကောင်းရင် ကောင်းသလောက် တိုက်ကောင်းရင် ကောင်းသ လောက် သားသမီး မြေးမြစ်တွေအပေါ် သံယော ဇဉ်ရှိရင် ရှိသလောက် ဆင်းရဲဒုက္ခတွေ ပို့ဆောင်ပေးမဲ့ အိမ်သစ်ခြံသစ် တိုက်သစ်တွေပါပဲ။

စွယ်တော်ရတနာစေတီ ရောက်တော့ ရွှေနဲ့ မှန်ပြဿာဒ်နဲ့ လှူဒါန်းတာ ရောက်တော့ မစွဲဘူး၊ မစွဲဘူးဆိုတော့ ဒီကုသိုလ်ပီတိက ကိုယ်အာရုံပြုရင် ပြုသလောက် အကျိုးပေးပြီးတော့ အထက် နတ်ပြည် သုဂတိသို့ ပို့ဆောင်ပေးသွားမှာပါပဲ။ စောစောပိုင်းက ဥက္ကဋ္ဌကြီး ကြေငြာတဲ့ အထဲမှာ လွန်ခဲ့တဲ့ ၉-နှစ်ကျော်က ၇-ရက်သား သမီး အများကောင်းမှုဆိုပေမဲ့ အဓိကအလှူရှင် တွေကတော့ ဗုဒ္ဓဂယာ အဖွဲ့ပဲ လှူဒါန်းသွားတာပါပဲ။ ရွှေပြဿာဒ် မှန်ကျောင်းဆောင်အတွက် လည်းပဲ လွန်ခဲ့တဲ့ ၉-နှစ်လောက်က လှူဒါန်းခဲ့တဲ့ ဂုဏ်ပြုလွှာကိုပဲ ဖတ်ပြပြီးတော့ ရေစက်ချပေးလိုက်မှာပါပဲ၊ **မှန်ကျောင်းဆောင် အလှူရှင် ဒါယကာ+ဒါယိကာမတို့သည် အရှင်ဝိပဿီ မြတ်စွာ ဘုရားရှင်အား ရတနာကျောင်းဆောင် လှူဒါန်းသော ဇောတိကသူဌေးကြီး ကဲ့သို့ ရွှေငွေကျောက်သံပတ္တမြား စသော လောကီရတနာများ ရရှိပိုင်ဆိုင်ကြပြီးလျှင် မဂ်ဖိုလ်နိဗ္ဗာန် လောကုတ္တရာရတနာတို့ကိုလည်း မျက်မှောက်ပြု ရရှိနိုင်ကြ ပါစေကုန်သတည်း။**

(သာဓု -သာဓု- သာဓု)

## အပရာဇိတ သူဌေးလှူသော ဂန္ဓကုဋိကျောင်း

ဒါလွန်ခဲ့တဲ့ ဗုဒ္ဓဂယာအဖွဲ့အနေနဲ့ဆိုရင်တော့ ၅-နှစ်ပြည့် အထိမ်းအမှတ်ပေါ့လေ၊ စွယ်တော်ရတနာစေတီ အနေနဲ့ဆိုရင်တော့ ၁-နှစ်ပြည့် အထိမ်းအမှတ်မှာ ကြေးပြဿာဒ် မှန်ကျောင်းဆောင် လှူဒါန်းစဉ်က မှတ်တမ်းတင် ဂုဏ်ပြုလွှာဆုပေးပါပဲ။ ခု ရွှေပြဿာဒ် မှန်ကျောင်းဆောင် ရေစက်ချတဲ့အခါမှာတော့ ဝမ်းမြောက်ဖွယ် အနေနဲ့ နာယူရမယ့်တရားက 'ဗောဓိပက္ခိယဓမ္မစေတီ တည်ထားခြင်း'ဆိုတဲ့ တရားတော်ကို နာယူရမှာဖြစ်ပါတယ်။ ဗောဓိပက္ခိယ ဓမ္မစေတီ တည်ထားခြင်းဆိုတဲ့တရားကို မနာယူခင် ရွှေပြဿာဒ် မှန်ကျောင်းဆောင် လှူဒါန်းရခြင်း အကျိုးကိုတော့ စောစောပိုင်းက ကြေးပြဿာဒ် မှန်ကျောင်းဆောင် လှူဒါန်းစဉ်ကအတိုင်းပဲ ရရှိခံစားရမှာဖြစ်ပါတယ်။ ဝိပဿီဘုရားရှင် သီတင်းသုံးဖို့အတွက် အပရာဇိတ သူဌေးက ဂန္ဓကုဋိ ကျောင်းဆောင် ဆောက်လုပ် လှူဒါန်းခဲ့ပါတယ်။ အပရာဇိတသူဌေး ဆိုတာက အလွန်အကဲ ချမ်းသာတာပါပဲ။ ဝိသာခါ ကျောင်းအမ၊ အနာထပိဏ်သူဌေးကဲ့သို့ ချမ်းသာတာ မဟုတ်ပါဘူး။ ဝိသာခါ ကျောင်းအမ၊ အနာထပိဏ် သူဌေးတို့ထက် ပိုပြီးတော့ ချမ်းသာတဲ့ သူဌေးကြီးပါပဲ။

အပရာဇိတသူဌေး ဆောက်လုပ်လှူဒါန်းထားတဲ့ ဂန္ဓကုဋိ ကျောင်းဆောင်ဟာ အုတ်တွေကစ ရတနာတွေနဲ့ လုပ်ထားတဲ့ အုတ်ပါပဲ။ ကျောက်သံပတ္တမြား ရတနာ ၇-ပါး စီခြယ်ထားတဲ့ ရတနာ ကျောင်းဆောင်ပါပဲ။ ဘုရားသီတင်းသုံးဖို့ ရတနာကျောင်းဆောင်တင် မက ကျောင်းပတ်ပတ်လည်မှာလည်း ရတနာတွေကို ပက်ကြဲထား ပါတယ်။ ရတနာကျောင်းဆောင်မှာ ဘုရားရှင် တရားဟောတဲ့အခါ တရားကိုလာနာတဲ့ ပရိသတ် တွေအနေနဲ့ သူဖြန့်ကျဲထားတဲ့ ရတနာ

တွေကို လက်တစ်ဆုပ်စာ ကောက်ယူသွားနိုင်အောင်ကိုပဲ ဖြန့်ကျဲထားပါတယ်။ နေ့တိုင်းနေ့တိုင်းလည်းပဲ ရတနာတွေ အသစ်အသစ် ဖြန့်ကျဲပေးထားခဲ့ပါတယ်။ အဲလောက်ချမ်းသာတဲ့ အပရာဇိတ သူဌေးပါပဲ၊ ကျောင်းရေစက်ချ လှူဒါန်းပြီးတဲ့နောက် ဘုရားရှင်တရားဟောတဲ့ အခါ ရွှေပလ္လင်ပေါ်မှာ အလွန်ကြီးတဲ့ သခွါးသီးလောက်ရှိတဲ့ ပတ္တမြားကြီးကိုလဲ လှူဒါန်းပေးထားပါတယ်၊ တစ်ရက်မှာတော့ ပုဏ္ဏားတစ်ယောက်က သခွါးသီးလောက်ရှိတဲ့ ပတ္တမြားကြီးကို ခိုးယူသွားခဲ့ပါတယ်။

ခိုးယူသွားပေမယ့် ကျောင်းဒကာ အပရာ ဇိတသူဌေးအနေနဲ့ စိတ်မပျက်ဘူး စိတ်မဆိုးဘူး၊ ခိုးတဲ့သူခိုးကိုလည်း စိတ်မဆိုးဘူး၊ နောက်ထပ် ဒီထက်ကြီးတဲ့ ဒီထက်ကောင်းတဲ့ ဖရဲသီးလောက်ရှိတဲ့ ပတ္တမြားကြီးကို လှူဒါန်းလိုက်တယ် လှူဒါန်းပြီးတဲ့အခါ သူဆုတောင်းသွားတယ်၊ ဖြစ်လေရာ ဘုံဘဝမှာ သူပိုင်ဆိုင်တဲ့ပစ္စည်းတွေကို သူမပေးလို့ရှိရင် ရန်သူမျိုးငါးပါးမှ လုယူလို့ ဖျက်ဆီးလို့ နိုင်ထက်စီးလို့ မရနိုင်ရပါလို၏ ဘုရားလို့ အဲဒီလို အပရာဇိတသူဌေးက ဝိပဿီဘုရားကို ဆုတောင်းပြီး လှူဒါန်းခဲ့ပါတယ်၊ ကဲ အကျဉ်းချုံးလိုက်ကြပါစို့ ဝိပဿီ ဘုရားပြီးတဲ့နောက် သိခီဘုရား ဝေဿဘူဘုရား၊ ကကုသန် ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား ခုနှစ်ဆူမြောက်က ဂေါတမ ဘုရား ပွင့်ထွန်းပေါ်ပေါက်လာတယ်၊ ခုဘုရားဒကာ၊ ဘုရားအမတွေ ရွှေပြဿဒ် မှန်ကျောင်းဆောင်နဲ့ လှူဒါန်းထားတဲ့ စွယ်တော်ရတနာ စေတီအတွင်းမှာ ဥဒိဿစေတီ ဆင်းတုရုပ်ပွားတွေ။ ဝိပဿီဘုရား ရှင်အမှူးရှိတဲ့ ဘုရား ၇-ဆူကို တည်ထားကိုးကွယ် လိုက်တာပါပဲ၊ ဂေါတမဘုရားရှင် လက်ထက်မှာတော့ အပရာဇိတ သူဌေးက ဇောတိကသူဌေး ဖြစ်လာတယ် ဇောတိကသူဌေးရဲ့အိမ်ဆိုရင် ခုခေတ်လို အင်ဂျင်နီယာတွေနဲ့ ဆောက်စရာ မလိုပါဘူး၊ သူဟာ ဝိပဿီဘုရားရှင်အတွက် ရတနာ-၇ပါးနဲ့ စီခြယ်ထားတဲ့ ဂန္ဓကုဋီ

ကျောင်းဆောင် လှူဒါန်းထားတဲ့ ကျောင်းဒကာဆိုတော့ မြေကြီးထဲ ကနေပြီးတော့ (၇)ဆင့် ရတနာတွေ အတိပြီးတဲ့ ဘုံဗိမာန်ပေါ် ပေါက်ပေးခဲ့ရပါတယ်။

ဘုံ-၇ဆင့်မှာ အစောင့်ထားတဲ့ အစေခံတွေဆိုတာက တခြား သူဌေးတွေရဲ့ သူဌေးကတော်ထက်ကို ချမ်းသာရုံတင်မက အလွန် လှပါတယ်၊ ချမ်းသာတယ်ဆိုတာက ဇဋိလသူဌေးက သူ့ကိုယ်သူတော့ အလွန်ချမ်းသာတာပါပဲ၊ သူ့တိုက်နောက်မှာ ရွှေတောင်ကြီး ပေါက်နေတဲ့အတွက် ကမ္ဘာပေါ်မှာ သူသာ အချမ်းသာဆုံးသူဌေး သူအသုံးပြုတဲ့ ၁-သိန်းထိုက်တန်တဲ့ ကမ္ဗလာကို သွားပြီးတော့ ရောင်းလိုက်တဲ့အခါ ဇောတိက သူဌေးရဲ့ ခုနှစ်ထပ်မှာစောင့်တဲ့ အစေခံအမျိုးသမီးက သုံးပါတယ်၊ ဇဋိလသူဌေးသုံးတဲ့ ၁-သိန်းတန်က ဇောတိကရဲ့ သူဌေးအစေခံက ခြုံတာလည်း မဟုတ်ဘူး၊ ဝတ်တာလည်း မဟုတ်ပါဘူး၊ ခြေပဲသုတ်တာပါ။ အဲတော့ ဇောတိကသူဌေးရဲ့ ဘုံ ၇-ဆင့်မှာနေတဲ့ အစေခံ အမျိုးသမီး အဆင့်ဟာ အလွန်ချမ်းသာပါတယ်၊ ရုပ်ရည် ဘယ်လောက်ချောသလဲဆိုတော့ ဗိမ္ဗိသာရမင်းကြီးက ဇောတိကသူဌေးရဲ့တိုက်ဟာ ရတနာ ၇ပါးနဲ့ စီချယ်ထားတယ် အလွန်ခမ်းနား ထည်ဝါတယ်ဆိုပြီးတော့ လာကြည့်တဲ့အခါ ယဉ်ကျေးမှု အရ ၁-ထပ်၊ ၁-ထပ်မှာရှိတဲ့ တံခါးစောင့် အစေခံမတွေက လက်ကမ်း ပေး လိုက်ပါတယ် သိပ်လှနေတဲ့အတွက် ဗိမ္ဗိသာရမင်းကြီးက သူ့ လက်ကို မပေးရဲဘူး၊ သူဌေးကတော်ထင်ပြီးတော့ သူဌေးကတော်ရဲ့ လက်ကိုမဆွဲရဲဘူး၊ ဒီအခါမှာ ဇောတိက သူဌေးက ဒါသူဌေးကတော်ရဲ့ လက်မဟုတ်ပါဘူး ဒီတိုက်ကိုစောင့်တဲ့ ပုဂ္ဂိုလ်ပါဆိုမှ ဘုရင်ဗိမ္ဗိသာရ မင်းကြီးက အစေခံမရဲ့လက်ကို ဆွဲရဲတယ်၊ အစေခံမက ဒီလောက် ချောပြီး ဒီလောက်ချမ်းသာနေပြီဆိုရင်တော့ ဘုံ ၇-ထပ်ပိုင်တဲ့ ဇောတိကသူဌေး-သူဌေးကတော် သတုလကာယီတို့ရဲ့ ရုပ်ဘယ်

လောက်ချောပြီး ဘယ်လောက် ပိုင်ဆိုင်မှုများတယ်ဆိုတာ ခန့်မှန်းလို့တောင် မရပါဘူး၊ သူတိုက်ကို လာကြည့်တဲ့ ပုဂ္ဂိုလ်တွေကို ရတနာတွေ လိုချင်သလောက် အလှူပေးလိုက်တယ် အဝတ်အထည် လိုချင်သလောက် အလှူပေးလိုက်တယ် အစား အသောက် စားချင်သလောက် စား၊ အိမ်လည်း သယ်သွားဖို့ ထည့်ပေးလိုက်တယ်။

## အဇာတသတ်မင်း၏ လောဘ

အဲဒီလောက်ထိ ဇောတိကသူဌေးရဲ့ ကြွယ်ဝချမ်းသာမှုဟာ အပရာဇိတ သူဌေးဘဝက ဝိပဿီဘုရားရှင်အား ရတနာဂန္ဓကုဋီ ကျောင်းဆောင် လှူဒါန်းခဲ့ခြင်းရဲ့ အကျိုးပါပဲ။ ဗိမ္ဗိသာရ မင်းကြီး နတ်ရွာစံသွားပါပြီ အဇာတသတ်မင်းတက်လာတဲ့ အခါမှာတော့ မင်းသားဘဝထဲကိုက ကြိမ်းဝါးထားတယ်။ ငါတို့မှာတော့ သစ်သားကြီးနဲ့ မြေတိုက်ဆောက်ထားတဲ့အိမ်ပေါ်မှာ နေရတယ်၊ ဒီသူဌေးမှာတော့ ရတနာ ဗိမာန် ၇-ထပ်ပေါ်မှာ နေရတယ်၊ ငါ့အဖေဟာ တော်တော်ကိုညံ့တာပဲ ကိုယ့်နိုင်ငံအတွင်းက သူဌေးရဲ့ဟာကို ပြည်သူပိုင် သိမ်းပြီး ငါတို့နေလိုက်ရင် ပြီးပြီ၊ ၇-နှစ်၊ ၈-နှစ်သားရဲ့ လောဘပါပဲ ဖအေကိုလုပ်ကြံပြီး နန်းသိမ်းပြီးတော့ ဘုရင်ဖြစ်လာတယ်၊ ဘုရင်ဖြစ်လာပြီးတော့ ဇောတိကသူဌေးရဲ့ ရတနာဗိမာန် ၇-ထပ်ကို စစ်တပ်နဲ့သွားပြီးတော့ ပြည်သူပိုင်သိမ်း ပစ်ပါတယ်။ သို့ပေမယ် အပရာဇိတသူဌေး ဘဝတုန်းက လှူဒါန်းခဲ့တဲ့ကုသိုလ်ကောင်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ သူပိုင်ဆိုင်တဲ့ ပစ္စည်းတွေ ရန်သူမျိုး ငါးပါးထဲက ဘယ်သူမှ ဖျက်ဆီးလို့မရပါလို၏၊ သူမပေးရင် ယူလို့မရပါစေလို့ ဆိုတဲ့ ဆုတောင်းက အကျိုးပေးတဲ့အခါ အဇာတသတ်မင်းဟာ ဇောတိက သူဌေးရဲ့ နံရံမှာရှိတဲ့ ရတနာတွေရဲ့ ဖိတ်ဖိတ်တောက်နေတဲ့ မှန်ပြတင်းတွေမှာ သူရဲ့ လာရောက်သိမ်းဆည်းတဲ့ စစ်တပ်ရဲ့ အရိပ်တွေထင် အရိပ်တွေကိုမြင်၊ ဇောတိကသူဌေးရဲ့ ပြဿဒ်ကိုစောင့်တဲ့

ဘီလူးတွေရဲ့ ဖန်ဆင်းပြလိုက်တဲ့ စစ်တပ်ကို မြင်ပြီးတော့ ခွေးပြေး ဝက်ပြေး ထွက်ပြေးခဲ့ရပါတယ်၊ ခုလည်းပဲ စွယ်တော် ရတနာစေတီ အား ရွှေပြဿာဒ်မှန်ကျောင်းဆောင်နဲ့ လှူဒါန်းတဲ့အခါ အပရာဇိတ သူဌေးဟာ ဝိပဿီဘုရားရှင်အား လှူဒါန်း ပြီးတော့ ရေစက်ချ ဆုတောင်းတဲ့ အတိုင်းပဲ လှူဒါန်းရမှာ ဖြစ်ပါတယ်။

ဒီလောက်ဆိုရင် ရွှေပြဿာဒ်မှန်ကျောင်းဆောင် အလှူရှင် တွေအနေနဲ့ ဇောတိကသူဌေးကဲ့သို့ လောကီ ရတနာတွေ ပိုင်ဆိုင် ရုံတင်မက လောကုတ္တရာ ရတနာဖြစ်တဲ့ မဂ်ဖိုလ်တွေကိုလည်းပဲ ရရှိပိုင်ဆိုင်မှာ ဖြစ်ပါတယ်။ ဒီလောက်ဆိုရင် ရွှေပြဿာဒ် မှန်ကျောင်း ဆောင် လှူဒါန်းရခြင်းရဲ့အကျိုး ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင် လောက် ပါပြီ၊ ဒါဟာ ကြေးပြဿာဒ် မှန်ကျောင်းဆောင် လှူတုန်းကလည်း ဒီတရားပဲဟောခဲ့ပြီးသား ဖြစ်ပါတယ်။ ခု ရွှေပြဿာဒ်မှန်ကျောင်း ဆောင်မှာ ဒီတရားကိုဟောလိုရင်း မဟုတ်ပါဘူး ဖြန့်ဝေပေးလိုက်တဲ့ စာထဲမှာပါတဲ့အတိုင်း ဗောဓိပက္ခိယ ဓမ္မစေတီတည်ထားခြင်းကို အဓိကပြောလို ဟောလိုတာဖြစ်ပါတယ်။ ဖြန့်ဝေပေးထားတဲ့ စာရွက် ခေါင်းစီးအောက်မှာ ကြည့်ရအောင် မှန်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းပွဲ၌ **" ဗောဓိပက္ခိယ ဓမ္မစေတီ တည်ထားခြင်း"** တရားတော်၊ ရွှေပြဿာဒ်မှန်ကျောင်းဆောင် ဆိုတာ အာမိသဒါန အနေနဲ့ လှူဒါန်းထားတာပဲ၊ ဓမ္မဒါနအနေနဲ့ကတော့ ခုမှ ဗောဓိပက္ခိယ ဓမ္မစေတီတည်ထားပြီးတော့ လှူဒါန်းမှာဖြစ် ပါတယ်၊

## ကောဏ္ဍဂုမ်ဘုရား ဗုဒ္ဓဝင်

**မဟာဂနေဿ ဝိပဿနာ စေတီယင်္ဂဏေ ဌိတဿ နမဿတ္ထာယ။** *(အဋ္ဌကထာ)*

**ဓမ္မစေတီ သမုဿေတွာ၊ ဓမ္မဒုဿ ဝိဘူသိတံ။**

**ဓမ္မပုပ္ဖ ဂုဠံ ကတွာ၊ နိဗ္ဗုတော သော သသာဝကော။**

*(ဗုဒ္ဓဝံသ ပါဠိတော်)*

ဗုဒ္ဓဝံသ ပါဠိတော်မှာ ဂေါတမဘုရားရှင်က ကောဏာဂုဏ် မြတ်စွာဘုရားရှင်ရဲ့ သာသနာ အကြောင်းကို နိဂုံးချုပ် ဒီဂါထာလေးနဲ့ မှတ်တမ်း တင်ခဲ့ပါတယ်၊ ဒါကြောင့်မို့ ဒီနေရာမှာ ကောဏာဂုမ် ဘုရားရှင်ကို ဗုဒ္ဓဝံသပါဠိတော်မှာလာတဲ့အတိုင်း အကျဉ်းချုပ်ပြီး ကြည်ညိုပူဇော်ကြရပါ့မယ်၊

(က) **ကောဏာဂုံဘုရားရှင်**သည် ဘဒ္ဒကမ္ဘာ၌ အနှစ် (၃)သောင်းတန်းတွင် သောဘဝတီမြို့တော် ခမည်းတော် ယညဒတ္တ ပုဏ္ဏား မယ်တော် ဥတ္တရာတို့မှ ဖွားမြင်ကာ မိဖုရား ရုစိဂတ္တာနှင့် လက်ဆက်၍ သားတော် သတ္တဝါဟမင်းသား မွေးဖွားလာသောအခါ နိမိတ်ကြီး(၄)ပါးကိုမြင်၍ ဆင်ယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၆)လကျင့်ပြီး ရေသဖန်းပင် အောက်တွင် ဘုရား အဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်တကား။

(ခ) **ထိုကောဏာဂုံမြတ်စွာဘုရားသည်** အရပ်တော် အတောင်(၃၀)အမြင့်ဆောင်လျက် ဓမ္မာဘိသမယ တရားပွဲကြီး (၃)ကြိမ်၊ သာဝကသန္နိပါတ အစည်းအဝေးကြီး(၁)ကြိမ်ကျင်းပပြီး၊ လူနတ်ပြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး၊ မြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်စေတော်မူခဲ့ပါပေသည်တကား။

(ဂ) **ထိုကောဏာဂုံမြတ်စွာဘုရားသည်** အဂ္ဂသာဝ ကဖြစ်ကြသော ဘိယျသမထေရ်နှင့် ဥတ္တရမထေရ် အဂ္ဂသာဝိကာမ ဖြစ်ကြသော သမုဒ္ဒါထေရီနှင့် ဥတ္တရာထေရီ၊ အလုပ်အကျွေးဖြစ်သော သောတ္ထိဇမထေရ်၊ ဥဂ္ဂနှင့် သောမဒေဝဒါယကာ၊ သီဝလာနှင့် သာမာဒါယိကာမတို့နှင့်အတူ သဒ္ဓမ္မသုံးဖြာ သူတော်ကောင်းတရားကို ထွန်းလင်းတောက်ပစေလျက် ဝေနေယျများစွာ သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ ပဗ္ဗတာရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေပြီတကား။

(ယ) မြတ်သောတန်ခိုး၏ တင့်တယ်စမွယ် ကွန့်မြူးခြင်းသို့ ရောက်တော်မူသော ကောဏာဂုံမြတ်စွာဘုရား၏ တပည့်သား သာဝက အပေါင်းသည်လည်းကောင်း၊ လောကုတ္တရာတရားကို ထင်ရှားဟောပြတော်မူသော **ကောဏာဂုံ မြတ်စွာဘုရားသည် လည်းကောင်း၊** ဤအလုံးအစုံသည် ချုပ်ဆုံးကွယ်ပျောက်ခဲ့လေပြီ။ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ခိုင်မြဲသော အနှစ်သာရမရှိ အချည်းနှီးသာ ဖြစ်ကုန်စွတကား။

**ကောဏာဂမန** သမ္ဗုဒ္ဓေါ၊ တိဿဟတ္ထ သမုဂ္ဂတော။
တိဿဝဿ သဟဿာနိ၊ အာယု တဿ မဟေသိနော။

ဓမ္မာမတေန တပ္ပေတွာ၊ ဒေဝသံဃံ သုရာလယေ။
မဟီတလေစ ဇနတံ၊ သဒါ သောတ္ထိံ ကရောတု နော။

**ကောဏာဂုံ**မြတ်စွာဘုရားသည် အတောင်သုံးဆယ် အရပ် မြင့်တော်မူ၏၊ ထိုကောဏာဂုံမြတ်စွာဘုရား၏ အသက်တော်သည် အနှစ်သုံးသောင်း ရှည်တော်မူ၏။

နတ်ပြည်၊ ဗြဟ္မာပြည်၌ နတ်၊ ဗြဟ္မာအပေါင်းကိုင်း လူ့ပြည် မြေအပြင်၌ လူအပေါင်းကိုင်း တရားတော် ဟူသော အမြိုက်သုဓာဖြင့် နှစ်သိမ့် ရောင့်ရဲတော်မူစေ၏၊ **ရေသဖန်းပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက် တော်မူသော ထိုကောဏာဂုံ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၂၆)

**ဓမ္မစေတီ**-စတဲ့ဂါထာလေးရဲ့ အဓိပ္ပါယ်ကို မြန်မာလို ပြန်ဆို ပြပါ့မယ်၊ ထိုကောဏာဂုမ် မြတ်စွာဘုရားသည် ဝိပဿနာတည်း ဟူသော **စေတီရင်ပြင်၌**တည်သော သတ္တဝါအပေါင်း၏ ရှိခိုးပူဇော်

စိမ့်သောင်ပါ သစ္စာလေးပါး တရားတည်းဟူသော **အလံတံ ခွန်ထီးဖြင့်** တန်ဆာဆင်အပ်သော ဗောဓိပက္ခိယ တရား(၃၇)ပါးတည်းဟူသော **ဓမ္မစေတီ**ကို ကောင်းစွာတည်တော်မူပြီး၍ **တရားပန်းစည်း ပန်းကုံး**ကို သိကုံးလျှင် တပည့်သာဝက အပေါင်းနှင့် တကွ ပရိနိဗ္ဗာန် ပြုတော်မူပြီ။

ဒီလိုမှတ်တမ်းတင် ဟောပြထားပါတယ်၊ ဗုဒ္ဓဝံသ ပါဠိတော်မှာ စေတီနဲ့ပတ်သက်ပြီးတော့ (၄)မျိုးတွေ့ရမှာ ဖြစ်ပါတယ်။

၁။ စေတီရင်ပြင်ဟာ ဘာလဲဆိုတော့ ဝိပဿနာ တရားပဲ၊

၂။ တရားတော်တွေတော့ ဘယ်လိုဥပမာ ပြုထား လဲ-ဆိုတော့ တရားပန်းစည်းပန်းကုံးဆိုပြီးတော့ ဥပမာပြုထားပါတယ်၊

၃။ စေတီကို ဘာနဲ့ ဥပမာ ပြုထားလဲဆိုတော့ ဗောဓိပက္ခိယတရား-၃၇ပါးဖြင့် ဓမ္မစေတီလို့ တည်ထားပါတယ်၊

၄။ အလံတံခွန်ထီးကိုတော့ ဘာဖြင့် ဥပမာပြုထားသလဲဆိုတော့-သစ္စာလေးပါးတရားဖြင့် အလံ တံခွန်ထီးကို ဥပမာပြုထားပါပဲ၊ ဗောဓိပက္ခိယ စေတီမှာ လေးမျိုးတွေ့ရမှာဖြစ်ပါတယ်၊ အဲဒီ လေးမျိုးကို လွယ်တာကနေ စသွားရင် ပန်းစည်း ပန်းကုံးက ဂုဏ်တော်တရား ဖြစ်ပါတယ်။ စေတီကိုတော့ ဗောဓိပက္ခိယတရား-၃၇ပါးနဲ့ တည်ထား ရမှာ ဖြစ်ပါတယ်၊ စေတီရင်ပြင်ကိုတော့ ဝိပဿနာတရားများနဲ့ ပွားများကြရမှာဖြစ်ပါတယ်။ နောက်ဆုံးစေတီကို အလံတံခွန်ထီးနဲ့ တင်လိုက်တဲ့အခါ ဘာနဲ့ တင်လှူရမှာလဲဆိုတော့ သစ္စာလေးပါး တရားဖြင့် တင်လှူရမှာ ဖြစ်ပါတယ်။

### (၁) ဓမ္မပုပ္ဖဂုဠ-ဂုဏ်တော်ပန်းကုံးဖြင့် ပူဇော်ပုံ

အဲတော့ ဒီ(၄)မျိုးထဲက ရှေ့ဦးစွာ ဘုန်းဘုန်းတို့ ၁။ **ဓမ္မပုပ္ဖ ဂုဠ - ဂုဏ်တော်ပန်းကုံး၊ ဂုဏ်တော်တရား ပန်းစည်းပန်းကုံး**

သီကုံးခြင်းဖြင့် သီကုံးပူဇော်မှာ ဖြစ်ပါတယ်၊ ခေါင်းစဉ်မှာလာတဲ့ အစဉ်အတိုင်းပဲ နှလုံးသားထဲမှာ ဗောဓိပက္ခိယ ဓမ္မစေတီကို တည်ထား ကိုးကွယ် ပူဇော်မှာဖြစ် ပါတယ်။ ဓမ္မပုပ္ဖဂုဠ=ဂုဏ်တော် ပန်းစည်းပန်းကုံး ဖြင့် သီကုံးပူဇော်တဲ့အခါ ဗုဒ္ဓါနုဿတိဘာဝနာအဖြစ် ဘုရားဂုဏ် ကိုးပါးဖြင့် ပူဇော်မှာဖြစ်ပါတယ်၊ **ဓမ္မပုပ္ဖဂုဠ် ကတွာ**-ပါဌ်ဖြင့် ဘုရားဂုဏ်တော် ပန်းစည်း ပန်းကုံးကိုပြု၍-ဟု ဆိုထားသောကြောင့် ဗုဒ္ဓါနုဿတိဘာဝနာကို ပြပါတယ်။ ဓမ္မပုပ္ဖဂုဠ= ဘုရားဂုဏ်တော် တရားပန်းစည်းပန်းကုံးဖြင့် သီကုံးပုံကို ညီညီညာညာ ရွတ်ဆိုပူဇော် ကြပါကုန်စို့။

**တို့ဘုရားမှု (၁) နတ်လူတို့က ပူဇော်ရ၏ (၂) ဓမ္မ ဉဿုံ အလုံးစုံကို ကိုယ်တိုင်မှန်စွာ သိတတ်ပါ၏ (၃)ဝိဇ္ဇာ စရဏ ပြည့်စုံလှပြား (၄)စကားကောင်းကို ကိုယ်တော်ဆို၏ (၅) ထိုထိုလောက သိတတ်လှ၏ (၆) ဆုံးမထိုက်သူ အတူ ကင်းလတ် ဆုံးမတတ်၏ (၇) နတ်လူဆရာ (၈) သစ္စာသိမြင် (၉) ဘုန်းအရှင်သည် ကိုးအင်ဘုရား ဂုဏ်တော်တည်း။**

ဆက်လက်ပြီးတော့ အကျဉ်းချုပ်အနေဖြင့် နမော ဗုဒ္ဓဿ- ဟူသော ဂုဏ်တော်ပန်းကုံးဖြင့် သီကုံးပူဇော်မှာ ဖြစ်ပါတယ်-

**နမော ဗုဒ္ဓဿ**

**နမော ဗုဒ္ဓဿ**

**နမော ဗုဒ္ဓဿ**

**ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် ကိုယ်တိုင်ပင် သိမြင်တော်မူသောကြောင့် သဗ္ဗညုတ ဉာဏ်တော်ကို ရရှိတော်မူပြီးလျှင် ဒသဗလဉာဏ် ဆယ်တန် တို့၌လည်း ဝသီဘော်ဖြောက် ရောက်တော်မူပြီးသော လက္ခဏာ တော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပါယ်လှစွာ ကိုယ်**

**အင်္ဂါဝယ် ပါရမီတော်အဟုန် ကိုယ်လုံးခြုံ၍ မွှမ်းထုံ သင်းကြူ သယမ္ဘူဟု ဉာဏ်တူကင်းလတ် အရဟတ်ဖြင့် သတ်ဖြတ်ခပင်း ကိလေရှင်းသား ဉာဏ်ရင်းမဟာ ကရုဏာနှင့် သမ္မာသမ္ဗောဓိ အစရှိလတ် ဉာဏ်တော်မြတ်၏ ကိန်းဝပ်စံပျော် ခန္ဓာပေါ်ဝယ် ဘွဲ့တော်ဗုဒ္ဓ တင်ပါရသည့် လောကထွဋ်ထား မြတ်ဘုရား အား။ မေ၊ တပည့်တော်၏။ နမော၊ ရှိခိုး ဦးညွှတ်ခြင်းသည်။ အဋ္ဌ။ ဖြစ်ပါစေသတည်း။**

(သာဓု-သာဓု-သာဓု)

## ၂။ ဗောဓိပက္ခိတရားစေတီ တည်ထားခြင်း

ဘုရားဂုဏ်တော်ပန်းစည်းပန်းကုံးဖြင့် သီကုံးပြီးတဲ့နောက် ဒုတိယမြောက် အနေနဲ့ **ဓမ္မစေတီ - ဗောဓိပက္ခိယတရားစေတီကို** တည်ထားကိုး ကွယ်မှာဖြစ်ပါတယ်။ ဓမ္မစေတီ သမုဿေတွာ-ပါဌ်ဖြင့် ဗောဓိပက္ခိယတရား (၃၇)ပါး ဂုဏ်တော်ကို ပွားသဖြင့် ဓမ္မာနုဿတိ ဘာဝနာကို ပြုပါတယ်၊ တည်ထားကိုးကွယ်တဲ့အခါ ပကိဏ္ဏက နမက္ကာရဘုရားရှိခိုးဖြင့် မိမိတို့ရဲ့ နှလုံးသား အတွင်းမှာ ဗောဓိပက္ခိယ တရား (၃၇)ပါးဟူသော ဓမ္မစေတီကို တည်ထားကိုးကွယ်ကြပါကုန်စို့။

ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်၊ ဤငါးတန်တို့ကို၊ တိုက်လှန်ဖြိုခွဲ၍၊ အောင်ပွဲယူနိုင်၊ ရဲခေါင်တိုင်သော၊ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိ ပဋ္ဌာန်တည်းဟူသော သတိပဋ္ဌာန်လေးပါး၊ ဖြစ်ပြီးသော အကုသိုလ် တရားတို့ကိုပယ်ခြင်းငှာ လုံ့လပြုခြင်း၊ မဖြစ်သေးသော အကုသိုလ် ကံကို တစ်ဖန်အသစ် မဖြစ်စေခြင်းငှာ လုံ့လပြုခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွားအောင် လုံ့လပြုခြင်း၊ ဖြစ်ပြီးသော

ကုသိုလ်တရားတို့ကို ကြီးပွား စည်ပင်စိမ့်သောငှာ၊ လွန်စွာလုံ့လပြု ခြင်းတည်းဟူသော၊ သမ္မပ္ပဓာန်လေးပါး၊ ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ် တည်းဟူသော ဣဒ္ဓိပါဒ်လေးပါး၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတည်း ဟူသော ဣန္ဒြေငါးပါး၊ သဒ္ဓါဗိုလ်၊ ဝီရိယ ဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ် တည်းဟူသော ဗိုလ်ငါးပါး၊ သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာ သမ္ဗောဇ္ဈင်၊ တည်းဟူသော ဗောဇ္ဈင်ခုနစ်ပါး၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော မဂ္ဂင်ရှစ်ပါး၊ ဤသို့အားဖြင့် ပိုင်းခြား တွက်ဖွဲ့၍၊ သုံးဆယ့် ခုနစ်ရပ်၊ အလွန်မြတ်သော၊ ဗောဓိပက္ခိယ၊ ဓမ္မ အကျော်၊ ရဲမက်တော်တို့ကို၊ ကိုယ်ရံတော်ကြီး၊ ဦးစီးဗိုလ်ချုပ်တင်လျက်၊ အသခ်ျေချေ၊ တွက်ရေမဆုံး၊ ပတ်ကုံးကိလေသာ၊ မာရ်ဗိုလ်ပါတို့ကို၊ ဆံလွှာမကြွင်းအောင်၊ ခုတ်စဉ်းတိုက်သိမ်း၊ အငြိမ်းအောင်မြင်တော် မူသဖြင့်၊ အသခ်တ၊ ခေမရွှေဘုံ၊ ဓမ္မာရုံသဘင်၊ မြိုင်နန်းတခွင်၌၊ ဥကင်စွင့်စွင့်၊ ဖွင့်တော်မူပြီးထသော။ သုံးရပ်လုံး ဆရာ၊ ဒေဝါမိဒေဝိန္ဒ၊ ဗြဟ္မာဓိ ဗြဟ္မိန္ဒ၊ တိဘဝ ပါရဂူ၊ အဘိဘူပါမောက္ခ၊ အနုတ္တရသင်းကျစ်၊ မဟာဓမ္မရာဇ၊ မြတ်ရှင်ချစ်ကို၊ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေဝန္ဒာမိ၊ လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။ (သာဓု-သာဓု-သာဓု)

## ဗောဓိပက္ခိယတရားတို့၏ စွမ်းအင်များ

ဓမ္မစေတီအနေနဲ့ တည်ထားလိုက်တဲ့ ဗောဓိပက္ခိယ တရား တော်တွေဟာ ထူးခြားချက် ဆယ်ချက်နဲ့ ပြည့်စုံပါတယ်၊ ဘုန်းဘုန်းတို့ စွယ်တော်ရတနာစေတီအား ရွှေပြဿာဒ် မှန်ကျောင်းဆောင် လှူဒါန်း တဲ့ အထိမ်းအမှတ်ဟာ စွယ်တော်၊ ဘုန်းဘုန်းတို့ ညောင်တုန်းကျောင်း

တိုက် ကြွရောက်လာတဲ့ ဆယ်နှစ်ပြည့် အထိမ်းအမှတ် ဖြစ်ပါတယ်၊ အဲဒီ (၁၀)နှစ်ပြည့် အထိမ်းအမှတ်နဲ့ တိုက်တိုက်ဆိုင်ပဲ မိမိတို့ နှလုံးသားထဲမှာ တည်လိုက်တဲ ဗောဓိပက္ခိယ တရားတော်တွေဟာလဲပဲ ထူးခြားချက် (၁၀)ချက်နဲ့ ပြည့်စုံပါတယ်။

အဲဒီ ထူးခြားချက် (၁၀)ချက်က ဘာတွေလဲဆိုတော့ ဗောဓိပက္ခိယတရား-၃၇-ပါးဟာ၊ ၁။ ခုနက ဗုဒ္ဓဝံသဒေသနာတော်အရ ဓမ္မစေတီထိုက်တဲ့ တရားတော်တွေ ဖြစ်တော်မူကြပါတယ်၊ ၂။ ဝိနည်း သာရတ္ထဒီပနီကာ ဖွင့်ပြချက်အရ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော် (၃)ရပ်ရဲ့ အနှစ်ချုပ်တရားတော်တွေပဲ ဖြစ်တော်မူကြပါတယ်၊ ၃။ မဟာပရိနိဗ္ဗာနသုတ်နှင့် သုတ်မဟာဝါ ပါဠိတော် ဒေသနာတော်အရ သာသနာ အရှည်တည်တံ့ကြောင်းတရားတော်များလည်း ဖြစ်တော်မူကြပါတယ်၊ ၄။ အင်္ဂုတ္တိုရ် ပါဠိတော်အရ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါဘုရားရှင်နှင့် ရဟန္တာဖြစ်ကြောင်း တရားတော်တွေလည်း ဖြစ်တော်မူကြပါတယ်၊ ၅။ သီလက္ခန်အဋ္ဌကထာ ဖွင့်ပြချက်အရ တထာဂတဂုဏ်တော် အမည်ရကြောင်း တရားတော်တွေလည်း ဖြစ်တော်မူကြပါတယ်၊ ၆။ မဟာနိဒ္ဒေသပါဠိတော်အရ ဗောဓိပက္ခိယ တရား (၃၇)ပါးဟာ ဘဂဝါဂုဏ်တော် အမည်ရကြောင်း တရားတော် တွေလည်း ဖြစ်တော်မူကြပါတယ်။ ၇။ ဝိနည်းစူဠဝါ ပါဠိတော်အရ ဗောဓိပက္ခိယတရား (၃၇)ပါးဟာ ရတနာထိုက်သော တရားတော် လည်း ဖြစ်တော်မူကြပါတယ်၊ ၈။ နိဒါနသံယုတ် ပါဠိတော်အရ ဗောဓိ ပက္ခိယတရားတော်တွေဟာ ကြည်လင်ပြီးတော့ သောက်သုံးထိုက်တဲ့ ကျင့်သုံးထိုက်တဲ့ တရားတော်တွေလည်း ဖြစ်တော်မူကြပါတယ်၊ ၉။ မိလိန္ဒပဉှာပါဠိတော်အရ ဗောဓိပက္ခိယတရား (၃၇)ပါးဟာ ဓမ္မောသဓ တရားဆေးဝါးလည်း ဖြစ်တော်မူကြပါတယ်၊ ၁၀။ မိလိန္ဒပဉှာပါဠိတော် အရပဲ ဗောဓိပက္ခိယတရား (၃၇)ပါးဟာ သက်တော်ထင်ရှား မြတ်စွာ

ဘုရားရှင် သုံးဆောင် တော်မူခဲ့တဲ့ အသုံးအဆောင် ပရိဘောဂဘဏ္ဍာ ပစ္စည်းလည်း ဖြစ်တော်မူကြပါတယ်၊ ဒါကတော့ (၁၀)နှစ်ပြည့် အထိမ်းအမှတ်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ဗောဓိ ပက္ခိယတရား(၃၇)ပါးရဲ့ ထူးခြားချက် (၁၀)ချက် ဖြစ်ပါတယ်။ ဒါကိုတော့ ဘုန်းဘုန်းတို့ ပြီးခဲ့တဲ့ အပတ်တုန်းက လယ်တီဆရာတော်ကြီးရဲ့ အန္တရာယ်ကင်း အဆောင် အနေနဲ့ ပေးလိုက်တာကိုပဲ ဘုန်းဘုန်းရှေ့ကနေ ဆိုပြီးတော့ မေတ္တာ ပို့မှာ ဖြစ်ပါတယ်။

### လယ်တီဆရာတော်ကြီး၏ အန္တရာယ်ကင်း
### ဗောဓိပက္ခိယအဆောင်

**စတ္တာရော သတိပဋ္ဌာနာ၊ စတ္တာရော သမ္မပ္ပဓါနာ၊**
**စတ္တာရော ဣဒ္ဓိပါဒါ၊ ပဉ္စိန္ဒြိယာနိ၊ ပဉ္စ ဗလာနိ၊**
**သတ္တ ဗောဇ္ဈင်္ဂါ၊ အဋ္ဌ မဂ္ဂင်္ဂါနိ၊ နဝ လောကုတ္တရာဓမ္မာ၊**
**မဇ္ဈေ ဧကော သမ္မာသမ္ဗုဒ္ဓေါ။**
**ဧတေန သစ္စဝဇ္ဇေန သဗ္ဗေ သတ္တာ သုခိတာ ဟောန္တု၊ ဒုက္ခာ မုစ္စန္တု။**

သတိပဋ္ဌာန်-၄ပါး၊ သမ္မပ္ပဓါန်-၄ပါး၊ ဣဒ္ဓိပါဒ်-၄ပါး၊ ဣန္ဒြေ-၅ပါး၊ ဗိုလ်-၅ပါး၊ ဗောဇ္ဈင်-၇ပါး၊ မဂ္ဂင်(၈)ပါး ဤသို့အားဖြင့် ဗောဓိ ပက္ခိယ တရား(၃၇)ပါးတို့ကို ပွားများလျှင် လောကုတ္တရာ တရား(၉) ပါးကို မျက်မှောက် ပြုနိုင်၏။ ဤဗောဓိပက္ခိယတရား(၃၇)ပါး လောကုတ္တရာ တရား(၉)ပါးတို့ကို ဟောကြားတော်မူသော ဘုရား ရှင်သည် အလယ်၌ သီတင်းသုံးတော်မူပါ၏၊ ဤသစ္စာ စကား ကြောင့် သတ္တဝါတွေ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေသတည်း။

## ၃။ ဝိပဿနာစေတီရင်ပြင်၌ ရပ်တည်ခြင်း သံယုတ်နှင့် ဓမ္မပဒပါဠိတော်နည်း

ဘုရားဂုဏ်တော်တရား ပန်းစည်း ပန်းကုံးလည်း သီကုံးပြီးသွားပြီ၊ ဗောဓိပက္ခိယတရား ဓမ္မစေတီလည်း တည်ထားပြီးတဲ့နောက် ထိုစေတီရင်ပြင်ဟု ဆိုအပ်သော ဝိပဿနာတရားကို ပွားများတော့မှာ ဖြစ်ပါတယ်၊ ယင်းသို့ ဝိပဿနာတရားကို ပွားများဘို့ကိုတော့ **"ဝိပဿနာ စေတိယင်္ဂဏ ဋ္ဌိတဿ"**ဟူသော အဋ္ဌကထာပါဠိက ညွှန်ပြလျက်ရှိပါတယ်၊ ဝိပဿနာပွားများတဲ့အခါ သံယုတ်ပါဠိတော်နှင့် ဓမ္မပဒပါဠိတော်မှာ လာတဲ့အတိုင်းပဲ ပွားများမှာဖြစ်ပါတယ်၊ ကိုယ့်ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်နာမ်ကို အာရုံပြုပြီး ဂါထာ(၆)ပိုဒ် ရွတ်ဆိုခြင်းဖြင့် ဝိပဿနာစေတီရင်ပြင်မှာ ရပ်တည်လိုက်ကြပါကုန်စို့။

**၁။ အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယဓမ္မိနော။**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။**

*(သံယုတ် ပါဠိတော်)*

**၂။ ဒုက္ခာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယဓမ္မိနော။**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။**

**၃။ အနတ္တာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယဓမ္မိနော။**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။**

**၄။ သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။**

*(ဓမ္မပဒ ပါဠိတော်)*

**၅။ သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။**

**၆။ သဗ္ဗေဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။**

## မဟာသတိပဋ္ဌာနသုတ် ပါဠိတော်နည်း

ဒုတိယမြောက်အနေနဲ့ မြန်မာပညာရှိ အမတ်ကြီး ဖိုးဝဇီရဟာ မဟာသတိပဋ္ဌာနသုတ် ပါဠိတော်မှာလာတဲ့ သတိသမ္ဗောဇ္ဈင်ကထာကို လင်္ကာဖြင့် သီကုံးရေးထားခဲ့ပါတယ်။ ထိုသတိသမ္ဗောဇ္ဈင် ဣန္ဒြိယ ဘာဝနာ လင်္ကာတော်ကြီးဖြင့် မိမိတို့ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်နာမ်ကိုပဲ အာရုံပြုပြီးတော့ ဝိပဿနာစေတီရှင်ပြင်မှာ ဆက်လက်ပြီးတော့ ရုပ်တည်လိုက်ကြရပါမယ်။

## သတိသမ္ဗောဇ္ဈင်ဣန္ဒြိယ ဘာဝနာလင်္ကာ

**၁။ ဣန္ဒြိယဘာဝနာ မည်သညာဖြင့် မဟာခေါင်ထိ တုမရှိသား သတိသမ္ဗောဇ္ဈင် နှစ်ပါးယှဉ်သည့် ဂုဏ်တော်ကြီးစွာ ကျင့်စဉ်မှာကား၊**

**၂။ ခြောက်ဖြာဒွါရ ခြောက်ဝအာရုံ ထင်လာကုန်သော် မတုန်လှုပ်ရှား သတိထားကာ မှတ်သားကြည့်ရှု ဉာဏ်ယှဉ်ပြု၍ အကုသိုလ်ပ ကုသိုလ်ရအောင်**

**၃။ မနာပအာရုံ ထင်လာကုန်သော် မျိုးစုံနိမိတ် သဏ္ဌာန်ရိပ်ကို တဆိတ်တာမျှ မယူကြနှင့် ထိုမှတဖြာ အဘိဇ္ဈာရာဂ မဖြစ်ကြနှင့် အမနာပ ထင်လာကလည်း ဒေါသအမျက် မထွက်ကြနှင့် ဖြစ်ကြပျက်ဟန် အတန်တန်ကို ဖန်ဖန်ကြိုးကုတ် ပွားအားထုတ်လျက်-**

**၄။ တိုးဆုတ်ရှေ့သော ကြည့်ရေးထို့ပြင် ဆန့်လျှင်ကွေးရ ဝတ်ကျကိုင်တွယ် စားဖွယ်သောက်မျိုး သုံးရိုးမြှော်မြင် ကျင်ငယ်ကျင်ကြီး စွန့်နည်းမကျန် သွားပြန်ရပ်ထိုင် ပိုင်ပိုင်အိပ်နိုး ပြောမျိုးစိတ်မှု အစုစုကို**

**၅။ ပြုကာဆင်ခြင် သမ္ဗောဇ္ဈင်ဖြင့် ဉာဏ်မြင်တွေ့ဆ သင့်ကြောင့်ကြစေ သင့်ကထပ်မြော် တော်မတော်တည့် တော်သော်မှုချ**

**ကျိုးမရနှင့် အရကိုချိန် ကြံမတိန်နှင့် မမိုန်ညဏ်သွား စိစဉ်ထားလော့-**

**၆။ စီးပွားလောကီ ကြီးကြောင်းမှီ၏ မဂ်ဆီအရဟတ္တ နိဗ္ဗာန်ကျအောင် ရ၏အကျိုး မောက်ကာဖြိုး၍ စဉ်တိုးသတိ သမာဓိဖြင့် မိမိစိတ်တွင် သမ္ပဇဉ်ကို ဆင်ခြင်၍မြှော် ကြံတိုင်းပေါ်လိမ့် အဟော်ဝတ ကျိုးကြီးလှသည် ဗုဒ္ဓမြတ်စွာ ဟောရင်းတည်း။**

(သာဓု-သာဓု-သာဓု)

## ဝိဇယသုတ္တန်နည်း

တတိယမြောက်အနေနဲ့ ဝိဇယသုတ္တန်နည်းဖြင့် ဆက်လက်ပြီး ဝိပဿနာစေတီရင်ပြင်မှာ ရပ်တည်မှာဖြစ်ပါတယ်။ မင်းကွန်းတိပိဋက ဆရာတော်ကြီးရဲ့ ဆရာအရင်းက ဓမ္မနာဒ ဆရာတော်ကြီး ဦးပညာစက္ကဖြစ်ပါတယ်။ ဆရာတော် ဦးပညာစက္ကမှာ အနာဆိုးရောဂါဖြစ်လို့ မန္တလေးမြို့ကို ကြွရောက်ပြီးတော့ ခွဲစိတ်ရပါတယ်၊ မေ့ဆေးမပေးပဲနဲ့ ဆရာဝန်တွေခွဲစိတ်တာ အလွန်နာကျင် ကိုက်ခဲပေမယ့် ဆရာတော် ဦးပညာစက္ကဟာ တစ်ချက်မှ မငြီးပဲနဲ့ တည်တည်ငြိမ်ငြိမ်ခွဲစိတ်ခံယူခဲ့ပါတယ်။ ဒီအခါမှာတော့ တည်းခိုတဲ့ ကျောင်းက အာဝါသိက ဆရာတော်က အလွန်အံ့ဩတဲ့အတွက် ဓမ္မနာဒ ဆရာတော်ကြီးကို မေးမြန်းခဲ့ပါတယ် ဘယ်တရားကို နှလုံးသွင်းဆင်ခြင်ထားလို့ အလွန်နာကျင်မယ့် ခွဲစိတ်မှု ခံရပေမယ့် တချက်မှ မငြီးပဲနဲ့ တည်တည်ငြိမ်ငြိမ် ခံယူနိုင်ရပါသလဲဘုရားလို့ မေးမြန်းတဲ့အခါမှာတော့ ဓမ္မနာဒဆရာတော်ဘုရားကြီးဟာ ဝိဇယသုတ္တန်နည်း အတိုင်း ဖော်ပြထားတဲ့လင်္ကာ (၁၁)ပုဒ်ကို အခြေခံပြီးတော့ အကျယ်ရေးသား ချီးမြှင့်ခဲ့ပါတယ်၊ ဆရာတော်ကြီးရေးသားခဲ့တဲ့ လင်္ကာကို

ဆင်ခြင်ပြီးတော့ ဘုန်းဘုန်းတို့ ဝိပဿနာစေတီရင်ပြင်ကို ဆက်လက် ရပ်တည်မှာ ဖြစ်ပါတယ်၊ အောက်ကလင်္ကာ (၂)ပုဒ်ကတော့ ဓမ္မနာဒ ဆရာတော်ဘုရားကြီးရဲ့ တပည့်ရင်း မင်းကွန်းတိပိဋကဆရာတော်ကြီး ရေးသားသီကုံးတဲ့ လင်္ကာ ၂-ပုဒ်ဖြစ်ပါတယ်။ ခုဝိဇယသုတ္တန်နည်းဖြင့် ဆရာတော်ကြီး (၂)ပါးရဲ့ ဆင်ခြင်နည်း အတိုင်း စေတီရင်ပြင်မှာ ဆက်လက်ပြီးတော့ ရပ်တည်ကြရပါမယ်၊ မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်ကိုပဲ အာရုံပြုပြီးတော့ ညီညီညာညာ စေတီရင်ပြင်မှာ ရပ်တည်လိုက်ကြရအောင် -----

**(က) သွားလိုရပ်လို ထိုင်နေလို အိပ်လိုစိတ်ဟုသိ။**
**(ခ) စိတ်ကြောင့်ဖြစ်သော ဓာတ်ဝါယော နှံ့နှော ကိုယ်ဝယ်ပြည့်။**
**(ဂ) ဝါယောပြည့်သော် ဝိညတ်ပေါ် ရုပ်သော်သွားလာ၏။**
**(ဃ) ပုဂ္ဂိုလ်မသွား ငါမသွား ရုပ်သွား ဉာဏ်ဖြင့်ကြည့်။**
**(င) ပုဂ္ဂိုလ်မရပ် ငါမရပ် ရုပ်ရပ် ဉာဏ်ဖြင့်ကြည့်။**
**(စ) ပုဂ္ဂိုလ်မထိုင် ငါမထိုင် ရုပ်ထိုင် ဉာဏ်ဖြင့်ကြည့်။**
**(ဆ) ပုဂ္ဂိုလ်မအိပ် ငါမအိပ် ရုပ်အိပ် ဉာဏ်ဖြင့်ကြည့်။**
**(ဇ) ပုဂ္ဂိုလ်မကွေး ငါမကွေး ရုပ်ကွေး ဉာဏ်ဖြင့်ကြည့်။**
**(ဈ) ပုဂ္ဂိုလ်မဆန့် ငါမဆန့် ရုပ်ဆန့် ဉာဏ်ဖြင့်ကြည့်။**
**(ည) ပုဂ္ဂိုလ်မပြော ငါမပြော ရုပ်ပြော ဉာဏ်ဖြင့်ကြည့်။**
**(ဋ) ပုဂ္ဂိုလ်မကြား ငါမကြား ရုပ်ကြား ဉာဏ်ဖြင့်ကြည့်။**

**၁။ ဤကိုယ်ကာယ တလံမျှ၌ နှစ်ဝနာမ်ရုပ် ဖြစ်၍ချုပ်၏၊ နာမ်ရုပ်နှစ်ပါး အလွတ်ထား၍ ဤကားလိပ်ပြာ ဤကား ငါတည့် ဤမှာဇီဝ ဤအတ္တဟု ညွှန်ပြဖွယ်ရာ မရှိပါသည် ခန္ဓာနာမ်ရုပ် မျှသာတည်း။**

**၂။ နာမ်ရုပ်နှစ်ပါး ဤနှစ်ပါးလည်း ရှည်လျားကာလ မတည်ကြပဲ ခဏဖြစ်လျှက် ခဏပျက်၏ နှိပ်စက်ခြင်းရာ လိုမပါဘူး သဘာဝအား ဤသုံးပါးကြောင့် ဖြစ်ပွားသမျှ အနိစ္စသည် ဒုက္ခ+အနတ္တ ချည်းသာတည်း။** (သာဓု-သာဓု-သာဓု)

## အနတ္တလက္ခဏသုတ္တန်နည်း

စတုတ္ထမြောက်အနေနဲ့ အနတ္တလက္ခဏ သုတ္တန်နည်းဖြင့် ဝိပဿနာစေတီရင်ပြင်မှာ ဆက်လက် ရပ်တည်မှာဖြစ်ပါတယ်၊ မြတ်စွာဘုရားရှင်က အနတ္တလက္ခဏသုတ္တန် နောက်ပိုင်းမှာ ရုပ်,ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ်-ဟူသော ခန္ဓာငါးပါးကို တပါးစီ တပါးစီ ကလာပသမ္မသနနည်းဖြင့် ဝိပဿနာ ရှုမှတ်နည်းကို ဟောပြထားပါတယ်၊ မင်းကွန်းတိပိဋကဆရာတော်ကြီးက လင်္ကာလေးတွေ သီကုံးပေးထားပါတယ်၊ အဲဒီတော့ အနတ္တလက္ခဏသုတ္တန်နည်းနဲ့ ဝိပဿနာစေတီ ရင်ပြင်မှာ ဆက်လက်ပြီးတော့ ရပ်တည်လိုက်ကြရအောင်--

**၁။ ရုပ်ဟုတွင်မည် ခန္ဓာသည်ကား ရှည်မြင့်ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏ ခိုင်မြဲကျောမာ နှစ်မပါဘူး ပညာစက္ခု မြော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခအနတ္တာ မှန်လှစွာ၏ ငါ ငါ့ဉစ္စာ ငါ့လိပ်ပြာတို့ ဘာတစ်ခုမျှ မဟုတ်ကြသည် ဓမ္မသက်သက်ပါတကား။**

**၂။ ဝေဒနာတွင်မည် ခန္ဓာသည်ကား ရှည်မြင့်ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏ ခိုင်မြဲကျောမာ နှစ်မပါဘူး ပညာစက္ခု မြော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခအနတ္တာ မှန်လှစွာ၏ ငါ ငါ့ဉစ္စာ ငါ့လိပ်ပြာတို့ ဘာတစ်ခုမျှ မဟုတ်ကြသည် ဓမ္မသက်သက်ပါတကား။**

၃။ သညာတွင်မည် ခန္ဓာသည်ကား ရှည်မြင့်ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏ ခိုင်မြဲကျော်မာ နှစ်မပါဘူး ပညာစက္ခု မြော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခအနတ္တာ မှန်လှစွာ၏ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတစ်ခုမျှ မဟုတ်ကြသည် ဓမ္မသက်သက်ပါတကား။

၄။ သင်္ခါရမည် ခန္ဓာသည်ကား ရှည်မြင့်ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏ ခိုင်မြဲကျော်မာ နှစ်မပါဘူး ပညာစက္ခု မြော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခအနတ္တာ မှန်လှစွာ၏ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတစ်ခုမျှ မဟုတ်ကြသည် ဓမ္မသက်သက်ပါတကား။

၅။ ဝိညာဏ်ခြောက်မည် ခန္ဓာသည်ကား ရှည်မြင့်ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏ ခိုင်မြဲကျော်မာ နှစ်မပါဘူး ပညာစက္ခု မြော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခအနတ္တာ မှန်လှစွာ၏ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတစ်ခုမျှ မဟုတ်ကြသည် ဓမ္မသက်သက်ပါတကား။

## ဗာဟိယသုတ္တန်နည်း

ပဥ္စမြောက်အနေနဲ့ ဗာဟိယပရိဗိုဇ်အား ဘုရားရှင်ဟောခဲ့တဲ့ ဗာဟိယသုတ္တန်မှာလာတဲ့ **ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ**-အစရှိတဲ့ ဝိပဿနာနည်းထဲက တရားနာခြင်း တရားဟောခြင်းကို ဆင်ခြင်လို့ရတဲ့ **သုတေ သုတမတ္တံ ဘဝိဿတိ**-ဆိုတဲ့နည်းနဲ့ ဆင်ခြင်မှာဖြစ်ပါတယ်။ မင်းကွန်းတိပိဋက ဆရာတော်

ကြီးရဲ့ လင်္ကာလေးအတိုင်းပဲ ညီညီ ညာညာ ဗာဟိယသုတ္တန်နည်းဖြင့် ဝိပဿနာ စေတီရင်ပြင်မှာ ဆက်လက်ပြီး ရပ်တည်ကြရအောင်

**၁။ ကြားအပ် ကြားတတ် ဤနှစ်ရပ်ကား ဓာတ်အစုမျှ မည်သုတ ဓမ္မသက်သက်ပါတကား။**

**၂။ ပုဂ္ဂိုလ်မဟုတ် ငါမဟုတ် နာမ်ရုပ်အစုပါတကား။**

**၃။ ဖြစ်ပြီးလျှင်ပျက် သူ့အနက် သက်သက် အနိစ္စပါ တကား။**

**၄။ အဖြစ်အပျက် လွန်နှိပ်စက် သက်သက် ဒုက္ခပါတကား။**

**၅။ လိုမပါချက် သူ့အနက် သက်သက် အနတ္တပါတကား။**

(သာဓု-သာဓု-သာဓု)

## စူဠရာဟုလောဝါဒသုတ္တန်နည်း

ဆဋ္ဌမြောက်အနေနဲ့ စူဠရာဟု လောဝါဒသုတ္တန် နည်းဖြင့်လဲပဲ ဝိပဿနာစေတီရင်ပြင်မှာ ဆက်လက်ပြီးတော့ ရပ်တည်မှာဖြစ်ပါတယ် စူဠရာဟုလောဝါဒသုတ္တန်နည်းဟာ မင်းကွန်း တိပိဋက ဆရာတော်ကြီး အမြတ်မနိုးလုံးသွင်းတဲ့ ဝိပဿနာနည်းဖြစ်ပါတယ်၊ ဒီသုတ္တန် ဒေသနာ တော်မှာတော့ ဘုရားရှင်က စက္ခုပဉ္စက သောတပဉ္စက ဃာနပဉ္စ-စသည်ဖြင့် ပဉ္စက(၆)ခုထိ ဟောပြထားပါတယ်၊ ဒီမှာတော့ သောတ ပဉ္စကအနေနဲ့ ငါးချက်ကိုပဲ မင်းကွန်းတိပိဋက ဆရာတော်ကြီး အမြနှလုံးသွင်းတဲ့ စူဠရာဟုလောဝါဒသုတ္တန်နည်း ဝိပဿနာဖြင့် ဆက် လက်ပြီးတော့ စေတီရင်ပြင်မှာ ရပ်တည်ကြမှာ ဖြစ်ပါတယ်။

**(က) နားဟုတွင်မည် ရုပ်အကြည်ကား ရှည်မြင့်ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏ ခိုင်မြဲကျောမာ နှစ်မ ပါဘူး ပညာစက္ခု မြော်ထောက် ရှုလျှင် သူ့သဘာဝ အနိစ္စနှင့်**

ဒုက္ခအနတ္တာ မှန်လှစွာ၏ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတစ်ခုမျှ မဟုတ်ကြသည့် ဓမ္မသက်သက် ပါတကား။

(ခ) အသံတွင်မည် ရုပ်ထို့ဤလည်း ရှည်မြင့်ကာလ မတည်ထပဲ (ပ)ဓမ္မသက်သက် ပါတကား။

(ဂ) နားဌာနစွဲမှီ ဝိညာဏ်သည်လည်း ရှည်မြင့်ကာလ မတည်ထပဲ (ပ)ဓမ္မသက်သက် ပါတကား။

(ဃ) နားဌာနစွဲမှီ အတွေ့သည်လည်း ရှည်မြင့်ကာလ မတည်ထပဲ (ပ)ဓမ္မသက်သက် ပါတကား။

(င) နား၌အတွေ့ ကြောင်းပြု၍လျှင် ဖြစ်လေ့များးစွာ ဝေဒနာနှင့် သညာသင်္ခါရ ဝိညာဏဟု အစုလေးမည် ခန္ဓာသည်လည်း ရှည်မြင့်ကာလ မတည်ထပဲ (ပ) ဓမ္မသက်သက်ပါတကား။

(သာဓု-သာဓု- သာဓု)

## သစ္စာ(၄)ပါး အလံတံခွန်ထိုး တင်လှူခြင်း

ဘုန်းဘုန်းတို့ ဗောဓိပက္ခိယ ဓမ္မစေတီနဲ့ ပတ်သက်ပြီး အစိတ်အပိုင်း (၃)မျိုးပြီးသွားပါပြီ၊ ပြီးသွားတဲ့ (၃)ပိုင်းကတော့ (၁) ဓမ္မပူပ္ဖဂုဠ ကတ္တာ-ပါဌ်အရ ဘုရားဂုဏ်တော် ပန်းစည်း ပန်းကုံးအပိုင်း၊ (၂) ဓမ္မစေတီ သမုဿေတွာ-ပါဌ်အရ ဗောဓိပက္ခိယ ဓမ္မစေတီအပိုင်း၊ (၃) ဝိပဿနာစေတိယင်္ဂဏေ-ပါဌ်အရ ဝိပဿနာ ရင်ပြင်အပိုင်းတို့ ပြီးသွားပါပြီ၊ ဂါထာမှ "နိဗ္ဗုတော သော သသာဝကော"ဆိုတဲ့ ပါဠိတော်အရ ကောဏာဂုမ် မြတ်စွာဘုရားရှင်နှင့် တပည့်သာဝက ရဟန္တာတွေသော်မှ ပရိနိဗ္ဗာန်စံတော်မူရသေးလျှင် မိမိတို့လို သူသူငါငါ သာမညပုဂ္ဂိုလ်များလည်း မလွဲကေန် အမှန်ပင် ကွယ်လွန်အနိစ္စ ရောက်ကြရမည်ဆိုသည်ကို ပြလျက်ရှိပါတယ်၊ မရဏာနုဿတိ- သေခြင်းကို နှလုံးသွင်းရတဲ့ ဘာဝနာကို ပြပါတယ်၊ ထို့ကြောင့်

ဗောဓိပက္ခိယ ဓမ္မစေတီရင်ပြင်မှာ သေခြင်းတရားကို ပွားများရအောင်၊ ညီညီညာညာ ဆိုကြပါမယ်။

**အသက်စည်းစိမ် ခန္ဓာအိမ်ကား တည်မြဲမိကင်းလျက် ကြည့်ရင်းပျက်သို့ မျက်စိအောက်တွင် ပျောက်လွင့်စဉ်လျက် သခ်ါရစက် သူ့ပိုင်နက်သို့ သွက်သွက်လည်တာ ပါရှာသည် ခန္ဓာအနိစ္စပါတကား။**

**အသက်စည်းစိမ် ခန္ဓာအိမ်ကား (ပ) ခန္ဓာဒုက္ခပါတကား။**

**အသက်စည်းစိမ် ခန္ဓာအိမ်ကား (ပ) အနတ္တပါတကား။**

**ဘယ်သက်ရှယ်မှာ ဘယ်ရောဂါနှင့် ဘယ်ခါကာလ ဘယ်ဒေသရှိ ဘယ်ဂတိ၌ သေရမည့်တာ ဒို့သူငါ မှန်စွာ မသိပါတကား။**

**ဘုန်းကံကြီးမား ခြွေရံများ၍ ခွန်အားပြည့်မတ် ဣဒ္ဓိပါဒ်နှင့် အတတ်ပညာ ကြီးမြင့်ပါလည်း သတ္တဝါအားလုံး ကုန်အောင်ချုံး နောက်ဆုံး သေရမည်ပါတကား။**

စေတီတည်တဲ့အခါ နောက်ဆုံးမှာ ဓမ္မဒုဿဝိဘူသိတ်-ပါဠိတော်အရ အလံတံခွန်ထီးကို တင်လှူလိုက်ရင် စေတီဟာ ပူဇော်ပြီးသား ဖြစ်သွားပါတယ်၊ ဓမ္မဒုဿ= သစ္စာ (၄)ပါးတရား အလံတံခွန်ထီးဖြင့် မိမိတို့တည်ထားတဲ့ ဗောဓိပက္ခိယဓမ္မစေတီကို တင်လှူတော့မှာ ဖြစ်ပါတယ်။ အဲဒီတင်လှူတဲ့အခါ ဓမ္မစကြာ ပါဠိတော်မှာ လာတဲ့ သစ္စာ (၄)ပါး အကျဉ်းချုပ်ချက် ရှေးဦးစွာ ပါဠိဘာသာနဲ့

အရှင်တင်လျှမှာ ဖြစ်ပါတယ် ဓမ္မစေတီတည်တဲ့အခါ သစ္စာ(၄)ပါး အလံတံခွန်ထီးဟာ လိုရင်းဖြစ်ပါတယ်၊ သစ္စာ(၄)ပါးကို ပါဠိဘာသာဖြင့် ဓမ္မစကြာ ပါဠိတော်မှာ လာတဲ့အတိုင်း ညီညီညာညာ ရွတ်ဆိုပြီးတော့ အလံတံခွန်ထီးကို လှူ့တင်ပူဇော်လိုက်ကြပါကုန်စို့။

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။**

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ-ကာမတဏှာ ဘဝတဏှာ ဝိဘဝ တဏှာ။**

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။**

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပော သမ္မာဝါစာ သမ္မာ ကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။**

## သစ္စာ(၄)ပါး ကမ္မဋ္ဌာန်းလင်္ကာများ

ဒါက ဘုန်းဘုန်းတို့ ပါဠိဘာသာဖြင့် အလံ တံခွန်ထီးကို လွှင့်တင်တာဖြစ်ပြီးတော့ မြန်မာဘာသာဖြင့်လည်းပဲ ကျေးဇူးရှင် မင်းကွန်း တိပိဋကဆရာတော်ကြီးရဲ့ စတုသစ္စကမ္မဋ္ဌာန်း လင်္ကာဖြင့် အလံတံခွန်ထီးကို ဆက်လက်ပြီး လွှင့်တင်မှာဖြစ်ပါတယ်၊ ညီညီ ညာညာ ရွတ်ဆိုပြီးတော့ အလံတံခွန်ထီးကို တင်ပူဇော်လိုက်ကြ ပါကုန်စို့။

**၁။ ပဋိသန္ဓေ အိုနာသေဟူ လေးထွေရင်းမြစ် ဒုက္ခဖြစ်၏ မချစ်ယှဉ်တွဲ ချစ်သူကွဲနှင့် လိုလည်းမရ အကျဉ်း ပြသော် ပဉ္စုပါဒါ ငါးခန္ဓာ သစ္စာဒုက္ခ မှန်မောလှ။**

**၂။ ဒုက္ခဖြစ်ကြောင်း မကောင်းတဏှာ လောဘမှာ သစ္စာ သမုဒယ မှန်မောလှ။**

**၃။ တဏှာချုပ်ရာ နိဗ္ဗာန်မှာ သစ္စာနိရောဓ မှန်မောလှ။**

**၄။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအသိ ကောင်းသိ အကြံ ကောင်းသံဆိုပြော ကောင်းသောအပြု ကောင်းမှုသက်မွေး ကောင်းရေးလုံ့လ ကောင်းထ သတိ ကောင်းဘိတည်ကြည် ဤရှစ်မည် တွင်ညီမဂ္ဂ မှန်မောလှ။** (သာဓု-သာဓု-သာဓု)

မဟာစည်ဆရာတော်ဘုရားကြီးရဲ့ စတုသစ္စကမ္မဋ္ဌာန်း လင်္ကာဖြင့်လဲ ထီးတော်အလံ တံခွန်ကို ဆက်လက်ပြီးတော့ တင်မှာ ဖြစ်ပါတယ်၊ ညီညီညာညာ သစ္စာကမ္မဋ္ဌာန်း အလံတံခွန်ထီးဖြင့် တင်လှူပူဇော်ကြ ပါကုန်စို့။

(၁) ဖြစ်အိုသေရေး စိုးရိမ်ဆွေး ငိုကြွေးကိုယ်နာကျင်။
နှလုံးမသာ စိတ်ပြင်းစွာ ပူတာဆင်းရဲပင်။
မုန်းတာနှင့်တွဲ ချစ်တာကွဲ ဆင်းရဲအမှန်ပင်၊
မရတာလို ဒုက္ခဆို တိုတို ပြောရလျှင်။
စွဲလမ်းနိုင်ရာ ငါးခန္ဓာ သစ္စာဒုက္ခပင်။
(၂) ကာမတဏှာ ကောင်းနိုးရာ သာယာနှစ်သက်မှု။
ဘဝတဏှာ သဿတာ ထင်ကာ နှစ်သက်မှု။
ဝိဘဝမှာ ဥစ္ဆေဒါ ထင်ကာနှစ်သက်မှု။
ဆင်းရဲပွားရန် အကြောင်းမှန် သုံးတန်တဏှာစု။
(၃) တဏှာချုပ်က နိရောဓ ဒုက္ခအငြိမ်းမှန်။
(၄) မှန်စွာမြင်သိ ကြံမိမှန်တန် မှန်စွာပြောပြု ရှာမှု
လမ်းမှန်။
မှန်စွာကြောင့်ကြ မှတ်ရမှန်ကန် စူးစိုက်ကပ် ရှစ်ရပ်
မဂ်လမ်းမှန်။
မူလပုဗ္ဗ အရိယ သုံးဝမဂ္ဂင်မြတ်၊
ဖြစ်ပွားစေလျှင် ဤမဂ္ဂင် ပြေးဝင်နိဗ္ဗာန်ဓာတ်။
(သာဓု-သာဓု-သာဓု)

နောက်ဆုံးအနေနဲ့ မိုးကုတ်ဆရာတော် ဘုရားကြီးရဲ့ စတုသစ္စ ကမ္မဋ္ဌာန်းလင်္ကာဖြင့် ထီးတော်ကို သစ္စာ (၄)ပါး အလံတံခွန် လွှင့်တင်မှာ ဖြစ်ပါတယ်၊ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ စတုသစ္စ ကမ္မဋ္ဌာန်းလင်္ကာ(၄)ခုဖြင့် အလံတံခွန်ကို လွှင့်တင်ပူဇော်လိုက်ကြပါကုန်စို့။

**(၁) ဖြစ်ပျက်သမျှ သင်္ခါရ-ဒုက္ခသစ္စာမှတ်။**
**(၂) ဖြစ်ပျက်မှုတွင် ငါကောင်ထင်-ခင်မင်သမုဒယမှတ်။**
**(၃) ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း-ချုပ်ဆုံးနိဗ္ဗာန်မှတ်။**
**(၄) ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင်-သိမြင်မဂ်ဟုမှတ်။**

(သာဓု-သာဓု-သာဓု)

စွယ်တော်ကြွရောက်လာခြင်း ၁၀-နှစ်ပြည့် အထိမ်းအမှတ်မှာ ရွှေပြဿာဒ်မှန်ကျောင်းဆောင် လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားမှာ ဗောဓိပက္ခိယဓမ္မစေတီကို မိမိတို့ရဲ့ နှလုံးသားမှာ တည်ထားကိုးကွယ် ပူဇော်ပြီးသွားပါပြီ၊ ဂါထာဒေသနာလာ တရားတွေကို အကျဉ်းချုပ်ပြောရလျှင် (၁) ဓမ္မစေတီ သမုဿေတွာ-ပါဠိတော်က ဗောဓိပက္ခိယတရား ဓမ္မစေတီဟုဆိုအပ်သော ဓမ္မာနုဿတိဘာဝနာကို ပြပါတယ်၊ (၂) ဓမ္မဒုဿဝိဘူသိတံ-ပါဠိကတော့ သစ္စာလေးပါး တရားအလံတံခွန်ထီးဟုဆိုအပ်သော ဝိပဿနာဘာဝနာကို ပြလျက်ရှိပါတယ်၊ (၃) ဓမ္မပုပ္ဖဂုဠံ ကတွာ-ပါဠိကတော့ ဘုရားဂုဏ်တော် ပန်းစည်းပန်းကုံးဟုဆိုအပ်သော ဗုဒ္ဓါနုဿတိဘာဝနာကို ပြပါတယ်၊ (၄) နိဗ္ဗုတော သော သဿာဝကော-ဆိုတဲ့ ပါဠိကတော့ သေခြင်းတရားပွားများတဲ့ မရဏာ နုဿတိ ဘာဝနာကို ပြပါတယ်၊ ဒီလိုဘာဝနာမျိုးစုံကို ဒီဂါထာက ပြလျက်ရှိသဖြင့် နေ့စဉ်နေ့တိုင်း ဗောဓိပက္ခိယဓမ္မစေတီကို တည်ထား ကြပြီး ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ မရဏာနုဿတိနှင့် ဝိပဿနာ ဘာဝနာကို ပွားများနိုင်ကြပါစေ၊ ဒီနေ့ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှု တွေကို

စွယ်တော် ရတနာစေတီစောင့်နတ်၊ လှုရတနာ ကျောင်း စောင့်နတ်၊ ညောင်တုန်းကျောင်းစောင့်နတ်၊ ဗောဓိပင်စောင့် ရုက္ခစိုး နတ်၊ လောကစောင့်နတ်၊ သာသနာစောင့်နတ်၊ သိကြားနတ်မင်း၊ မိုးနတ်မင်းစသည်တို့ကို အမျှပေးဝေကြပါကုန်စို့၊ ဘုရားဒကာ ဘုရားအမတွေနဲ့တကွ သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကုန်သတည်း။

လှုရတနာဆရာတော်

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄-ရက်၊

ခရစ်နှစ် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၈-ရက်၊ တနင်္ဂနွေနေ့



# ဝိပဿနာစေတီရင်ပြင်

## ရွှေတောင်ကုန်းဆရာတော်၏ ဩဝါဒ

ဒီနေ့က ဗုဒ္ဓမြတ်စွယ်တော် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှူရတနာကျောင်းသို့ ကြွရောက်လာတဲ့ (၁)နှစ်ပြည့် အထိမ်းအမှတ်၊ ထို (၁)နှစ်ပြည့် အထိမ်းအမှတ်၌ ဝမ်းမြောက်ဖွယ်၊ နာယူဖွယ်က **ဝိပဿနာစေတီရင်ပြင် တရားတော်**၊ ဒီနေ့ဟောမဲ့ တရားဟာ ဝိပဿနာ စေတီရင်ပြင်တရားတော်၊ ဒီဝိပဿနာ စေတီရင်ပြင်တရားကို ဟောဖြစ်တာကတော့ ရန်ကုန်မြို့၊ ဗဟန်း၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးကို အကြောင်းပြုပြီးတော့ ဒီနေ့ ဝိပဿနာစေတီရင်ပြင် တရားတော်ကို ဟောဖြစ် တာပါပဲ။ လွန်ခဲ့တဲ့ (၁)လကျော်တုန်းက ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော်ကြီး ရွှေဂုံတိုင်အထူးကု ဆေးခန်းမှာ ဆေးရုံတက်နေတဲ့အချိန် အဲဒီအချိန်မှာပဲ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ဆွမ်းစားကျောင်းဆောင်ဆောက်ဖို့ အင်ဂျင်နီယာ၊ ဗိသုကာတွေနဲ့ ညောင်တုန်းတိုက်ဆရာတော်ကြီးကို သွားပြီးတော့ လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက တခြားကျောင်းတိုက်တွေရဲ့ ဆွမ်းစား ကျောင်းကိုလည်း သွားပြီးလေ့လာအုံးလို့ တိုက်တွန်းတဲ့အတွက် ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို ဘုန်းဘုန်းနဲ့ အင်ဂျင်နီယာတွေ ဗိသုကာတွေ သွားပြီးတော့ လေ့လာကြတယ်။

အဲဒီလိုလေ့လာတဲ့အခါမှာ စွယ်တော်ဝတ်ရွတ်စဉ် စာအုပ်ကိုလည်း ဆရာတော်ကိုကပ်ဖို့ ယူလာခဲ့တယ်။ ဟိုရောက်တော့ ရွှေတောင်ကုန်း ဆရာတော်ကို စွယ်တော်ဝတ်ရွတ်စဉ် စာအုပ် ကပ်လှူလိုက်တယ်။ ကပ်လှူတဲ့အခါမှာလည်း ဆရာတော်မှတ်မိအောင် လျှောက်ထားရသေးတယ်။ တပည့်တော် ညောင်တုန်းကျောင်းတိုက်က

စာချဘုန်းကြီးပါ။ ဆရာတော်ရဲ့ တပည့် သာမဏေကျော် စာရေးဆရာ ဘုန်းကြီးနဲ့ သူငယ်ချင်းပါ၊ လွန်ခဲ့တဲ့ (၃)နှစ်လောက်က တပည့်တော် တို့ လာရောက် ဖူးမျှော်ဖူးပါသေးတယ်။ ဆရာတော် အမှတ်ရအောင် လျှောက်ထားလိုက်တယ်။

လွန်ခဲ့တဲ့ (၃)နှစ်လောက်က ဦးသန်းစိန်- ဒေါ်တင်တင်မြိုင် တို့နဲ့ ဆရာတော်ထံကို သာမဏေကျော်ကနေ တစ်ဆင့် သွားရောက် ပြီးတော့ ဖူးမျှော်ခဲ့တယ်။ ဒီလိုလျှောက်ထားလိုက် တဲ့ အခါကျတော့ ဆရာတော်က အမှတ်ရ သွားတယ်။ သိပြီးတဲ့နောက် စွယ်တော် ဝတ်ရွတ်စဉ် စာအုပ်ကို ကိုင်ကြည့်တဲ့အခါ **"သြော်--စွယ်တော်ကို ဌာပနာ ပြီးတော့ တည်ထားတဲ့ ရတနာစေတီကိုး၊ ဒီရတနာ စေတီမှာ ဓာတု စေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂ စေတီ၊ ဒီ(၄)မျိုးလုံးလည်း ဌာပနာထားတာကိုး၊ အဓိက ကတော့ အပြင်ဘက်မှာ စေတီ တွေတည်တာထက် မိမိရဲ့ စိတ်နှလုံးမှာ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ၊ တရားတော်တွေ ကိန်းဝပ်ဖို့ ဓမ္မစေတီတည်ဖို့က ပိုပြီးတော့ အရေးကြီး ပါတယ်"**။

**ဓမ္မစေတီ သမုဿေတွာ၊ ဓမ္မဒုဿ ဝိဘူသိတံ။**
**ဓမ္မပုပ္ဖ ဂုဠံ ကတွာ၊ နိဗ္ဗုတော သော သသာဝကော။**

*(ဗုဒ္ဓဝံသ ပါဠိတော်)*

ဒီဗုဒ္ဓဝံသ ပါဠိတော်မှာလာတဲ့အတိုင်း ဘုရားရှင် ကိုယ်တိုင် လည်းပဲ ဓမ္မစေတီကို တည်ခဲ့ တာပါပဲတဲ့။ ဓမ္မစေတီတည်တဲ့အခါ မိမိရဲ့ခန္ဓာကိုယ် စိတ်နှလုံးအတွင်းမှာ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ၊ တရားတော်တွေ ကိန်းဝပ်လို့ရှိရင် ဓမ္မစေတီတော်လို့ ခေါ်ရတာပါပဲတဲ့။ ရှေ့တုန်းကတော့ ပေစာရွက်တွေ၊ စာအုပ်တွေမှာ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်း၊ သစ္စာလေးပါးစတဲ့ တရားတော်တွေကို ရေးပြီးတော့ အဲဒီ

စာပေတွေ၊ စာအုပ်တွေကို စေတီ အတွင်းမှာ ဌာပနာသွင်းတာကို ဓမ္မစေတီလို့ ခေါ်ကြတယ်တဲ့။ မိမိရဲ့ခန္ဓာကိုယ်စိတ်အစဉ် သန္တာန်မှာ ဂုဏ်တော်တွေ၊ တရားတွေကိန်းဝပ်အောင် ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ၊ တရားတွေကို ဆင်ခြင်မယ်ဆိုရင် မိမိရဲ့ စိတ်နှလုံးသားထဲမှာ ဓမ္မစေတီတည်ပြီးသား ဖြစ်သွားတာပါပဲ။ မြတ်စွာဘုရားရှင်ဟာ ဓမ္မပန်းတွေကိုလည်း ခြွေချခဲ့ပါတယ်။ မြတ်စွာဘုရား ခြွေချခဲ့တဲ့ ဓမ္မပန်းတွေကို သီကုံးပြီး ပန်ဆင်ဖို့ပဲ လိုပါတယ်။ အဲဒီလို စသည်ဖြင့် ရွှေတောင်ကုန်းဆရာတော်က ဓမ္မစေတီ အကြောင်းကို အမိန့်ရှိသွားတယ်။

အဲဒီလို အမိန့်ရှိတဲ့ အခါ ဘုန်းဘုန်းတို့ အနေနဲ့ ဒီစွယ်တော်ရတနာစေတီ တပေါင်းလ ဘုရားပွဲကျင်းပတဲ့ အချိန်တုန်းက တရားပွဲကြီးတွေ ကျင်းပတဲ့အခါ တိပိဋက ယောဆရာတော်ရဲ့ **"နှလုံးသားဝယ် ဘုရားတည်"**ဆိုတဲ့ တရားကို နာထားပြီးသားဖြစ်တော့ ရွှေတောင်ကုန်း ဆရာတော်အမိန့်ရှိတဲ့ ဩဝါဒကို နားထောင်တဲ့အခါ ပိုပြီးတော့ နားလည် သဘောပေါက်သွားတယ်။ ဒါနဲ့ပဲ ဆရာတော်ထံ အကျိုးအကြောင်း လျှောက်ထားပြီးတော့ ပြန်လာကြတယ်။ ကျောင်းကို ရောက်တော့ ဆရာတော်ရွတ်တဲ့ ဗုဒ္ဓဝံသပါဠိတော်ကို ရှာတဲ့အခါ ဗုဒ္ဓဝံသ ပါဠိတော်ဂါထာကို သွားတွေ့တယ်။ သွားတွေ့တော့ ဂါထာရဲ့ အဓိပ္ပါယ်ကိုကြည့်လိုက်တဲ့အခါ အင်မတန်ကိုပဲ လေးနက်တာကို သွားတွေ့ရတယ်။ ဒီပါဠိတော်ရဲ့ အဖွင့်အဋ္ဌကထာကို ကြည့်လိုက်ပြန်တော့ အဋ္ဌကထာကလည်း ပါဠိတော် ကောင်းသလောက် အဋ္ဌကထာဖွင့်ကလည်း ကောင်းတာကို သွားတွေ့တဲ့အခါကျတော့ ဒီဂါထာလေးကို မရွတ်ဘဲ မနေနိုင်လောက်အောင်ကိုပဲ ကျေနပ်မှု ရသွားတယ်။ ဒီဂါထာလေးရဲ့ အဓိပ္ပါယ်ကို စဉ်းစားတိုင်း၊ စဉ်းစားတိုင်း ဝမ်းသာမှု၊ ကျေနပ်မှုတွေ ဖြစ်ပွားရတယ်။ အထူးသဖြင့် အဋ္ဌကထာ

အဖွင့်ကို လေ့လာလိုက်တဲ့အခါ အဋ္ဌကထာဆရာက ဝိပဿနာ စေတီရင်ပြင်လို့ ဖွင့်လိုက်တော့ ပိုပြီး အားရကျေနပ်သွားတယ်။ မိမိ ကိုယ်တိုင် အားရကျေနပ်ရုံနဲ့တင် မပြီးသေးဘူး။ ဒီစေတီကို တည်ထားတဲ့ ဘုရားဒါယကာ၊ ဒါယိကာမတွေ အနေနဲ့လည်းပဲ ဒီစေတီကို အကြောင်းပြုပြီးတော့ ဓမ္မစေတီတွေ ဓမ္မအလံတွေ၊ ဓမ္မ တံခွန်တွေ၊ ဓမ္မပန်းစည်း ပန်းကုံးတွေ ဝိပဿနာ စေတီရင်ပြင် အကြောင်းတွေကို သိသွားလို့ရှိရင် ပိုပြီးတော့ အကျိုးများမှာပဲ။ ဝမ်းမြောက်ဝမ်းသာ ဖြစ်မှာပဲ။ အဲဒီလို စိတ်ထဲမှာ ပေါ်လာတဲ့အခါ ဒါကိုတော့ စွယ်တော် ညောင်တုန်းတိုက်ကို ရောက်တာ (၁)နှစ်ပြည့်တဲ့ အခါ အကျယ်ဟောပြပေးမှပဲလို့ အဲဒီလို စဉ်းစားပြီးတော့ (၁)နှစ်ပြည့် အထိမ်းအမှတ် စီစဉ်လိုက်ရတာပါပဲ။

## စွယ်တော် ရတနာစေတီ တည်ထားပုံ

ဒီတနှစ်ပြည့်အထိမ်းအမှတ်စီစဉ်တဲ့အခါ ဒီစွယ်တော် ရတနာစေတီနဲ့ ပတ်သက်လို့ စွယ်တော်ပွားကို ဘယ်ရက်မှာ ပွားခဲ့ သလဲဆိုတော့ စာစာက ဦးသိန်းလှိုင် ပြောပြတဲ့အတိုင်း (၂၀၀၂) ခုနှစ်၊ ဩဂုတ်လ (၇)ရက်နေ့မှာ စွယ်တော် အစစ်ကနေပြီး စွယ်တော်ကို ပွားလာခဲ့တယ်။ မြန်မာပြည်ကိုတော့ ၂၀၀၂-ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့မှာ ရောက်ရှိလာပါတယ်။ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ လှုရတနာကျောင်းကိုတော့ ၁၃၆၄ ခုနှစ်၊ တော်သလင်းလဆန်း(၁) ရက်၊ စနေနေ့မှာ **"ဩဇာသီးရင့် စွယ်တော်ပင့်၊ ဆန်းစ စနေ တော်သလင်းပေ"** ဆိုတဲ့ ဆိုရိုးစကား အတိုင်း ညောင်တုန်းကျောင်းတိုက်ကို ကြွရောက်လာပါတယ်။ ညောင်တုန်းကျောင်းတိုက်ကို ကြွရောက်ပြီးတဲ့နောက် ဒီစွယ်တော်ဟာ ရွှေတိဂုံစေတီ တော်ကြီးကို လက်ယာရစ်ပတ်ပြီး တော့ ထီးတော်ရိပ်ကို

ခိုလှုံခဲ့တယ်။ မဟာမြတ်မုနိ ဘုရားကြီးနဲ့ လောကချမ်းသာ အဘယ လာဘ မုနိဘုရားရှင်တို့၏ ရင်ငွေ့တော်ကိုလည်းပဲ ခိုလှုံ ပြီးတော့ ထိုဘုရားရှင်တို့အား ပူဇော်မှုကိုပြုခဲ့တယ်။ ပူဇော်မှုကိုပြုပြီးတော့ စေတီကို စပြီးတည်တဲ့ နေ့ရက်ကတော့ ၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၁၂)ရက် ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့မှာ စေတီကို စပြီးတော့ တည်ခဲ့တယ်။ စေတီရဲ့ အရွယ်အစားက ဉာဏ်တော်အမြင့် (၂၁) လက်မ ပန္နက်ဗျက် အကျယ် ၁၃ လက်မခွဲ အတိုင်းအတာ ပမာဏရှိခဲ့တယ်။ စေတီထဲမှာ ဌာပနာခဲ့တဲ့ ပစ္စည်း တွေက ဓမ္မစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီဆိုတဲ့ စေတီ (၄)မျိုးလုံးပဲ ဌာပနာပြီး တည်ထားခဲ့တယ်။ စွယ်တော်စေတီ၊ အမျိုးအစား (၂)မျိုးထဲက စွယ်တော်ကို စေတီအတွင်းမှာ ဌာပနာသွင်း ပြီးတော့ တည်ထားတဲ့ စွယ်တော်စေတီအမျိုး အစားထဲမှာ ပါရှိလာတယ်။ စွယ်တော်ကို ပူဇော်ထားတဲ့ ရွှေချိန်ပေါင်းက (၁၀၂ ကျပ် ၈ ပဲ ၂ ရွေး)ရှိပြီးတော့ စေတီမှာ ပူဇော်ထားတဲ့ ပတ္တမြား - စိန် အစရှိတဲ့ ရတနာပွင့်အရေအတွက်ကတော့ (၅၈၃) ပွင့် အရေအတွက် ရှိတယ်။ စေတီအလှူရှင်ကတော့ (၇)ရက်သားသမီးအားလုံး စုပေါင်းပြီးတော့ တည် ထားခဲ့တာပါပဲ။

ဒီစေတီကို ရွှေထီးအထွဋ်တင်တဲ့နေ့ရက်က ၁၃၆၄ ခုနှစ်၊ တပေါင်းလဆန်း ၁၂ရက်၊ သောကြာနေ့မှာ ရွှေထီးအထွဋ်တင်ပြီးတော့ ပွဲတော်ကျင်းပတဲ့ရက်ကတော့ တပေါင်းလ ပြည့်နေ့မှာ သံဃာတော် (၂၀၀)ကျော် အနေကဇာ တင်ပြီးတော့ ပွဲတော်ကျင်းပခဲ့တယ်။ ဒီစေတီနဲ့ ပတ်သက်တဲ့ သမိုင်းမော်ကွန်း ကမ္ပည်းကြေးစာကို ၁၃၆၅ ခုနှစ်၊ ကဆုန်လပြည့် ကြာသပတေးနေ့မှာ ဖွင့်ပြီးတော့ စွယ်တော် ရတနာ စေတီရဲ့ အခြံအရံ တွေကတော့ စေတီပုံတော် ပိုစတာ၊ ငါးဘာသာ မော်ကွန်းကြေးစာ၊ စေတီသမိုင်းစာအုပ် စွယ်တော်

ဝတ်ရွတ်စဉ်စာအုပ်၊ စေတီတော်ဂေါပကအဖွဲ့ အဲဒီလို ဒီစေတီနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေဟာ တစ်နှစ်ပြည့်တဲ့အခါမှာ အပြည့် အစုံ ပေါ်ထွက်လာခဲ့တယ်။ ဒါပေမယ့် ဒီစေတီနဲ့ ပတ်သက်ပြီးတော့ ရွှေတောင်ကုန်းဆရာတော် ရွတ်ပြလိုက်တဲ့ ဓမ္မစေတီတည်ထားပုံ၊ ဓမ္မအလံ တံခွန်ထီးတွေဆင်ထားပုံ ဓမ္မပန်းစည်း၊ ပန်းကုံးတွေ ပန်ဆင်ပုံ ဝိပဿနာစေတီရင်ပြင်မှာ ရပ်တည်ပုံ၊ ဒါတွေကိုတော့ တစ်ကြိမ်မှ ဒီစေတီနှင့် ပတ်သက်ပြီးတော့ မပြောပြခဲ့ရဘူးဖူး။ အဲဒီတော့ ဒီနေ့ ဒီအကြောင်းကို ပြောပြရအောင်၊

**ကောဏာဂုံဘုရား ဖူးခွင်မှ ဂါထာဒေသနာ**

**မဟာဇနဿ ဝိပဿနာ စေတိ ယင်္ဂဏေ ဌိတဿ နမဿတ္ထာယ။** *(အဋ္ဌကထာ)*

**ဓမ္မစေတိ သမုဿေတွာ၊ ဓမ္မဒုဿ ဝိဘူသိတံ။**

**ဓမ္မပုပ္ဖ ဂုဠ် ကတွာ၊ နိပ္ဖုတော သော သသာဝကော။**

*(ဗုဒ္ဓဝံသ ပါဠိတော်)*

ဒီဂါထာကိုဟောတာက ဂေါတမမြတ်စွာ ဘုရားရှင်က ဟောပြတယ်။ ဘယ်ဘုရားအတွက် ဟောပြတာလဲဆိုတော့ ကောဏာဂုမ် မြတ်စွာဘုရားရှင်အတွက် ဟောပြတာပါ၊ ကောဏာဂုမ် မြတ်စွာ ဘုရားရှင်ဟာ လောကရဲ့ အကျိုးကို သယ်ပိုးပြီးတဲ့နောက် ပရိနိဗ္ဗာန် စံလွန်တော်မူ သွားပြီးတဲ့အခန်းမှာ ဂေါတမဘုရားရှင်က ဟောပြတဲ့ ဂါထာလေးပါပဲ။

**သော၊** ထိုကောဏာဂုမ်မြတ်စွာ ဘုရားရှင်သည်။ **ဝိပဿနာ စေတိယင်္ဂဏေ၊** ဝိပဿနာတရား တည်းဟူသော စေတီရင်ပြင် ပေါ်၌။ **ဌိတဿ၊** တည်သော။ **မဟာဇနဿ၊** သတ္တဝါအပေါင်း၏၊ **နမဿနတ္ထာယ၊** ရှိခိုးပူဇော်စိမ့်သောငှါ။ **ဓမ္မဒုဿဝိ ဘူသိတံ-**

သစ္စာ(၄)ပါး တရားတော်ဟူသော အလံတံခွန်ထီးတို့ဖြင့် တန်ဆာဆင်အပ်သော၊ **ဓမ္မစေတိံ-** ဗောဓိပက္ခိယတရား (၃၇)ပါးတည်းဟူသော ဓမ္မစေတီကို။ **သမုဿေတွာ၊** စိုက်ထောင် တည်တော်မူပြီး၍။ **ဓမ္မပုပ္ဖဂုဠံ၊** တရားပန်းစည်း ပန်းကုံးကို၊ **ကတွာ၊** သီကုံးပြီးလျှင်၊ **သဿာဝကော** -တပည့်သား သာဝကအပေါင်းနှင့်တကွ၊ **နိဗ္ဗုတော** -ပရိနိဗ္ဗာန်ပြုတော်မူပြီ။ ဒီလို အဓိပ္ပါယ်ရတဲ့ ဂါထာလေးပါပဲ။

ဒီဂါထာမှာ ဓမ္မနှင့်ပတ်သက်လို့ ပါဠိတော်က (၃)ချက် ပါလာတယ်။ **ပထမ - ဓမ္မစေတိ၊** ဓမ္မစေတီဆိုတာ ဘာကိုပြောတာလဲ အဋ္ဌကထာဆရာက ဖွင့်ပြသွားတယ်။ ဗောဓိပက္ခိယတရား (၃၇)ပါးဟာ ဓမ္မစေတီပါပဲတဲ့။ နောက် **ဒုတိယမြောက် ဓမ္မက ဓမ္မဒုဿ - တရား အလံ တံခွန်ထီး၊** အဲဒီဗောဓိပက္ခိတရား (၃၇)ပါးတည်းဟူသော ဓမ္မစေတီမှာ တင်ထားတဲ့ အလံတံခွန်းထီး ဆိုတာဘာလဲ၊ ဓမ္မအလံ တံခွန်ထီးဆိုတာ သစ္စာ (၄)ပါးပါပဲတဲ့။ သစ္စာ လေးပါးကို သိမြင်မှ မဂ်ဖိုလ် နိဗ္ဗာန်ရတယ်ဆိုတော့ တရားတွေထဲက အထွဋ်အမြတ်ပါပဲ - စေတီမှာလဲ အထွဋ် အမြတ်ဟာ အလံတံခွန်ထီးပါပဲ။ ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့ အလိုတော်ကိုသိတဲ့ အဋ္ဌကထာဆရာက တရား အလံတံခွန် ထီးဆိုတာ သစ္စာ (၄)ပါးပါပဲတဲ့။ **တတိယမြောက် ဓမ္မက-ဓမ္မပုပ္ဖဂုဠံ တရားတည်းဟူသော ပန်းစည်း ပန်းကုံး၊** တရားတည်းဟူသော ပန်းစည်းပန်းကုံးဆိုတာကတော့ မြတ်စွာ ဘုရားရှင်ဟောခဲ့တဲ့ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အင်္ဂါ ကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်သော တရားတွေဟာ ပန်းစည်း ပန်းကုံးတွေပါပဲ။ အဲဒီတော့ မြတ်စွာဘုရားရှင်က ဂေါတမဂုမ်မြတ်စွာဘုရားရှင်ဟာ ဗောဓိပက္ခိယတရား (၃၇)ပါး တည်းဟူသော ဓမ္မစေတီကို ကိုယ်တိုင်တည်သွားတယ်။ အဲဒီစေတီမှာ သစ္စာ(၄)ပါးတည်းဟူသော အလံတံခွန်ထီးတွေလဲ လွှင့်တင်သွားတယ်၊ အဲဒီစေတီမှာ သစ္စာ (၄)ပါးတရားဟူသော အလံတံခွန်ထီးတွေ လွှင့်တင်ထားတဲ့ ဓမ္မ

စေတီကို ဝေနေယျ သတ္တဝါတွေ ပူဇော်နိုင်ဖို့ ပန်းစည်းပန်းကုံးတွေလည်း သီကုံးပေးခဲ့ပါတယ်။ အဲဒီလို ဂါထာရဲ့ အဓိပ္ပါယ်ကို သုံးမျိုးနားလည် သဘောပေါက်ရတယ်။

အဲဒီတော့ ဓမ္မစေတီကို၊ ဓမ္မတရား ပန်းစည်းပန်းကုံးတွေနဲ့ ပူဇော်တဲ့အခါ စေတီရင်ပြင်ပေါ်ကနေ ပူဇော်ကြရတယ်။ အဲဒီ စေတီရင်ပြင်က ဘယ်စေတီရင်ပြင်လဲလို့ မေးစရာရှိလို့ အဋ္ဌကထာဆရာက ဖြည့်ပြီးတော့ ဖွင့်ပြထားတယ်။ **ဝိပဿနာစေတိယင်္ဂဏေ**-ဝိပဿနာတရားတည်းဟူသော စေတီရင်ပြင်ပေါ်၌။ **ဌိတဿ** -ရပ်တည်လျက်၊ **နမဿနတ္ထာယ** -ပန်းစည်းပန်းကုံးတို့ဖြင့် ပူဇော်ခြင်းအကျိုးငှါ၊ အဲဒီတော့ ဝိပဿနာတည်းဟူသော စေတီရင်ပြင်ပေါ်ကနေ ရပ်တည်ပြီးတော့ ပူဇော်ဖို့အတွက် ကောဏာဂုမ် မြတ်စွာဘုရားရှင်ဟာ ကိုယ်တော်တိုင် ဓမ္မစေတီကို တည်ထားခဲ့ပါတယ်တဲ့။ အဲဒီလို ဒီဂါထာနဲ့ ဒီအဋ္ဌကထာရဲ့ အဓိပ္ပါယ်ကို အကျဉ်းချုပ်ပြီးတော့ နားလည်သဘော ပေါက်ရပါတယ်။

အဲဒီလို နားလည်တဲ့ အခါကြတော့ ဘုန်းဘုန်းတို့က ဘာကို ပြန်ပြီးတော့ သတိရလဲဆိုတော့ မိမိတို့ တည်လိုက်တဲ့ စွယ်တော်ရတနာစေတီမှာ ခုဒီဂါထာမှာလာတဲ့ ဗောဓိပက္ခိယ တရား(၃၇)ပါး ဓမ္မစေတီ။ သစ္စာ(၄)ပါး အလံ တံခွန်ထီး မြတ်စွာဘုရားရှင် ဟောကြားခဲ့တဲ့ တရားတည်းဟူသော ပန်းစည်းပန်းကုံး၊ ဝိပဿနာ တရားတည်းဟူသော စေတီရင်ပြင် ဒါတွေကော ပါရဲ့လားလို့ မိမိတို့တည်းထားတဲ့ စွယ်တော်ရတနာ စေတီကို ပြန်ပြီးလေ့လာ ကြည့်လိုက်တဲ့အခါ ဒီစေတီအတွင်းမှာ ခုဗုဒ္ဓဝံသပါဠိတော် အဋ္ဌကထာမှာ ဟောပြောလိုက်တဲ့ ဓမ္မလေးမျိုးစလုံး အပြည့်အစုံပါဝင်တာကို သွားပြီးတွေ့လိုက်ရတယ်။ တွေ့ရတဲ့အခါကျတော့ အင်မတန်မှကိုပဲ ဝမ်းမြောက်ဝမ်းသာဖြစ်ရတယ်။ တို့တည်လိုက်တဲ့ စွယ်တော်ရတနာစေတီအတွင်းမှာ

ကောဏာဂုမ် ဘုရားရှင် တည်ထားတဲ့ ဓမ္မစေတီလဲ ပါတယ်။ ဓမ္မတံခွန်ထီးတွေလဲပါတယ်။ ဓမ္မပန်းစည်း ပန်းကုံးတွေလဲပါတယ်။ ဝိပဿနာ တရားစေတီ ရင်ပြင်တွေလဲ ပါနေပါလားလို့ အဲဒီလိုသိလိုက်ရတဲ့အခါမှာတော့ အလွန့်အလွန်ကိုပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ ဒီလေးမျိုးလုံး ပါနေတာကို စွယ်တော်ရတနာစေတီသမိုင်းစာအုပ်မှာ ဒီစေတီအတွင်းမှာ ရွှေပေလွှာ၊ ငွေပေလွှာ၊ ကြေးပေလွှာ (၃)မျိုးမှာ ထည့်ထွင်းထားတဲ့ တရားတော်တွေကို လေ့လာကြည့်လိုက်တဲ့အခါ ခုပြောပြလိုက်တဲ့ လေးမျိုးစလုံး ပါဝင်နေတာကို သွားတွေ့လိုက်တယ်။ အဲဒီတော့ ဒီအကြောင်းကိုတော့ ဒီစွယ်တော်ရတနာ စေတီသမိုင်း အကျဉ်းစာအုပ်ကို ဖြန့်ဝေပေးပြီးသားဆိုတော့ ဒီစာအုပ်ထဲမှာ ပါဠိဘာသာနှင့် အပြည့်အစုံပါတာကို တွေ့ရပါလိမ့်မယ်။ မိမိတို့အိမ်ရောက်မှပဲ အဲဒီစာအုပ်ကို ကြည့်ကြပါ။ ခုလောလောဆယ်တော့ အကျဉ်းချုပ်ပြီးတော့ ပြောပြပါမယ်။

## (က) တရားတည်းဟူသော ဗောဓိပက္ခိယ ဓမ္မစေတီတော် တည်ထားပုံ

ဘယ်နည်းဘယ်ပုံ တရားတည်းဟူသော ဓမ္မစေတီကို တည်မလဲဆိုတော့ ဓမ္မစေတီဆိုတာ ဗောဓိပက္ခိတရား (၃၇)ပါးကို ဓမ္မစေတီလို့ ခေါ်ရတယ်၊ ဗောဓိပက္ခိယတရားက သင်္ဂဟ=အမျိုးတူ အုပ်စုအားဖြင့်ဆိုရင် (၇)မျိုးရှိတယ်၊

(က)သတိပဋ္ဌာန်အုပ်စု၊ (ခ)သမ္မပ္ပဓာန်အုပ်စု၊ (ဂ)ဣဒ္ဓိပါဒ်အုပ်စု၊ (ဃ)ဣန္ဒြေအုပ်စု၊ (င)ဗိုလ်အုပ်စု၊ (စ)ဗောဇ္ဈင်အုပ်စု၊ (ဆ)မဂ္ဂင်အုပ်စုတို့ ဖြစ်ကြတယ်၊ ပဘေဒ= အစိတ်အစိတ် သရုပ်အရေအတွက်အပြားအားဖြင့်ကတော့ (၃၇)ပါးရှိတယ်၊ (က)သတိပဋ္ဌာန် (၄)ပါး၊ (ခ)သမ္မပ္ပဓာန် (၄)ပါး၊ (ဂ)ဣဒ္ဓိပါဒ်(၄)ပါး၊ (ဃ)ဣန္ဒြေ (၅)ပါး၊ (င)ဗိုလ်

(၅)ပါး၊ (၈)ဗောဇ္ဈင်(၇)ပါး၊ (ဆ)မဂ္ဂင်(၈)ပါးအားဖြင့် စုစုပေါင်း (၃၇)ပါးတို့ ဖြစ်ကြတယ်၊ မဂ်ဉာဏ် (၄)ပါးရဲ့ အဖို့အစု အသင်းအပင်း၌ ဖြစ်သောတရား၊ မဂ်ဉာဏ်ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတတ်သော မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇောနှင့် ယှဉ်သောတရားများကို ဗောဓိပက္ခိယတရားလို့ ခေါ်ရတယ်၊ အဲဒီဗောဓိပက္ခိယတရား(၃၇)ပါး ဓမ္မစေတီကို ပကိဏ္ဏက နမက္ကာရမှာ လာတဲ့အတိုင်း တည်လိုက်ကြရအောင်၊ အားလုံး ညီညာဖြိုဖြို ဖြည်းဖြည်းချင်း ရွတ်ဆိုလိုက်ကြပါ။

ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်၊ ဤငါးတန်တို့ကို၊ တိုက်လှန်ဖြိုခွဲ၍၊ အောင်ပွဲယူနိုင်၊ ရဲခေါင်တိုင်သော၊ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာသတိပဋ္ဌာန်၊ စိတ္တာနု ပဿနာသတိ ပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိ ပဋ္ဌာန်တည်းဟူသော သတိပဋ္ဌာန်လေးပါး၊ ဖြစ်ပြီးသော အကုသိုလ် တရားတို့ကိုပယ်ခြင်းငှာ လုံ့လပြုခြင်း၊ မဖြစ်သေးသော အကုသိုလ်ကံကို တစ်ဖန်အသစ် မဖြစ်စေခြင်းငှာ လုံ့လပြုခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွားအောင် လုံ့လပြုခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ကြီးပွားစည်ပင်စိမ့်သောငှာ၊ လွန်စွာလုံ့လပြု ခြင်းတည်းဟူသော၊ သမ္မပ္ပဓာန်လေးပါး၊ ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ် တည်းဟူသော ဣဒ္ဓိပါဒ် လေးပါး၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတည်းဟူသော ဣန္ဒြေငါးပါး၊ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ် တည်းဟူသော ဗိုလ်ငါးပါး၊ သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်၊ တည်းဟူသော ဗောဇ္ဈင်ခုနစ်ပါး၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော မဂ္ဂင်ရှစ်ပါး၊ ဤသို့အားဖြင့် ပိုင်းခြားတွက်ဖွဲ့၍၊ သုံးဆယ့် ခုနစ်ရပ်၊

အလှန်မြတ်သော၊ ဗောဓိပက္ခိယ၊ ဓမ္မအကျော်၊ ရဲမက်တော်တို့ကို၊ ကိုယ်ရံတော်ကြီး၊ ဦးစီးဗိုလ်ချုပ်တင်လျက်၊ အသချေချေ၊ တွက်ရေမဆုံး၊ ပတ်ကုံး ကိလေသာ၊ မာရ်ဗိုလ်ပါတို့ကို၊ ဆံလွှာမကြွင်းအောင်၊ ခုတ်စဉ်းတိုက်သိမ်း၊ အငြိမ်းအောင်မြင်တော်မူသဖြင့်၊ အသခ်တ၊ ခေမရွှေဘုံ၊ ဓမ္မာရုံသဘင်၊ မြိုင်နန်းတခွင်၌၊ ဉကင်စွင့်စွင့်၊ ဖွင့်တော်မူပြီးထသော။ သုံးရပ်လုံး ဆရာ၊ ဒေဝါဓိဒေဝိန္ဒ၊ ဗြဟ္မာဓိ ဗြဟ္မိန္ဒ၊ တိဘဝ ပါရဂူ၊ အဘိဘူပါမောက္ခ၊ အနုတ္တရသင်းကျစ်၊ မဟာဓမ္မရာဇ်၊ မြတ်ရှင်ချစ်ကို၊ အဟံ၊ အကျွန်ုပ် သည်။ ဝန္ဒေဝန္ဒာမိ၊ လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

(သာဓု-သာဓု-သာဓု)

## (ခ) ဓမ္မနုဿ—တရားအလံတံခွန်ထီး လွှင့်တင်ပုံ

ဂါထာမှ ပထမပါဒ **ဓမ္မစေတိံ သမုဿေတွာ**-ဆိုတဲ့ ပါဠိအရ မိမိတို့ရဲ့စိတ်အစဉ် နှလုံးသားအတွင်းမှာ ဗောဓိပက္ခိယတရား (၃၇) ပါးတည်းဟူသော ဓမ္မစေတီကို တည်ထားပြီးသွားကြပြီ။ စေတီတည်ပြီးတဲ့နောက် အဲဒီ စေတီမှာ ဓမ္မဒ္ဓုဿဝိဘူသိတံ-ဟူသော ဂါထာပါဠိတော်အရ အလံတံခွန်ထီး လွှင့်တင်ပေးရမယ်။ အဲဒီအလံတံခွန်ထီးဟာ ဘာတရားလဲဆိုတော့ သစ္စာလေးပါး တရားပါပဲ၊ ဒီသစ္စာ (၄)ပါးတရား လွှင့်တင်ပုံကိုလည်း ဓမ္မစကြာသုတ်မှာ သစ္စာ (၄)ပါးပါဠိ လာရှိပြီးသားပါပဲ။ နောက်ပိုင်းမှာတော့ မင်းကွန်းတိပိဋက ဆရာတော်ကြီးနှင့် မဟာစည် ဆရာတော်ကြီးတို့ရဲ့ သစ္စာ (၄)ပါး လင်္ကာလည်း ပါရှိပြီးသားပါပဲ။ ဒီတော့ ဓမ္မစကြာ သုတ်ပါဠိတော်မှာလာတဲ့ သစ္စာ (၄)ပါးကို ပါဠိဘာသာ ရွတ်ဆိုပြီးတော့ စောစောပိုင်းက တည်ထားတဲ့ ဓမ္မစေတီမှာ အလံတံခွန် ထီးကို လွှင့်တင်ပေးရပါ့မယ်။

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယ သစ္စံ။ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊**

**အပွိယေဟိ သမွယောဂေါ ဒုက္ခော ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါန က္ခန္ဓာ ဒုက္ခာ။**

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ၊ သေယျထိဒံ - ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။**

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။**

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ နိရောဓ ဂေါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာ ကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာ သမာဓိ။** (သာဓု-သာဓု-သာဓု)

နောက်ဆုံး ဝိပဿနာရင်ပြင်မှာ ရပ်တည်ပြီးတဲ့ နောက်ကြမှ ဆရာတော်ကြီးတွေရဲ့ သစ္စာလေးပါးလင်္ကာဖြင့် နိဂုံးချုပ်ပါ့မယ်။ ဂါထာမှာပါတဲ့ ဓမ္မနှစ်မျိုးပြီးသွားပါပြီ။ ဓမ္မစေတီလည်း တည်ပြီးသွားပြီ ဓမ္မအလံတံခွန်ထီးလည်း တင်ပြီးသွားပြီ။

## (ဂ) ဓမ္မပုပ္ဖဂုဏ်-တရားပန်းစည်းပန်းကုံး ပူဇော်ခြင်း

တတိယမြောက်က **ဓမ္မပုပ္ဖဂုဏ်-တရား ပန်းစည်း ပန်းကုံးဖြင့်** တည်ပြီးသော ဓမ္မစေတီကို ပူဇော်ရပါမယ်။ ဓမ္မပန်းစည်း ပန်းကုံးဆိုတဲ့နေရာမှာ ပန်းစည်းပန်းကုံးဟာ ဓမ္မအနေနဲ့ဆိုရင် ဘယ်နှစ်မျိုး ရှိသလဲဆိုတော့ လေးကုံးရှိပါတယ်။ အဲဒီလေးကုံးက

ဘာတွေလဲဆိုတော့-
(၁) လှူဒါန်းပေးကမ်းမှုဆိုတဲ့ **ဒါနပန်းကုံး**။
(၂) ဆောက်တည်ထိန်းသိမ်းမှုဆိုတဲ့ **သီလပန်းကုံး**။
(၃) စိတ်တည်ကြည်ငြိမ်သက်မှုဆိုတဲ့ **သမထပန်းကုံး**။
(၄) ပွားများရှုမှတ်မှုဆိုတဲ့ ဝိပဿနာ **ဘာဝနာပန်းကုံး**-အားဖြင့် ဓမ္မပန်းစည်းပန်းကုံးဟာ (၄) မျိုးရှိပါတယ်။ အဲဒီလို လေးကုံးထဲက စတုတ္ထမြောက် ပန်းစည်း ပန်းကုံးကို ဝိပဿနာရင်ပြင်မှာ ရပ်တည်တဲ့ အခါကျမှ ဝိပဿနာဘာဝနာ ပန်းစည်းပန်းကုံးဖြင့် ပူဇော်ပါ့မယ်။ အဲဒီတော့ ကျန်နေတဲ့ ပန်းစည်းပန်းကုံးဟာ ဘယ်နှစ်မျိုးလဲဆိုတော့ (၃)မျိုးပါပဲ။ အဲဒီလိုကျန်နေတဲ့ ပန်းစည်းပန်းကုံးဟာ ဘာတွေလဲ ဆိုတော့ ဒါနပန်းစည်းပန်းကုံး၊ သီလပန်းစည်းပန်းကုံး၊ သမထဘာဝနာ ပန်းစည်း ပန်းကုံး၊ ဒီပန်းစည်း ပန်းကုံး (၃)မျိုးဖြင့် စောစောပိုင်းက တည်ထားတဲ့ ဓမ္မစေတီကို ပူဇော်ပါ့မယ်။ အဲဒီလိုပူဇော်တဲ့အခါ ဓမ္မ ပန်းကုံးအနေနဲ့ ဘုရားဒါယကာ၊ ဘုရားဒါယိကာမတွေ စောစောပိုင်းက ပါလာတဲ့ ပန်းတွေ၊ စံပယ်ပန်းတွေ၊ သစ္စပန်း၊ သစ်ခွပန်းတွေနဲ့ စွယ်တော်ရတနာစေတီကို ပူဇော်ပြီးကြပြီ။

ငှက်ပျောသီးအစရှိတဲ့ သစ်သီးတွေနဲ့ လည်းပဲ ပူဇော်တာဟာ ဒါနပန်းကုံးဖြင့် ဓမ္မစေတီကို ပူဇော်တာပါပဲ။ သီလပန်းကုံးဆိုတာ ကတော့ ဝတ်ရွတ်တဲ့အခါ စောစောပိုင်းက ငါးပါးသီလ ဆောက်တည် ပြီးသွားပြီ၊ ငါးပါးသီလ ဆောက်တည်တာဟာ ဘာပန်းကုံးဖြင့် ပန်ဆင် ပူဇော်သလဲဆိုတော့ သီလပန်းကုံးဖြင့် ပန်ဆင် ပူဇော်လိုက်တာပါပဲ။ သမထဘာဝနာ ပန်းစည်း ပန်းကုံးဖြင့် ပန်ဆင်ပူဇော်တယ် ဆိုတာ ကတော့ ဘုရား ဒါယကာ၊ ဘုရားဒါယိကာမတွေ ဘုရားရှင်ကို ရှိခိုးပြီးသွားကြပြီ ရှိခိုးတဲ့အခါမှာ သမ္ဗုဒ္ဓေ (၃)ပါး ဘုရားရှိခိုး၊ ခါတ်တော်နှင့် စွယ်တော်အား ရှိခိုးခြင်း၊ ဒီရှိခိုးမှု (၃)မျိုးဖြင့် ရှိခိုးတာဟာ

သမထဘာဝနာ ပန်းစည်း ပန်းကုံးကို ပန်ဆင်ပြီးတော့ စွယ်တော်ရတနာစေတီကို ပူဇော်တာပါပဲ။ အဲဒီတော့ ခုတရားနာနေတဲ့ အချိန်မှာတော့ ဓမ္မပန်းစည်းပန်းကုံးဖြင့် ပူဇော်တဲ့အခါ သမထဘာဝနာပန်းစည်းပန်းကုံးဖြင့် ပူဇော်ပါ့မယ်။ သမထဘာဝနာ ပန်းစည်း ပန်းကုံးဖြင့် ပူဇော်တဲ့အခါ စတုရာရက္ခဘာဝနာ(၄)ပါးဖြင့် ပူဇော်မှုပြုတာဟာ ဝိပဿနာပွားများမှုအတွက် အခြေခံ အထောက်အပံ့ များစွာဖြစ်ပါတယ်။ ဒါကြောင့်မို့ သမထဘာဝနာ ပန်းစည်းပန်းကုံးဖြင့် ပန်ဆင်ပူဇော်တဲ့အခါ စတုရာရက္ခဘာဝနာဖြင့် ပူဇော်ပါ့မယ်။ စတုရာရက္ခသမထဘာဝနာဆိုတာ သမထဘာဝနာ (၄)မျိုးပါပဲ။

## စတုရာရက္ခဘာဝနာ ပန်းကုံး

သမထဘာဝနာ (၄)မျိုးက ဘာတွေလဲဆိုတော့ **"ဗုဒ္ဓါနုဿတိ မေတ္တာစ အသုဘာ မရဏဿတိ"** ဆိုတဲ့ ဂါထာမှာ လာတဲ့အတိုင်း-

(၁) ဘုရားရှင်ရဲ့ဂုဏ်တော်ကို ပွားများမှု **ဗုဒ္ဓါနုဿတိ**။

(၂) **မေတ္တာဘာဝနာ** ပွားများမှု။

(၃) **အသုဘာ** - ခန္ဓာကိုယ်ရဲ့ မတင့်မတယ် စက်ဆုပ်ရွံ့ရှာမှုကို ပွားများမှု။

(၄) **မရဏဿတိ** - ခန္ဓာကိုယ်ရဲ့ သေဆုံးမှုကို ပွားများမှု-အားဖြင့် ဒီဘာဝနာ (၄)ပါးကို စတုရာရက္ခ သမထဘာဝနာ ကမ္မဋ္ဌာန်း (၄)ပါးလို့ခေါ်တယ်။ ဝိပဿနာပွားများမည့် ပုဂ္ဂိုလ်အတွက် စတုရာရက္ခသမထ ဘာဝနာကမ္မဋ္ဌာန်း(၄)ပါး ပွားများထားခြင်းဟာ များစွာအထောက် အပံ့ဖြစ်ပါတယ်။ သမာဓိကိုလည်း ကောင်းမွန်စွာ ရရှိနိုင်ပါတယ်။ ဒါကြောင့် တရားနာနေရင်း၊ စတုရာရက္ခသမထ ဘာဝနာ (၄)ပါး။ ပန်းစည်း ပန်းကုံးကို ပန်ဆင်ပြီးတော့ ဓမ္မစေတီကို ပူဇော်ပါ့မယ်။ တရားတည်းဟူသော ပန်းစည်းပန်းကုံးဖြင့် ပူဇော်ပုံမှာ

မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါးကို အကျဉ်းချုပ်တဲ့ ဘုရားဂုဏ်တော်ပွားများပုံ ဗုဒ္ဓါနုဿတိ ဂုဏ်တော်ပန်းကုံးကို ပန်ဆင်ပြီးတော့ ဓမ္မစေတီကို ပူဇော်ကြပါမယ်။

**တို့ဘုရားမူ (၁) နတ်လူတို့က ပူဇော်ရ၏ (၂) ဓမ္မဥဿုံ အလုံးစုံကို ကိုယ်တိုင်မှန်စွာ သိတတ်ပါ၏ (၃)ဝိဇ္ဇာစရဏ ပြည့်စုံလှပြား (၄)စကားကောင်းကို ကိုယ်တော် ဆို၏ (၅) ထိုထိုလောက သိတတ်လှ၏ (၆) ဆုံးမထိုက်သူ အတူကင်းလတ် ဆုံးမတတ်၏ (၇) နတ်လူဆရာ (၈) သစ္စာသိမြင် (၉) ဘုန်းအရှင်သည် ကိုးအင်ဘုရား ဂုဏ်တော်တည်း။** (သာဓု-သာဓု-သာဓု)

## မေတ္တာဘာဝနာ ပန်းကုံး

ဒုတိယမြောက် စတုရာရက္ခဘာဝနာက ဘာလဲဆိုတော့ မေတ္တာဘာဝနာပါ၊ မေတ္တာ ဘာဝနာ ပန်းကုံး ပန်းစည်းကို ပန်ဆင်ပြီးတော့ ဓမ္မစေတီကို ပူဇော်တဲ့အခါ သတ္တဝါတွေကို အာရုံပြုပြီးတော့ ကျန်းမာစေလိုတဲ့၊ ချမ်းသာစေလိုတဲ့ စိတ်ကို ရှေ့ထားပြီးတော့ အကျဉ်းချုပ်ပြီး မေတ္တာပွားများ ပို့သကြပါမယ်။

**သဗ္ဗေ သတ္တာ သုခိတာ ဟောန္တု၊ ဒုက္ခာ မုစ္စန္တု- ကြွင်းမဲ့ဥဿုံ အားလုံးကုန်သော သတ္တဝါ တို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဆင်းရဲခပ်သိမ်းမှ ကင်းငြိမ်း လွတ်မြောက်ကြပါစေ။**

**သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။**

**လုံးစုံများစွာ သတ္တဝါဟူသမျှတို့သည် အတွင်းအပ ဘေးရန်မရှိကြပါစေ၊ စိုးရိမ်ကြောင့်ကြ ဗျာပါဒမှကင်းကြပါစေ၊**

**ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်း ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြပါစေ၊ ချမ်းသာ လွယ်ကွယ်စွာ မိမိမိမိတို့ ခန္ဓာတိုယ် အတ္တဘောတို ဆောင်နိုင်ကြပါစေ၊**

တတိယမြောက် စတုရာရက္ခ သမထဘာဝနာက အသုဘဘာဝနာပါတဲ့၊ အသုဘ ဘာဝနာဆိုလို့ ရှိရင် လောကထဲမှာ ပြောနေတဲ့ ဝေါဟာရက ကွယ်လွန်သွားတယ်, အနိစ္စရောက် သွားတယ် ဆိုလို့ရှိရင် အသုဘလို့ ပြောကြတယ်။ တကယ်တော့ အသုဘဆိုတာ တကယ် စက်ဆုပ် ရွံရှာဖွယ်ကို ပြောတာပါ။ ကွယ်လွန်သွားမှသာ ခန္ဓာကိုယ်က မတင့်မတယ် ရွံရှာဖွယ်ဖြစ်တာ မဟုတ်ပါဘူး။ မသေခင် အသက်ရှင်တုန်းမှာလည်းဘဲ ခန္ဓာကိုယ်ရဲ့ သဘာဝဟာ စက်ဆုပ် ရွံရှာစရာပါဘဲ။ ပါဠိစာပေမှာတော့ အသုဘဆိုလို့ ရှိရင် မသေခင်ကိုပဲ ခန္ဓာကိုယ်မှာ စက်ဆုပ် ရွံရှာ ဖွယ်ဖြစ်တဲ့နေရာမှာလည်း သုံးနှုန်းပါတယ်။ အဲဒီတော့ စာမှာလာတဲ့အတိုင်း အသုဘပန်းကုံးကို ပန်ဆင်မယ်လို့ ပြောလိုက်ရင် အခုတရားနာနေတဲ့ ပရိတ်သတ်တွေ ကြောက်လန့်သွားပါမယ်။ ဒီတော့ ကြောက်လန့်မသွားအောင်၊ အသုဘ ပန်းကုံးဆိုတဲ့ ဝေါဟာရ မသုံးဘဲနဲ့ ကောဋ္ဌာသ ပန်းကုံးဆိုတဲ့ ဝေါဟာရကို သုံးထားပါတယ်။

## ကောဋ္ဌာသဘာဝနာ ပန်းကုံး

ကောဋ္ဌာသဆိုတာ ခန္ဓာကိုယ်မှာရှိတဲ့ အစိတ်အပိုင်း အဖို့အစုပေါင်း (၃၂)စုကို ဆိုပါ တယ်။ ခန္ဓာကိုယ်မှာရှိတဲ့ (၃၂) စုကို ဆင်ခြင် ရွတ်ဆိုလိုက်လို့ရှိရင် ခန္ဓာကိုယ်ရဲ့ အသုဘ-မတင့် မတယ် ရွံရှာဖွယ်ဖြစ် ပုံဟာ သိသာပါတယ်။ အဲဒီတော့ (၃၂) ကောဋ္ဌာသ မြန်မာကို စွယ်တော် ဝတ်ရွတ်စဉ် စာအုပ်မှာ ဖော်ပြထားပါတယ်။ အဲဒီမှာလာတဲ့ (၃၂) ကောဋ္ဌာသ မြန်မာပြန်ကို ဖြေးဖြေးနဲ့ မိမိရဲ့

ခန္ဓာကိုယ်မှာရှိတဲ့ အစိတ်အပိုင်း အဖွဲ့အစုတွေကိုပဲ အာရုံပြုပြီးတော့ ရွတ်ဆို ဆင်ခြင်လိုက်လို့ရှိရင် တတိယမြောက် ဘာဝနာပန်းကုံးကို ပန်ဆင်ပြီးတော့ ဓမ္မစေတီကို ပူဇော်ရာ ရောက်ပါတယ်။

**အတ္ထိ ဣမသ္မိံ ကာယေ -**

**(က) ကေသာ လောမာ နခါ ဒန္တာ တစော၊**

**(ခ) မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ**

**(ဂ) ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖာသံ**

**(ဃ) အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊**

**(င) ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ။**

**(စ) အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တန္တိ။**

**ငါ၏ ဤခန္ဓာကိုယ်မှာ---**

**(က)ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊**

**(ခ) အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချင်ဆီ အညို့၊**

**(ဂ) နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်၊**

**(ဃ)အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊**

**(င) သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊**

**(စ) မျက်ရည်၊ အဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊**

**ကျင်ငယ်တို့သာ ရှိကြကုန်သည်တကား။**

## မရဏာနုဿတိဘာဝနာ ပန်းကုံး

တတိယမြောက် အသုဘဘာဝနာ ပန်းကုံးဖြင့် ဓမ္မစေတီကို ပူဇော်ပြီးတဲ့နောက် စတုတ္ထမြောက် စတုရာရက္ခ သမထဘာဝနာ ပန်းကုံးက မရဏာနုဿတိပန်းကုံးပါပဲ။ မရဏာ နုဿတိဆိုတာက သေခြင်းတရားကို ဆင်ခြင် ပွားများတာပါပဲ။ သေခြင်းတရားကို ဆင်ခြင် နှလုံးသွင်းတဲ့အခါ မိမိရဲ့ပတ်ဝန်းကျင်က မိမိရဲ့ ရင်းနှီးခင်မင်တဲ့

ပုဂ္ဂိုလ်တွေ ကွယ်လွန်အနိစ္စ ရောက်သွားတဲ့အခါ သူသာန်သင်္ချိုင်းကို လိုက်ပြီးတော့ ပို့ကြရတယ်။ အိမ်မှာသွားပြီးတော့ အသုဘ မေးကြရ တယ်။ အဲဒီလိုသွားမေတဲ့အခါ သုသာန်သင်္ချိုင်းကို လိုက်ပို့တဲ့အခါ မိမိရဲ့ခင်မင် ရင်းနှီးတဲ့ ပုဂ္ဂိုလ်တွေ သေသွားတာကို ကြည့်ပြီးတော့ ဪ. . . သူလည်းပဲ ခန္ဓာရရှိထားတဲ့အတွက် ကွယ်လွန်အနိစ္စ ရောက်ကြရတယ်။ သေလွန်သွားရတယ်။ ငါ့မှာလဲပဲ ခန္ဓာငါးပါးရှိ နေတဲ့အတွက် တစ်ချိန်ကြ ကံကုန်၊ သက်တမ်း ကုန်တဲ့အခါ သူ့လိုပဲ ကွယ်လွန်အနိစ္စရောက်ရမှာ ပါလားလို့ အဲဒီလိုဆင်ခြင်နှလုံးသွင်းတာကို မရဏာနုဿတိပန်းကုံးကို ပန်ဆင်တယ်လို့ ခေါ်ရပါတယ်။ မရဏာနုဿတိ ပန်းကုံးဖြင့် ပန်ဆင်ပြီးတော့ ဓမ္မစေတီကို ပူဇော် နိုင်ရန်အတွက် သေခြင်းတရားဆိုင်ရာ လင်္ကာလေးတွေကို ရွတ်ဆို ပူဇော်ကြပါမယ်။

**ဘုန်းကံကြီးမား, ချွေရံများ၍, ခွန်အားပြည့်မတ်၊ ဣဒ္ဓိပါဒ်နှင့် အတတ်ပညာ ကြီးမြင့်ပါလည်း သတ္တာအားလုံး ကုန်အောင်ချုံး-နောက်ဆုံးသေရမည်ပါတကား။**

**ခန္ဓာဘာရ၊ ဒွတ္တိံသကား၊ ရုပ်ဝါနုနယ်၊ ရှုစဖွယ်နှင့်၊ တင့်တယ်ရွှန်းစို၊ နင်လှလို့လဲ၊ အအိုစာရင်း၊ သူကသွင်း၏။ ဘေးကင်းရန်ကွာ၊ လွန်ချမ်းသာ၍ မနာရလို တောင်းဆု ဆိုလည်း နင့်ကိုမညှာ ဘေးရောဂါနှင့် ခါခါမငဲ့ မိတ်ဆွေဖွဲ့၏။ နင်နှင့်တူညီ ချစ်ကြိုးသီသား ပလီပလာ အပြစ်ကွာသည့် ချစ်စွာမယား၊ သမီးသားနှင့် စည်းပွားဥစ္စာ ဉာတကာကို ဘယ်ခါမခွဲ အတူတွဲ၍ အမြဲပြုံးချို နေရလိုလည်း နင့်ကို မထောက် နင့်နောက်မလိုက် အပူတိုက်၍ နင်ဟိုက်နင်ခွေ နင့်ကိုသေအောင် ကျားမြွေခံတွင်း အစာသွင်းသို့ သေမင်း သူ့လက် ပဏ္ဏာဆက်၏။**

**ငါ့အရှယ်တွေ နေ့တိုင်းသေ အသေ မစဲပါတကား။**
**ငါ့အောက်ငယ်တွေ နေ့တိုင်းသေ အသေ မစဲပါတကား။**
**ငါ့ထက်ကြီးတွေ နေ့တိုင်းသေ အသေ မစဲပါတကား။**
**ကျန်မလွဲ ငါလဲပဲ သေပွဲဝင်ရပါမှာ တကား။**
**ကိုယ့်ကုသိုလ်မျိုး ကိုယ်ထုပ်ပိုးအား ကိုးရ မှာပါတကား။**

ဒီတိုင်အောင် မြတ်စွာဘုရားဟောကြားခဲ့တဲ့ **ဓမ္မစေတီ သမုဿေတွာ၊ ဓမ္မဒုဿ ဝိဘူသိတံ၊ ဓမ္မပုပ္ဖဂုဠ် ကတွာ နိဗ္ဗုတော သော သဿာဝကော**။ ဒီဂါထာထဲက ဓမ္မစေတီ သမုဿေတွာ-ပါဠိအရ ဗောဓိပက္ခိယတရား (၃၇)ပါးဖြင့် မိမိတို့ရဲ့ စိတ်နှလုံးသန္တာန်မှာ ဓမ္မစေတီကို တည်ထားပြီးသွားပြီ။ **ဓမ္မဒုဿဝိဘူသိတံ**ဆိုတဲ့ ပါဠိအရ သစ္စာ လေးပါးတည်းဟူသော အလံတံခွန် ထီးကိုလည်း လွှင့်တင်ပြီးပါပြီ။ **ဓမ္မပုပ္ဖ ဂုဠ်ကတွာ**ဆိုတဲ့ တတိယပါဒအရ ဓမ္မပန်းစည်း ပန်းကုံးစတုရာရက္ခသမထဘာဝနာ ပန်းစည်း ပန်းကုံး (၄)မျိုးဖြင့်လည်းပဲ ဓမ္မစေတီကို ပူဇော်ပြီး သွားပါပြီ။

နောက်ဆုံးအနေနဲ့ အဋ္ဌကထာမှာလာတဲ့ **မဟာဇနဿ ဝိပဿနာ စေတိယင်္ဂဏေ ဌိတဿ နမဿနတ္ထာယ**၊ ဒီဝါကျကို အကျယ်ပြောပြပါမယ်။ **ဝိပဿနာစေတီယင်္ဂဏေ**၊ ဝိပဿနာတရားတည်းဟူသော စေတီရင်ပြင်ပေါ်၌။ **ဌိတဿ**၊ ရပ်တည်သော။ **မဟာဇနဿ**၊ သတ္တဝါအပေါင်း၏။ **နမဿနတ္ထာယ**၊ ရှိခိုးပူဇော်စိမ့်သောငှာ။ ဒီလိုအဋ္ဌကထာ ဆရာက ဖွင့်ပြသွားပါတယ်။ အဲဒီတော့ မိမိတို့အနေနဲ့ ဓမ္မပန်းစည်းပန်းကုံးတွေနဲ့ ဓမ္မစေတီကို ပူဇော်တော့မယ်။ အဲဒီလိုပူဇော်တဲ့အခါ စေတီရင်ပြင်က ဘယ်နှစ်မျိုးလဲဆိုတော့ စောစောပိုင်း ပြောပြလိုက်တုန်းက ပန်းစည်းပန်းကုံးက ဘယ်နှစ် မျိုးရှိခဲ့လဲ? (၄)မျိုးရှိခဲ့တယ်။ ၁။ ဒါနပန်းကုံး ၂။ သီလပန်းကုံး

၃။ သမထဘာဝနာပန်းကုံး ၄။ ဝိပဿနာ ဘာဝနာပန်းကုံး အဲဒီလို ပန်းစည်း ပန်းကုံး (၄)မျိုးရှိသလို စေတီရင်ပြင်ဟာလည်းပဲ (၄) မျိုး ရှိပါတယ်။ မိမိတို့က ဒါနစေတီရင်ပြင်ကနေ ရပ်တည်ပြီးတော့ ပူဇော်မှာလား?၊ သီလစေတီ ရင်ပြင်ကနေ ရပ်တည်ပြီးတော့ ပူဇော် မှာလား?၊ သမထဘာဝနာ စေတီရင်ပြင်ပေါ်ကနေ ရပ်တည် ပြီးတော့ ပူဇော်မှာလား?၊ ဝိပဿနာ စေတီရင်ပြင်ကနေ ရပ်တည်ပြီးတော့ ပူဇော်မလား?။

## စေတီရင်ပြင်(၄)မျိုး

အဲဒီလို စေတီရင်ပြင်တော်ဟာလည်းပဲ (၄)မျိုး ကွဲပြားလာ ပါတယ်။ လောကမှာရှိတဲ့ ဘုရားစေတီတွေကို လှမ်းပြီးတော့ အာရုံပြု ကြည့်ပါ။ လောကမှာ တည်ထားတဲ့ စေတီပုထိုးတွေမှာလည်း စေတီရင်ပြင်က (၄)မျိုး ရှိပါတယ်။ တစ်ချို့ ဘုရားပုထိုးတွေရဲ့ ရင်ပြင်ဟာ မြေကြီး၊ သဲတွေပါပဲ။ မြေကြီး၊ သဲပေါ်ကနေပြီးတော့ ဒီစေတီပုထိုးကို ရှိခိုးရတယ်။ အဲတော့ မြေကြီး၊ သဲတည်းဟူသော စေတီရင်ပြင်ကတစ်မျိုး၊ တချို့စေတီမှာ အဲဒီ မြေကြီးကို ဘာတွေနဲ့ ခင်းလိုက်သလဲ ဆိုတော့ သမံတလင်း၊ အင်္ဂတေတွေနဲ့ ခင်းလိုက်တယ်။ အဲတော့ သမံတလင်း အင်္ဂတေပေါ်ကနေပြီးတော့ ရှိခိုးလို့လဲ ရသွားတယ်။ အဲတော့ သမံတလင်း၊ အင်္ဂတေရင်ပြင်က တစ်မျိုး။ နောက် တချို့စေတီ ရင်ပြင်ကျတော့ အဲဒီသမံတလင်း၊ အင်္ဂတေ ကျောက်ပြားပေါ်မှာ ဖျာ၊ သင်ဖြူး၊ ဖရောင်းပုဆိုး၊ ပလပ်စတစ်တွေနဲ့ ကော်ဇောအကြမ်းတွေ ခင်းထား ကြတယ်။ အဲဒီလို တတိယမြောက် စေတီ ရင်ပြင်လည်းပဲ တွေ့ရတယ်။ စတုတ္ထမြောက် စေတီရင်ပြင် ကတော့ အဲဒီ ဖျာသင်ဖြူးပေါ်မှာဖြစ်စေ၊ အကြမ်းကော်ဇောပေါ်မှာ ဖြစ်စေ၊ နူးညံ့ပျော့ အိနေတဲ့ ထိတွေ့တဲ့အခါ အင်မတန် သက်တောင့် သက်သာထိုင်လို့ရတဲ့ အကောင်းစား ကော်ဇောလည်းပဲ ခင်းထားတာ တွေ့ရပါတယ်။ အဲဒီ အကောင်းစား ကော်ဇောဟာလည်းပဲ စေတီ

ရင်ပြင်ပါပဲ။ အဲတော့ စုစုပေါင်းစေတီရင်ပြင်ဟာလည်း ဘယ်နှစ်မျိုး ဖြစ်သွားလည်း ဆိုတော့ (၄)မျိုးပဲ ဖြစ်သွားတယ်။

မြေကြီးဟူသော စေတီရင်ပြင်ကတမျိုး၊ သမံတလင်းအင်္ဂတေ ကျောက်ပြားခင်းထားတဲ့ စေတီရင်ပြင် ကတစ်မျိုး၊ ဖျာကော်ဇောကြမ်း ခင်းထားတဲ့ စေတီရင်ပြင်ကတစ်မျိုး။ အကောင်းစား အနူးညံ့ဆုံး ကော်ဇော ခင်းထားတဲ့ စေတီ ရင်ပြင်က တစ်မျိုး။ ဒီလို စေတီရင်ပြင် (၄)မျိုး တွေ့ရပါတယ်။ အဲတော့ မိမိတို့အနေနဲ့ ဘယ်စေတီရင်ပြင် ကနေပြီးတော့ စေတီပုထိုးကို ရှိခိုးမလဲ? မြေကြီးရင်ပြင်က ရှိခိုးရင် မိမိရဲ့ အဝတ် အထည်တွေကို ဖုန်တွေ သဲတွေ ပေမှာပဲ။ သမံတလင်း အင်္ဂတေကျောက်ပြားပေါ်မှာရှိခိုးရင် သမံတလင်းအင်္ဂတေ ကျောက်ပြားရဲ့ ပူမှုအေးမှုကို ခံစားရမှာပဲ။ ဖျာ၊ သင်ဖြူး၊ ကော်ဇော ကြမ်းခင်းပေါ်က ရှိခိုးရင် ဖျာ၊ သင်ဖြူး၊ ကော်ဇောအကြမ်းရဲ့ မာကြောမှုကို ခံစားရမှာပဲ။ နောက်ဆုံးဖြစ်တဲ့ အကောင်းစား ကော်ဇောပေါ်က ရှိခိုးရင်တော့ သက်တောင့်သက်သာနဲ့ ဘုရားဂုဏ် တော်တွေ အာရုံပြုလို့ရတယ်။ သက်တောင့်သက်သာနဲ့ ဂုဏ်တွေကို ဆင်ခြင်လို့ရတယ်။ အဲဒီစေတီရင်ပြင် (၄)မျိုးရှိသလို ဓမ္မဘက်မှာ လည်းပဲ စေတီရင်ပြင် (၄)မျိုးကို အစဉ်အတိုင်း လိုက်ပြီးတော့ ယှဉ်ကြည့် ရပါမယ်။ မြေကြီးစေတီရင်ပြင်နဲ့ ဒါနစေတီ ရင်ပြင်ကို တွဲယူရပါမယ်။

သမံတလင်း အင်္ဂတေကျောက်ပြား စေတီရင်ပြင်နဲ့ သီလစေတီရင်ပြင်ကို တွဲစပ်ပေးရပါမယ်။ ဖျာ၊ သင်ဖြူး၊ အကြမ်းစား ကော်ဇောစေတီရင်ပြင်နဲ့ သမထ ဘာဝနာစေတီရင်ပြင်နဲ့ တွဲစပ် ပေးရပါမယ်။ အကောင်းဆုံးကော်ဇော နူးညံ့ပျော့အိနေတဲ့ စေတီ ရင်ပြင်နဲ့ ဝိပဿနာဘာဝနာ ရင်ပြင်ကို တွဲစပ်ပေးရပါမယ်။ အဲဒီလို စေတီရင်ပြင် လေးမျိုးသိသွားပြီဆိုလို့ရှိရင် အကောင်းဆုံးဖြစ်တဲ့

ကော်ဇောအခင်း စေတီရင်ပြင်ထက်ပေါ်မှာ ရပ်တည်ပြီးတော့ ဓမ္မစေတီကို ပူဇော်လိုက်လို့ရှိရင် ပိုပြီးတော့ တရားတွေ ဆင်ခြင်နိုင်တယ်။ နှလုံးသွင်းနိုင်တယ်။ နောက်ဆုံး ဘယ်လောက် ထိအောင် အကျိုးများသွားနိုင်သလဲဆိုရင် မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် အကျိုးများသွားနိုင်ပါတယ်။ ဒါန၊ သီလ၊ သမထဘာဝနာ၊ စေတီ ရင်ပြင်ကတော့ သူ့အတိုင်းအတာနဲ့ပဲ အကျိုးပေးနိုင်ပါတယ်။ အဲဒီလို စေတီရင်ပြင်ထဲမှာ ဝိပဿနာဘာဝနာစေတီရင်ပြင်ဟာ အကျိုးအများ ဆုံးဖြစ်တဲ့အတွက် အဋ္ဌကထာဆရာက စေတီကို ဖွင့်တဲ့အခါ **မဟာဇနဿ ဝိပဿနာ စေတိယင်္ဂဏေ ဌိတဿ နမဿနတ္ထာယ**-လို့ အကောင်းဆုံးဖြစ်တဲ့အတွက် ဝိပဿနာဘာဝနာ စေတီရင်ပြင်ကို ဖွင့်ချလိုက်တာပါပဲ။ အဲတော့ ဒီနေ့ရဲ့ အဓိကပြောမယ့် ဝိပဿနာစေတီရင်ပြင်တော်ပေါ်မှာ ရပ်တည်ပုံကို ပြောပြပါမယ်။

ဝိပဿနာ ဘာဝနာစေတီရင်ပြင်ကို ပြောတဲ့အခါ ဝိပဿနာဆိုတာ အင်မတန် ကျယ်ပြန့်တယ်။ တစ်နေ့တည်းနဲ့ ပြောလို့လည်း မပြီးနိုင်ဘူး။ အဲတော့ အခုနာရီပိုင်းနဲ့ ပြောတာဖြစ်တဲ့အတွက် ဝိပဿနာနည်း အများကြီးထဲက မိမိတို့အနေနဲ့ ကိုယ်တွေ့ အသုံးချလို့ရတဲ့ နည်းကိုပဲ ပြောပြပေးပါမယ်။ ကိုယ်တွေ့အသုံးချလို့ ရတဲ့နည်းဆိုတာက မိမိတို့နေအိမ်မှာလည်းပဲ နေ့တိုင်း ဘုရားဝတ်တက်နေကြတယ်။ ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာတွေ အခြားပါဠိတော်တွေ မိမိတို့ အချိန်ရသလောက် ရွတ်ဆိုပြီးတော့ ရှိခိုးပူဇော်နေကြတယ်။ အဲဒီလိုရွတ်တဲ့အခါ နှုတ်ကနေပြီး ရွတ်ဆိုပူဇော်ကြတယ်။ အဲဒီလို ရွတ်ပြီးတဲ့အခါ မိမိတို့ရွတ်ဆိုတဲ့ အသံတွေဟာ ပျောက်သွားတယ်။ အဲဒီအသံတွေကို ပြန်ပြီးအာရုံပြုပြီးတော့ ဝိပဿနာ ဆင်ခြင်နိုင်မယ့်နည်းကို ဒီနေ့ပြောပြပေးမှာပါပဲ။ ဒါမှမဟုတ် မိမိတို့တရားတိတ်ခွေတွေ စီဒီချပ်တွေကို နားထောင်ကြတယ်။ သို့မဟုတ် ဓမ္မကထိကတွေ

ဟောတဲ့ တရားပွဲကြီးတွေကို သွားနာကြတယ်။ အဲဒီလိုနာတဲ့အခါ တရားပွဲပြီးတဲ့ အခါကျရင် မိမိတို့ နာယူခဲ့ရတဲ့ တရားအသံတွေဟာ ချုပ်ပျောက်သွားရတယ်။ အဲဒီလို ချုပ်ပျောက်သွားတဲ့ အသံတွေကို ပြန်ပြီးတော့ နှလုံးသွင်းတဲ့ ဝိပဿနာနည်းကို ပြောပြမှာပါဘဲ။ ယခုနည်းဟာ နေ့စဉ် နေ့တိုင်း ကျင့်သုံးလို့ရတဲ့ နည်းဖြစ်သွားလိမ့်မယ်။ ဒီနည်းအတွက် နမူနာရှိပြီသားပဲ။

## သဇ္ဈာယသုတ်လာ ဦးပဥ္စင်းကလေး

နမူနာက ဘယ်မှာပါသလဲဆိုတော့ သံယုတ်ပါဠိတော် သဂါထာဝဂ္ဂသံယုတ်မှာ **“သဇ္ဈာယသုတ်”**လို့ ပါလာတယ်။ အဲဒီ သုတ်ရဲ့ အကျဉ်းချုပ်ကတော့ = ဦးပဥ္စင်းငယ် မထေရ်လေးတစ်ပါး ကောသလတိုင်း တောအုပ်ထဲမှာ သီတင်းသုံးနေထိုင်တယ်။ သူ့ဆရာ ဥပဇ္ဈာယ်ရဲ့ ဝေယျာဝစ္စကြီးငယ်တွေကိုလည်း လိုလေသေး မရှိအောင် ဝေယျာဝစ္စတွေ ဆောင်ရွက်ပေးတယ်။ သူ့ဆရာသင်ပေးတဲ့ တရားတော်ကိုလည်း သူကျက်မှတ်တယ်။ ပရိယတ် တရားတော်တွေကို ကြိုးစား အားထုတ်တယ်။ ဘယ်လောက်ထိကြိုးစား အားထုတ်သလဲ ဆိုတော့ နေ့ကိုလည်း (၃)ပိုင်း၊ ညနေပိုင်းကိုလည်း (၃)ပိုင်း၊ (၆)ပိုင်း အားဖြင့် စာပေမှာတော့ ပိုင်းပြတယ်။ အဲလိုပိုင်းတဲ့အထဲက နေ့ခင်းဆို တနေ့ခင်းလုံး စာတွေကျက်၊ ညပိုင်းမှာ (၃)ပိုင်းပိုင်းတယ်၊ ညရဲ့ရှေ့ပိုင်း၊ ညဥ့်အလယ်ပိုင်း၊ နံနက်မိုးသောက် ပိုင်း၊ အဲဒီည (၃)ပိုင်းမှာလည်းပဲ ညရှေ့ပိုင်းမှာ စာကျက် စာပြန်တယ်။ ညဥ့်လယ် တစ်ချိန်တော့ အနားယူတယ်။ အာရုံ တက်တဲ့ အချိန်မှာ ထပြီး စာကျက်စာပြန်တယ်။ သူ့ရဲ့ စာကျက် စာပြန်နှုန်းဟာ လွှန်လွှန်ကဲကဲကိုပဲ စာကျက်စာပြန် တာပဲ။ လွှန်လွှန်ကဲကဲ စာကျက်စာပြန်လို့ သူ့ကိုနာမည်ပေးထားတာက **“သဇ္ဈာယမထေရ်”**လို့ ဒီလိုနာမည်ပေး လိုက်ကြတယ်။ သဇ္ဈာယဆိုတာ အင်မတန်စာကျက်စာပြန်တဲ့ ဦးပဥ္စင်းလေးပါပဲ။

## နတ်သမီးနှင့် ဆွေးနွေးခြင်း

ဒီအကြောင်းကို ပါဠိတော်က **တေနခေါ ပန သမယေန၊** ထိုအခါ၌။ **သောဘိကျ၊** ထိုရဟန်းသည်။ **ပုဗ္ဗေ၊** ရှေးအခါ၌ **အတိဝေလံ၊** အချိန်အတိုင်းအတာထက်အလွန်။ **သဇ္ဈာယ ဗဟုလော၊** စာပေပရိယတ္တိကိုရွတ်အံမှု သရဇ္ဈာယ်မှု များပြားသည်။ **ဟောတိ၊** ဖြစ်၏။ဟု အဲ့ဒီလို သဇ္ဈာယဗဟုလော-ဟူသောပုဒ်ဖြင့် မှတ်တမ်းတင် ထားရတယ်၊ အဲဒီမထေရ်ဟာ လွန်လွန်ကဲကဲ စာပေကို သင်အံတယ် ကျက်မှတ်တယ် ပြန်ဆိုတယ် နောက်ပိုင်းကျတော့ သူဘာလုပ် သွားလဲဆိုတော့၊ သော၊ ထိုမထေရ်သည်။ **အပရေန သမယေန၊** နောင်အခါ၌။ **အပ္ပေါ်သုက္ကော၊** ကြောင့်ကြမဲ့။ **တုဏှီဘူတော၊** ဆိတ်ဆိတ် နေသည်ဖြစ်၍။ **သင်္ကသာယတိ၊** ဖလသမာပတ်ဖြင့် အချိန်ကိုလွန်စေ၏။ နောက်ပိုင်းကြတော့ လုံးဝ စာမကျက်တော့ဘူး။ လုံးဝ စာမအံတော့ဘူး တစ်ခါတည်း တိတ်ဆိတ်သွားတယ်။ **တုဏှီ ဘူတော၊** ဆိတ်ဆိတ်ပဲ နေသွားတော့တယ်။ ဒီတော့ ဒီမထေရ်ရဲ့ စာပြန်မှု စာအံမှုကို မကြားရတဲ့ တောစောင့် နတ်သမီးဟာ တော်တော်ကို စိတ်မကောင်းဖြစ်သွားတယ်၊ ခါတိုင်း ဒီရဟန်း စာပြန်တာ စာကျက်တာကို တောစောင့်နတ်သမီးက အမြဲ တမ်းပဲ ကြည်ညိုနားထောင် သဒ္ဓါတရား ဖြစ်ပွားတယ်။ ခုဒီရဟန်းကို ကြည့်လိုက်တော့ စာလဲမပြန် စာလဲမအံ ရဟန်းတွေနဲ့မဲ ဝိုင်းဖွဲ့ ပြီးတော့ စကားပြောနေတာတွေ့ရတယ်။ အဲ့တော့ နေထိုင်မှုများ မကောင်းလို့ လား ဘာဖြစ်လို့များ စာတွေမကျက် မပြန်ပါလိမ့်မလဲ စိုးရိမ်ပြီး တစ်ရက်မှာတော့ ကိုယ်ထင်ပြပြီးတော့ အဲဒီရဟန်းထံ ရောက်လာတယ်။

အရှင်ဘုရား တစ်ချိန်တုန်းက သိပ်ပြီး စာတွေကျက်တယ် ပြန်တယ်၊ တနေ့လုံး ညဦးပိုင်း နံနက်ပိုင်းတောင် မနားပဲနဲ့ ညဉ့်လယ် ပိုင်း နည်းနည်းလေးပဲနားပြီးတော့ နေ့ရောညရော စာကျက် စာအံ

နေတယ်။ အရှင်ဘုရား စာကျက် စာအံတာကို တပည့်တော် နာပြီးတော့ တပည့်တော် သဒ္ဓါတရားဖြစ်ပွားပါတယ် စာပေတွေကို ကျက်မှတ်နေတာဟာ လောကလူတွေအနေနဲ့ ချီးမွမ်းကြပါတယ်။ စိတ်အနေနဲ့လဲပဲ ကြည်လင်နိုင်ပါတယ်။ ခုတော့ စာလဲမကျက် စာလဲမအံပဲနဲ့ ဘာကြောင့် ရဟန်းသံဃာတွေနဲ့ ရောနှောပြီး နေထိုင်ရပါသလဲ။ အဲဒီလို နတ်သမီးက စုံးရိမ် တကြီးနဲ့ လျှောက်ထားပါတယ်။

နတ်သမီး --ပရိယတ္တိစာပေတွေကို ပြန်တယ် ကျက်မှတ်တယ် ဆိုတာက နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့အတွက်ပဲ၊ ငါ့အနေနဲ့ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသွားပြီ၊ ဒီပရိယတ်စာပေတွေကို သင်ယူကျက်မှတ် ပြန်ဆိုစရာ မလိုတော့ဘူး။ အဲ့ဒီလိုပြောပြ လိုက်တဲ့အခါမှ နတ်သမီးဟာ အဖြစ်မှန်ကို သိသွားတယ်။ အဲဒီလို သံယုတ်မှာ သဇ္ဈာယသုတ် ဆိုပြီးတော့ပါလာတယ်၊ အဲဒီ သဇ္ဈာယရဟန်းဟာ ဘယ်နည်းဘယ်ပုံ ရဟန္တာဖြစ်သွားသလဲဆိုတာကို အဋ္ဌကထာဆရာက ထုတ်ပြတယ်၊ ယာဝအရဟတ္တ မနာ၊ အာရဲ့တက်သည်တိုင်အောင်။ သဇ္ဈာယံ ကတွာ၊ စာပေကို သရဇ္ဈာယ်ခြင်းကို ပြု၍။ ခယတော၊ ကုန်ဆုံးခြင်း ချုပ်ပျောက်ခြင်း၊ အနိစ္စသဘောအားဖြင့်။ သမ္မသတိ၊ ရှုမှတ်ဆင်ခြင် နှလုံးသွင်း၏၊ အသံ သဒ္ဒကို ခယအနိစ္စ သဘောဖြင့် ရှုမှတ်ဆင်ခြင်လိုက်တာနဲ့ တခါတည်းပဲ ရဟန္တာဖြစ်သွားရတယ် ခုလို အဋ္ဌကထာဆရာက ထုတ်ပြလိုက်တာကို နမူနာယူပြီးတော့ မိမိတို့လဲ နေ့စဉ်နေ့တိုင်း ဘုရားဝတ်တက်တယ်၊ ပရိတ် ပဋ္ဌာန်း ဓမ္မစကြာ ရွတ်ဖတ်တယ်၊ သဒ္ဓါတရား အားလျော်စွာ အခြားပါဠိတော်တွေကိုလဲ ရွတ်ဆိုတယ် ဒီအသံတွေဟာ ရွတ်ပြီးရင် တိတ်ဆိတ်သွားတယ်။ အဲဒီအသံတွေ ချုပ်ပျောက်သွားတာကို အာရုံပြုပြီးတော့ သဇ္ဈာယမထေရ်လို ဝိပဿနာ ဆင်ခြင်နိုင်ရမယ်၊ တရားတိတ်ခွေတွေ နာတဲ့အခါ တရားပွဲမှာ ဓမ္မကထိကတွေရဲ့ တရားတွေကို နာတဲ့အခါ

နာပြီးတဲ့အခါ အဲဒီအသံကို အကြောင်းပြု ပြီးတော့ ဝိပဿနာ ဆင်ခြင်ရတယ်။ ဝိပဿနာ ဆင်ခြင်နည်းကို ပြောပြမှာပါ။

## (ဃ) ဝိပဿနာတည်းဟူသော စေတီရင်ပြင်ပေါ်မှာ ရပ်တည်ပုံ

**ဘာသိတေ သမ္ပဇာနကာရီ ဟောတိ**= ဘာသိတေ၊ စကားပြောအပ်ရာ၌။ သမ္ပဇာနကာရီ-ဉာဏ်ပညာ သတိဖြင့် ဆင်ခြင်လျက်၊ ပြောဆိုလေ့ရှိသည်၊ ဟောတိ- ဖြစ်ပေ၏။ မဟာသတိပဋ္ဌာန သုတ် ပါဠိတော်စကားပါ၊ ဘာသိတေ-ပုဒ်ကို စကားပြောတယ် ဆိုတာက လွယ်လွယ်ပဲ ဘာသာ ပြန်လိုက်တာပါ။ တရားဟောတဲ့အခါ ပရိတ်ရွတ်တဲ့အခါ ပဋ္ဌာန်းရွတ်တဲ့အခါ တရားနာတဲ့အခါ ဒါတွေ အကုန်လုံးပဲ သက်ဆိုင်တဲ့ပုဒ်ပါပဲ၊ အသံတွေ ကြားတဲ့အခါ စကားတွေ ပြောတဲ့အခါ ဉာဏ်ပညာ ဖြင့် ရှုမှတ်ဆင်ခြင်ပြီတော့ နေထိုင်ရတယ်။ ဘယ်လို နေထိုင်ရမလဲ ဆိုတာကို ဗာဟိယသုတ္တန်နည်း လင်္ကာဆိုပြီးတော့ ထုတ်ပြထားပါတယ်။ ဗာဟိယသုတ္တန်မှာတော့ မြတ်စွာဘုရားရှင်က အကျယ်ဟောပြထားပါတယ်။ **ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ** - စသဖြင့် ဟောပြပါတယ်။

ဒီမှာတော့ အသံနှင့်ပတ်သက်တာဆိုတော့ **သုတေ သုတမတ္တံ ဘဝိဿတိ** ပါဠိတော်အရ ဘယ်နည်း ဘယ်ပုံ အသံကို ရှုမှတ် ဆင်ခြင်ရမလဲဆိုတော့ **သုတေ၊** နားဖြင့်ကြားအပ်သော အသံမျိုးစုံ သဒ္ဒါရုံ အပေါ်၌။ **သုတမတ္တံ၊** ကြားရုံသာ ကြား၍ လိုချင်မှုလောဘ စိတ်ဆိုးမှုဒေါသ မသိမိုက်မဲမှုမောဟ မပါပဲ သောတဝိဉာဏ် ကြားသိစိတ်, သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌောစိတ်တို့လျင် နှိုင်းယှဉ်ဖွယ်ရာ

ဥပမာနရှိသော လောဘဒေါသမောဟ မပါ မဟာကုသိုလ်ဇော စိတ်အစဉ်သည်။ **ဘာဝိတသိ၊** ဖြစ်လတ္တံ့၊ ဒီလို မြတ်စွာဘုရားရှင်က ဗာဟိယပရဗိုဇ်ကို ဟောပြတဲ့အခါ အသံမျိုးစုံကြားရတဲ့အခါ အဲဒီ အသံကို အကြောင်းပြုပြီးတော့ လောဘ ဒေါသ မောဟ အကုသိုလ် မဖြစ်စေနဲ့၊ ကြားသိ စိတ်နဲ့ စပ်ဆက်ပြီးတော့ မဟာကုသိုလ် ဇောစိတ်ပဲ ဖြစ်အောင် ကျင့်ကြံရမယ်။ ဒီလို ဗာဟိယပရိဗိုဇ်ကို မြတ်စွာဘုရားက အကျဉ်းချုပ်ပြီး ဟောပြပါတယ်။

## အသံ သဒ္ဒါရုံကို ဝိပဿနာတင်ပုံ

အဲဒီတော့ အခုဒီနေရာမှာ ကြည့်လိုက်ရအောင် ဘုန်းဘုန်းက တရားဟောနေတယ်၊ တရားဟောနေတာကို ဒကာ ဒကာမတွေ ပရိသတ်က ကြားနေရတယ်။ အဲဒီတော့ ဘုန်းဘုန်းရဲ့ စကားအသံဟာ ဘာလဲဆိုတော့ အသံ သဒ္ဒါရုံပဲ အသံ သဒ္ဒါရုံဟာ ရုပ်တရား အနေနဲ့ဆိုရင် ရုပ် (၂၈)ပါး ထဲမှာ သဒ္ဒရုပ်ပဲ၊ ဘုန်းဘုန်းရဲ့ အသံသဒ္ဒါရုံ သဒ္ဒရုပ်ကို ဒကာ ဒကာမတို့ရဲ့ ကြားသိစိတ်ဆိုတဲ့ သောတဝိဉာဏ် စိတ်နဲ့ ကြားနေရတယ်။ အဲဒီတော့ သောတဝိဉာဏ် ကြားသိစိတ်နှင့် အသံသဒ္ဒါရုံ ဒီနှစ်မျိုးပဲရှိတယ်။ ဘုန်းဘုန်းရဲ့ အသံသဒ္ဒါရုံ သဒ္ဒရုပ် တရားရော ၊ ဒကာ/ဒကာမတို့ သန္တာန်မှာ ကြားနေရတဲ့ ကြားသိစိတ် သောတဝိဉာဏ်ရော၊ သောတဝိဉာဏ် ကြားသိစိတ်လို့ ပဓာနအားဖြင့် ပြောပြလိုက်တာပါပဲ။ သောတဝိဉာဏ်စိတ်နဲ့ တွဲပြီးတော့ သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော ဒီစိတ်တွေလည်း ပါတာပါ။ ဒါပေမယ့် ပဓာန်အနေနဲ့ ကြားသိစိတ်ပဲ ပြောကြစို့။ ဒကာ/ ဒကာမ တွေအနေနဲ့ နားကြားသိစိတ်ဖြင့် အသံတွေကို ကြားနေရတယ်။ အဲ့တော့ နှစ်မျိုးပဲရှိတယ်။ တစ်မျိုးက ဘုန်းဘုန်းရဲ့အသံ သဒ္ဒါရုံ၊ တစ်မျိုးက ဒကာ/ ဒကာမတို့ ဘုန်းဘုန်းရဲ့အသံကို ကြားနေရတဲ့ သောတ

ဝိညာဏ် ကြားသိစိတ်၊ ဒီတရား (၂)ပါးပါပဲ။ အဲဒီတရား(၂)ပါးဟာ ဘယ်နည်းဘယ်ပုံ ဖြစ်နေသလဲဆိုတာကို အဋ္ဌကထာက ဖွင့်ပြထားတယ်။

**တဒုဘယမ္ပိ ယထာပစ္စယံ ပဝတ္တမာနံ ဓမ္မမတ္တမေဝ၊ န ဧတ္ထ ကောစိ ကတ္တာဝါ ကာရေတာဝါ၊ ယတော တံ ဟုတွာ အဘာဝဋ္ဌေန အနိစ္စံ၊ ဥဒယဗ္ဗယပ္ပဋိပီဠနဋ္ဌေန ဒုက္ခံ၊ အဝသဝတ္တနဋ္ဌေန အနတ္တာ။** *(ဥဒါန်းအဋ္ဌကထာ၊ ၈၂)*

**တဒုဘယမ္ပိ၊** ထိုအသံသဒ္ဒါရုံ ကြားသိစိတ် သောတဝိညာဏ် ဒီတရား (၂)ပါးအပေါင်းသည်။ **ယထာပစ္စယံ၊** အကြောင်းအားလျော်စွာ။ **ပဝတ္တမာနံ၊** ဖြစ်သော။ **ဓမ္မမတ္တမေဝ၊** ရုပ်နာမ်တရားအစုမျှသာပါပေတကား။ **ဧတ္ထ၊** ဤကြားအပ်သော အသံသဒ္ဒါရုံ ကြားသိစိတ် သောတဝိညာဏ် ဤ(၂)ပါး၌။ **ကောစိ၊** တစ်စုံတစ်ခုသော၊ **ကတ္တာဝါ၊** ပြုလုပ်တတ်သော ပုဂ္ဂိုလ်သည်ရင်း၊ **ကာရေတာဝါ၊** ပြုလုပ်စေခိုင်းတတ်သော ပုဂ္ဂိုလ်သည်ရင်း။ **န အတ္ထိ၊** မရှိပါတကား။

အသံ သဒ္ဒါရုံဆိုတဲ့ ရုပ်တရားရယ်၊ ကြားသိစိတ်ဆိုတဲ့ သောတဝိညာဏ်ရယ်၊ ဒီ ရုပ် နာမ် (၂)ပါးဟာ သူ့အကြောင်းအားလျော်စွာ ဖြစ်ပေါ်နေတာပဲ၊ အကြောင်းအားလျော်စွာဆိုတဲ့ နေရာမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ-ဆိုတဲ့ အကြောင်းတွေလည်းပါတယ်။ လောလောဆယ် စိတ်ဆိုတဲ့ အကြောင်းတရားလည်း ပါတယ်။ ယွှုစွယ်တော်ရတနာစေတီ(၁)နှစ်ပြည့် အထိမ်း အမှတ်မှာ ဝိပဿနာစေတီရင်ပြင်မှာ တရားနာမည်ဆိုတဲ့ စိတ်လေးကို အကြောင်းခံပြီးတော့ ဒီနေ့ဒီကျောင်းကို ရောက်လာတယ်။ အဲဒီစိတ်ဟာလည်း အကြောင်းတရားပါပဲ၊ တခြား အကြောင်းတရားတွေဖြစ်တဲ့ ကံ။ စိတ် ဥတု အာဟာရ အဝိဇ္ဇာ တဏှာတွေလည်းပါတယ်။ ဒါတွေကိုတော့ ထားလိုက် ပါတော့။ အဲဒီအကြောင်းကို အရင်းခံပြီးမှ ဘုန်းဘုန်းရဲ့

အသံဆိုတဲ့ သဒ္ဒါရုံ၊ ဒကာ၊ ဒကာမ တွေရဲ့ နားမှာ ကြားနေရတဲ့ ကြားသိစိတ်တွေ ဖြစ်လာတယ်။ အဲတော့ ရုပ်တရားနဲ့နာမ်တရား နှစ်ပါးပဲ၊ အသံသဒ္ဒါရုံဟာ ရုပ်တရားပဲ။ ကြားသိစိတ်ဆိုတဲ့ သောတဝိညာဏ်ဟာ နာမ်တရားပဲ အခုပြောနေတဲ့ အသံသဒ္ဒါရုံကိုပဲ ဒကာ/ ဒကာမတွေရဲ့ နားမှာကြားနေရတဲ့ ကြားသိစိတ်တွေ ဖြစ်လာတယ်။ အခုပြောနေတဲ့ အသံသဒ္ဒါရုံပိုင်ရှင် ဘုန်းဘုန်းလည်း မဟုတ်ဘူး၊ ဘုန်းကြီးလဲ မဟုတ်ဘူး။ အသံသဒ္ဒရုပ်ကိုပဲ ဒကာ/ဒကာမတွေ ကြားနေရတယ်။ ကြားသိစိတ်ဖြစ်တဲ့အခါ ပုဂ္ဂိုလ် သတ္တဝါ မပါဘူး၊ ကြားသိစိတ်ဆိုတဲ့သောတဝိညာဉ် နာမ်တရားပဲ ဖြစ်နေတာပဲ။ ပုဂ္ဂိုလ် သတ္တဝါ မိန်းမ ယောကျ်ားလည်း မဟုတ်ဘူး။ ရုပ်/နာမ် တရား (၂)ပါးပဲ ဖြစ်နေတာပါပဲ။

အဲဒီအသံ သဒ္ဒရုပ်နဲ့ ကြားသိစိတ် သောတဝိညာဉ်ဟာ ဘယ်လို သဘောရှိလဲ။ ယတော၊ ပုဂ္ဂိုလ်မဟုတ် ငါမဟုတ်ပဲ နာမ်ရုပ် အစုမျှသာ ဖြစ်သည်၏အဖြစ်ကြောင့်၊ **တံ၊** ထိုအသံ သဒ္ဒါရုံနဲ့ ကြားသိစိတ် သောတဝိဉာဏ် ဤတရား (၂)ပါးအပေါင်းသည်။ **ဟုတွာ အဘာဝတ္တေန၊** ဖြစ်ပြီးတဲ့ နောက် ချုပ်ပျောက်တတ်သော သဘောကြောင့်။ **အနိစ္စံ၊** မမြဲသောအနိစ္စပါတကား။ ဘုန်းဘုန်းရဲ့အသံရော ဒကာ/မတွေရဲ့ ကြားသိ စိတ်ကရော ဖြစ်ပြီးတော့ ပျက်သွားတာပါပဲ။ ဉပါဒ်အခိုက်မှာ ခဏဖြစ်ပြီးဘင်ခဏမှာတော့ ပျက်သွားတာပဲ စက္ကန့် ပိုင်းလောက်တောင်မှ မကြာဘူး ဖြစ်တာ ပျက်တာ အင်မတန် မြန်တာ ပါပဲ။ အဲတော့ ဆိုပါစို့ ဘုန်းဘုန်းရဲ့အသံဟာ ချက်ခြင်းဖြစ် ချက်ခြင်း ပျက်သွားတာပါပဲ။ စောစောပိုင်းက ဒကာ/ဒကာမတွေ ကြားကာသနဲ့ ကန်တော့တော့ ဘုန်းဘုန်းဆုပေးလိုက်တဲ့ အသံသဒ္ဒရုပ်ဟာ အခု ချိန်မှာ ရှိသေးလားဆိုတော့ မရှိတော့ဘူး။ တခါတည်းပဲ ဖြစ်/ပျက် တာပဲ။ ချက်ချင်းကို ပျက်တာပဲ။ စွယ်တော်ရတနာစေတီ သမိုင်း

အကျဉ်းချုပ်ကို ပြောပြတဲ့အသံဟာလည်း ဖြစ်/ပျက်သွားတာပဲ။ ထို့အတူ နားထောင်နေတဲ့ ဒကာ/ဒကာမတွေရဲ့ ကြားသိစိတ် ရှိခိုးပြီးတဲ့အခါ ဘုန်းဘုန်းက ဆုပေးလိုက်တယ်။ အဲဒီဆုပေးတဲ့ အသံတွေကို ဒကာ ဒကာမတွေ ကြားသိစိတ်အနေနဲ့ ကြားလိုက် ရတယ်။ အဲဒီကြားသိစိတ်ကကော ရှိသေးလား၊ မရှိတော့ဘူး။ ချက်ချင်းပျက်တာပဲ။ မရှိတော့ဘူး။

စွယ်တော်ရတနာစေတီသမိုင်း အကျဉ်းချုပ်ကို အသံအနေနဲ့ ဘုန်းဘုန်း ထုတ်ပြီးတော့ ပြောပြတယ်။ အဲ့ဒါကို ကြားတဲ့ ကြားသိစိတ်ဟာ ဒကာ/ဒကာမတွေဆီမှာ မရှိတော့ဘူး။ ချက်ချင်း ဖြစ်ပြီးပျက်တာပဲ။ ထို့အတူ ဓမ္မစေတီအကြောင်း၊ ဓမ္မအလံတံခွန်ထီးအကြောင်း၊ ဓမ္မပန်းစည်းပန်းကုံး အကြောင်းတွေပြောတဲ့ ဘုန်းဘုန်းရဲ့အသံသဒ္ဒရုပ် ဟာလည်း ဖြစ်ပြီးတော့ပျက်တာပဲ။ ဒကာ/ဒကာမ တို့ရဲ့ကြားသိစိတ် သောတဝိညာဏ်စိတ်ဟာလည်း ချက်ချင်းဖြစ်/ပျက်တာပဲ။ ပြီးတော့ ချုပ်ပျောက် ပျက်စီးသွားတယ်ဆိုတာ မြဲလို့လား။ မမြဲလို့လား။ မမြဲဘူးဆိုတော့ ဒီတရားက အနိစ္စသဘောပဲ။ မမြဲတဲ့သဘောတင်ပဲလားဆိုတော့ မကသေးဘူး။ **ဥဒယဝယပဋိပီဠနတ္ထေန၊** အဖြစ်အပျက်တို့ဖြင့် နှိပ်စက်ခံနေရ သောသဘောကြောင့်။ **ဒုက္ခံ၊** ဆင်းရဲအတိ ဒုက္ခပါတကား။ အဖြစ်အပျက်ဖြင့် ခဏခဏဖြစ်၊ ခဏခဏပျက်နေပြီ ဆိုမှတော့ ဒီရုပ်နာမ်ဟာ နှိပ်စက်မှုခံနေရတယ်။ အဲဒီအတွက် ဆင်းရဲတဲ့ ဒုက္ခသဘောပါဘဲ။ ဒီရုပ်တရား နာမ်တရားတွေက ခဏခဏဥပါဒ် ဌီ ဘင်အနေနဲ့ ဖြစ်ပျက်နေတဲ့အတွက် ရုပ်နာမ် တရားတွေဟာ ရင့်ရင့်လာတယ်။ ရင့်ရင့်ပြီးတော့ အို အိုလာတယ်။

ရင့်ရော်မှု အိုမှုသဘောတွေဟာ ဒုက္ခ ဆင်းရဲတဲ့သဘောတွေပါပဲ။ ဒါတွေဟာ ဆင်းရဲ့တဲ့ ဒုက္ခသဘောပါပဲ၊ ဒါတင်လားဆိုတော့ မကသေးဘူး။ **အဝသဝတ္တနဋ္ဌေန၊** မိမိ၏အလိုသို့ မပါသောကြောင့်။

**အနတ္တာ၊** အစိုးမရ အနတ္တပါတကား။ ကိုယ်ကဖြစ်ပြီး မပျက်ပါနဲ့လို့ အလိုဆန္ဒ ရှိပေမယ့်။ ကိုယ့်ဆန္ဒအတိုင်း ပါရဲ့လားဆိုတော့ မပါဘူး။ သူ့တရားသဘာဝအတိုင်း ချက်ချင်း ဖြစ်ပြီး ချက်ချင်းပဲပျက်သွားတယ်။ မအို၊ မနာ၊ မသေပါစေနဲ့လို့ အလိုဆန္ဒ ရှိပေမယ့် ကိုယ့်ဆန္ဒ အတိုင်း မဖြစ်ဘူး။ သူ့ရုပ်နာမ်သဘာဝအတိုင်း အိုနေမယ်၊ နောက်ဆုံးမှာ ကွယ်လွန်အနိစ္စ ရောက်ရမယ်၊ ကိုယ့်အလိုဆန္ဒသဘော မပါတဲ့ အတွက် ကြားတဲ့ကြားသိစိတ်ကော အသံသဒ္ဒါရုံပါ အနတ္တ သဘော တရားပါပဲ။ အဲဒီလို ကိုယ်ရွတ်ဆိုပြီးတဲ့နောက် ဘုရားရှိခိုးပြီးတဲ့အသံ သဒ္ဒါရုံနဲ့ ကြားသိစိတ်ဖြစ်တဲ့ သောတဝိညာဏ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောနဲ့ ဆင်ခြင်ရမယ်။ အဲဒီလိုဆင်ခြင်ဖို့အတွက် ဗာဟိယ သုတ္တန်မှာ မြတ်စွာဘုရားရှင်က **သုတေ သုတမတ္တံ ဘဝိဿတိ**လို့ အကျဉ်းချုပ် ပြီးတော့ ဟောပြထားပါတယ်။

မိမိတို့အနေကတော့ ဗာဟိယပရိဗိုဇ်လောက် ဉာဏ်မထက်တဲ့ အတွက် လင်္ကာလေးနဲ့ ဆင်ခြင်ပေးရမယ်။ လင်္ကာလေးကို ရွတ်ဆိုပြီး တော့ ဝိပဿနာစေတီရင်ပြင်မှာ ရပ်တည်ကြပါမယ်။ ဖြည်းဖြည်းနဲ့ ကိုယ့်အသံကို ကြားသိစိတ်ကို အာရုံပြုပြီးတော့ ရွတ်ဆိုဆင်ခြင် ပွားများပါမယ်။

## ဗာဟိယ သုတ္တန်နည်း

**၁။ ကြားအပ် ကြားတတ် ဤနှစ်ရပ်ကား ဓာတ်အစုမျှ**
**မည်သူတ ဓမ္မသက်သက်ပါတကား။**
**၂။ ပုဂ္ဂိုလ်မဟုတ် ငါမဟုတ် နာမ်ရုပ် အစုပါတကား။**
**၃။ ဖြစ်ပြီးလျှင်ပျက် သူ့အနက် သက်သက် အနိစ္စပါတကား။**
**၄။ အဖြစ်အပျက် လွန်နှိပ်စက် သက်သက် ဒုက္ခပါတကား။**
**၅။ လိုမပါချက် သူ့အနက် သက်သက် အနတ္တပါတကား။**

*(မင်းကွန်း တိပိဋကဆရာတော်)*

ဒီနည်းက ဇာဟိယသုတ္တန်နည်းဖြင့် ရွတ်ဆိုပြီးသားအသံနဲ့ ကိုယ်ကြားရတဲ့ ကြားသိစိတ် နှစ်ခုကို ဆင်ခြင်ရှုမှတ် ပွားများတဲ့ နည်းပါပဲ။ ဝိပဿနာစေတီရင်ပြင်လို့ ခေါင်းစဉ်တပ်ထားတဲ့ အတိုင်း ဇာဟိယသုတ္တန်နည်းဖြင့် ဝိပဿနာ စေတီရင်ပြင်ပေါ်မှာ ရပ်တည်ပြီးတော့ ဓမ္မစေတီကို ပူဇော်ပြီးသွားပါပြီ။ မြတ်စွာဘုရားရှင်က ဘာတရားပဲ ရှေ့ပိုင်းမှာ ဟောဟော နောက်ဆုံးနိဂုံးချုပ်တဲ့အခါ သစ္စာ (၄)ပါးတရားဖြင့် နိဂုံးချုပ်ပါတယ်။ ခုမိမိတို့ လည်းပဲ မြတ်စွာဘုရားရှင်ရဲ့ ဒေသနာနည်းအတိုင်း သစ္စာ (၄) ပါးဖြင့် နိဂုံးချုပ်ပါမယ်။ သစ္စာ (၄) ပါးဖြင့် နိဂုံးချုပ်တဲ့ အခါမှာတော့ မင်းကွန်း တိပိဋက ဆရာတော်ကြီးရဲ့ သစ္စာ (၄) ပါးလင်္ကာ မဟာစည် ဆရာတော်ကြီးရဲ့ သစ္စာ (၄) ပါးလင်္ကာကိုရွတ်ဆို ဆင်ခြင်ပြီးတော့ စေတီမှာ အလံတံခွန်ထီးကို တင်ကြပါမယ်။

**ပဋိသန္ဓေ အို့,နာ,သေဟု လေးထွေရင်းမြစ် ဒုက္ခဖြစ်၏**

စသည်ဖြင့် ဆင်ခြင်တဲ့အခါ ရောဟိတဿ သုတ္တန်ဒေသနာအရ တခြား ပုဂ္ဂိုလ်တွေကို အာရုံပြုရမှာ မဟုတ်ပါဘူး၊ မိမိရဲ့ ခန္ဓာကိုယ်မှာ ဖြစ်ပျက်နေတဲ့ အိုနာသေမှု သဘာဝကို ဆင်ခြင်ရပါမယ်၊ ပဋိသန္ဓေ တည်တဲ့သဘော မိမိရဲ့ ရင့်ရော်ပြီး အိုသွားတဲ့သဘော၊ ရောဂါဝေဒနာ တွေဖြစ်ပြီး နာတဲ့သဘော။ တစ်ချိန်ကြရင် သက်တမ်းကုန်တဲ့အခါ သေရမယ့်သဘော။ ကိုယ့်ခန္ဓာကိုယ်ကို အာရုံပြုပြီးတော့ သစ္စာ (၄) ပါးကို ရွတ်ဆိုဆင်ခြင် ရပါမယ်။ အဲဒီလို ကိုယ့်ခန္ဓာကိုယ်ကို အာရုံ မပြုဘဲနဲ့ဆိုလို့ရှိရင်တော့ စာထဲမှာပါတဲ့အတိုင်း ရွတ်သွားမယ် ဆိုရင်တော့ မထင်မြင်လွယ်ဘူး။ ဘယ်အချိန်ကြရင်တော့ ထင်မြင် လွယ်မလဲ ဆိုရင်တော့ ရောဂါ ဝေဒနာတွေဖြစ်ပြီဆိုရင်တော့ ဒုက္ခ သစ္စာသဘောတွေ ထင်မြင်လာပါလိမ့်မယ်။ အဲတော့ ရောဂါဝေဒနာ မဖြစ်လည်း ကိုယ်ခန္ဓာ ကိုယ်ပဲ ကိုယ့်ခန္ဓာကိုယ်အတွင်းမှာဖြစ်နေတဲ့ တရားသဘောတွေကိုပဲ ဆင်ခြင်ပြီး ရွတ်ဆို ရပါမယ်။ အဲတော့

ဆရာတော်ကြီးနှစ်ပါးရဲ့ သစ္စာ (၄)ပါး ကမ္မဋ္ဌာန်းလင်္ကာကို ဖြည်းဖြည်း ဖြည်းဖြည်းလေးနဲ့ ရွတ်ဆိုဆင်ခြင်ရပါမယ်။

**ဣတိ " နာဟံ အာဝုသော ဣမာနိ စတ္တာရိ သစ္စာနိ တိဏကဋ္ဌာဒိသု ပညပေမိ၊ ဣမသ္မိံ ပန စာတုမဟာဘူတိကေ ကာယသ္မိံယေဝ ပညပေမိ"တိ ဒဿေတိ။** *(အံ၄၊ ၂။ ၃၀၅)*

## မင်းကွန်း တိပိဋကဆရာတော်၏ သစ္စာ(၄)ပါး လင်္ကာများ

**၁။ ပဋိသန္ဓေ အိုနာသေဟု လေးထွေ ရင်းမြစ် ဒုက္ခဖြစ်၏ မချစ်ယှဉ်တွဲ ချစ်သူ ကွဲနှင့် လိုလည်းမရ အကျဉ်း ပြသော် ပဥ္စ ဉပါဒါ ငါးခန္ဓာ သစ္စာဒုက္ခ မှန်မောလှ။**

**၂။ ဒုက္ခဖြစ်ကြောင်း မကောင်းတဏှာ လောဘမှာ သစ္စာ သမုဒယ မှန်မောလှ။**

**၃။ တဏှာချုပ်ရာ နိဗ္ဗာန်မှာ သစ္စာ နိရောဓ မှန်မောလှ။**

**၄။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အသိ ကောင်းသိ အကြံ ကောင်းသံဆိုပြော ကောင်းသောအပြု ကောင်းမှု သက်မွေး ကောင်းရေးလုံ့လ ကောင်းထသတိ ကောင်းဘိ တည်ကြည် ဤရှစ်မည် တွင်ညီ မဂ္ဂ မှန်မောလှ။**

## မဟာစည်ဆရာတော်၏ စတုသစ္စကမ္မဋ္ဌာန်း လင်္ကာ

## (၁) ဒုက္ခသစ္စာ

**၁။ ဖြစ်အိုသေရေး စိုးရိမ်ဆွေး ငိုကြွေး ကိုယ်နာကျင်။**

**၂။ နှလုံးမသာ စိတ်ပြင်းစွာ ပူတာ ဆင်းရဲပင်။**

**၃။ မုန်းတာနှင့်တွဲ ချစ်တာကွဲ ဆင်းရဲ အမှန်ပင်။**

**၄။ မရတာလို ဒုက္ခဆို တိုတိုပြောရလျှင်။**

**၅။ စွဲလမ်းနိုင်ရာ ငါးခန္ဓာ သစ္စာ ဒုက္ခပင်။**

## (၂) သမုဒယသစ္စာ

၁။ ကာမတဏှာ ကောင်းနိုးရာ သာယာ နှစ်သက်မှု၊
၂။ ဘဝတဏှာ သဿတာ ထင်ကာ နှစ်သက်မှု၊
၃။ ဝိဘဝမှာ ဥစ္ဆေဒါ ထင်ကာနှစ်သက်မှု၊
၄။ ဆင်းရဲပွားရန် အကြောင်းမှန် သုံးတန် တဏှာစု၊

## (၃) နိရောဓသစ္စာ

တဏှာချုပ်က နိရောဓ ဒုက္ခ အငြိမ်းမှန်၊

## (၄) မဂ္ဂသစ္စာ

မှန်စွာမြင်သိ ကြံမိမှန်ကန် မှန်စွာပြောပြု ရှာမှုလမ်းမှန်၊
မှန်စွာကြောင့်ကြ မှတ်ရမှန်ကန် စူးစိုက်ကပ် ရှစ်ရပ်မဂ်လမ်းမှန်၊
မူလပုဗ္ဗ အရိယ သုံးဝမဂ္ဂင်မြတ်၊ ဖြစ်ပွားစေလျှင် ဤမဂ္ဂင်ပြေးဝင်နိဗ္ဗာန်ဓာတ်၊

ဒီနေ့စတည်လိုက်တဲ့ ဂါထာမှာလာတဲ့ ဓမ္မ (၄) မျိုးကို အပြည့်အစုံ ပြောပြပြီးသွားပါပြီ။ ဘုရားဝတ်တက် ပြီးတဲ့အခါ ပရိတ်ပဋ္ဌာန်းရွတ်ပြီးတဲ့အခါ စိတ်နဲ့ဆင်ခြင်နှလုံးသွင်းရတယ်။ အဲဒီလိုစိတ်နဲ့ဆင်ခြင်နှလုံးသွင်းတဲ့အခါကျမှ တကယ့် ဝိပဿနာဆိုတာ ဖြစ်တာပါပဲ။ ခုဟာကတော့ အဲဒီ ဝိပဿနာဖြစ်ဖို့အတွက် အခြေခံကိုပဲ ပြောပြပေး လိုက်ရတယ်။ အဲတော့ ဒီအခြေခံကို သိသွားကြရင် မိမိတို့နေ့စဉ်နေ့တိုင်း အိမ်မှာ ဘုရားဝတ်တက်ကြ၊ ဘုရားရှိခိုးကြ၊ ပရိတ်ရွတ်ကြ၊ ပဋ္ဌာန်းရွတ်ကြတယ်၊ ရွတ်ပြီးပြီဆိုရင် ဒီအစဉ်မှာလာတဲ့အတိုင်း ဗောဓိပက္ခိယတရား (၃၇)ပါးဖြင့် ဓမ္မစေတီ တည်မယ်။ သစ္စာ (၄) ပါးတရား အလံတံခွန်ကိုလည်း လွှင့်ထူပြီးတော့ တင်ပေးလိုက်မယ်။ နောက် စတုရာရက္ခ ဘာဝနာဆိုတဲ့ ပန်းစည်း ပန်းကုံးကြီးဖြင့်လည်း ပူဇော်လိုက်မယ်။ ဝိပဿနာ စေတီရင်ပြင်ပေါ်ကနေ

ရပ်တည်နေပြီးတော့ ဓမ္မစေတီကို ပူဇော်လိုက်မယ်ဆိုလို့ရှိရင် အင်မတန် ကိုပဲ အကျိုးများသွားပါလိမ့်မယ်။

တစ်နေ့တည်းနဲ့ တစ်ခါတည်းနဲ့ ဒါနရော၊ သီလရော၊ သမထ ဘာဝနာရော၊ ဝိပဿနာ ဘာဝနာရော ပွားများပြီးသား ဖြစ်သွားပါမယ်။ တစ်ထိုင်တည်းနဲ့ပဲ ဒါနကုသိုလ်ရော၊ သီလကုသိုလ်၊ သမထ ဘာဝနာကုသိုလ်ရော၊ ဝိပဿနာ ဘာဝနာ ကုသိုလ်ရော ရယူပြီးသား ဖြစ်သွားပါ လိမ့်မယ်။ ဘုန်းဘုန်းလည်း ဒီဂါထာလေး ရပြီးကတည်းက ဒီအစဉ်အတိုင်းပဲ အဲဒီစွယ်တော် ရတနာစေတီ ရှေ့မှာ ဆင်ခြင် လိုက်တာပဲ။ ဆင်ခြင်လိုက်တော့ တစ်ခါတည်းပဲ ကုသိုလ် (၄) မျိုးလုံးပဲ ရသွားတာ ပေါ့လေ။ ဘုန်းဘုန်းတို့ ရသလို ကျန်တဲ့ ဘုရားဒကာ၊ ဘုရားအမတွေလည်း ရရှိသွားအောင် ဒီနေ့ ညောင်တုန်းကျောင်း တိုက်ကို စွယ်တော်ကြွရောက်လာတဲ့ တစ်နှစ်ပြည့်တဲ့နေ့မှာ ဒီ ဓမ္မစေတီ တည်ထားနည်းကို ပြောပြလိုက်တာ ပါပဲ။ ခုနာရီပိုင်း နှစ်နာရီ သုံးနာရီပိုင်းအတွင်းမှာ ဓမ္မစေတီတွေ တည်ပြီးသွားပြီ။ ဒါနကုသိုလ် တွေ၊ သီလကုသိုလ်တွေ၊ သမထဘာဝနာကုသိုလ်တွေ၊ ဝိပဿနာ ဘာဝနာကုသိုလ်တွေ အကုန်ရပြီး သွားပြီ။ မိမိတို့ရသလို မိမိတည် ထားတဲ့ စွယ်တော် ရတနာ စေတီကိုစောင့်တဲ့နတ်။ ဒီစွယ်တော်ရတနာ ရှိတဲ့ လှရတနာကျောင်းစောင့်နတ်၊ ညောင်တုန်း ကျောင်းတိုက် စောင့်တဲ့နတ်၊ မဟာမင်္ဂလာ ဘုရားစေတီ စောင့်နတ်၊ ထို့အတူ မိမိနေတဲ့ အိမ်ခန်း၊ တိုက်ခန်းစောင့်နတ်၊ ခြံစောင့်နတ်၊ အိမ်စောင့်နတ်၊ ဆိုင်စောင့်နတ်၊ လောကစောင့်နတ်၊ သာသနာ စောင့်နတ်၊ သိကြား နတ်မင်း၊ မိုးနတ်မင်းစတဲ့ နတ်တွေကိုလည်း ကုသိုလ်အမျှ ပေးဝေပါ ကုန်၏၊ ကုသိုလ်အမျှ ကိုယ်စီရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါ စေကုန်သတည်း။

*(၁၃၆၅ ခုနှစ်၊ တော်သလင်းလဆန်း ၁-ရက်၊*
*၂၇၊ ၈၊ ၂၀၀၃) ဗုဒ္ဓဟူးနေ့*



# ဗောဓိပက္ခိယ တရားစွမ်းအင်များ

## သာသနာတော်၏ အနှစ်ချုပ်တရား

မြတ်စွာဘုရားရှင်၏ အဆုံးအမကို သာသနာဟုခေါ်ရသည်။ ထိုသာသနာသည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာအားဖြင့် သုံးပါးရှိသော်လည်း မုချ ဘုရားအဆုံးအမ အစစ်အမှန်အားဖြင့်ကား (၃၇)ပါးသော ဗောဓိပက္ခိယတရားတို့ပင် ဖြစ်ကြသည်။ *(သာရတ္ထဒီပနီဋီကာ-၁၊ ၃၄)*

## သာသနာ အရှည်တည်တံ့ကြောင်းတရား

ဤဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် သာသနာအရှည်တည်တံ့ကြောင်း တရားတို့လည်းဖြစ်ကြ၏။မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်စံတော်မမူခင် သုံးလအလို အာယုသင်္ခါရလွှတ်ပြီးသော အခါတွင် မဟာ ဝုန်တော စုလစ်မွန်းချွန် အထွဋ်တပ် ပြသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံးနေထိုင်စဉ် ဝေသာလီပြည်ရှိ ရဟန်းအပေါင်းကို ဓမ္မာရုံ၌ စုဝေးစေပြီးလျှင် သာသနာအရှည်တည်တံ့ကြောင်း တရားအပေါင်းကို အောက်ပါအတိုင်း ဟောတော်မူခဲ့၏။

ချစ်သားရဟန်းတို့ ငါဘုရားသည် သင်တို့အား ထူးသောဉာဏ်ဖြင့် သိမြင်၍ ဟောကြားအပ်သော ဤ ဗောဓိပက္ခိတရား (၃၇)ပါးတို့ကို သင်တို့သည် ကောင်းမွန်ရိုသေစွာ သင်ယူကျက်မှတ်ကြ၍ မှီဝဲအပ်ကုန်၏။ ပွားများအပ်ကုန်၏။ ကြိမ်ဖန်များစွာ လေ့ကျင့်အပ်ကုန်၏။ ယင်းသို့ ဗောဓိပက္ခိယတရား (၃၇)ပါးတို့ကို မှီဝဲပွားများ လေ့ကျင့်သည်ရှိသော် ဤမြတ်သော အကျင့် သာသနာတော်သည် အရှည်ခိုင်ခန့်လျက် ကြာမြင့်စွာ တည်တံ့ရာ၏။ ထိုသို့ တည်တံ့ခြင်းသည် သတ္တဝါအများ၏ စီးပွားချမ်းသာအလို့ငှာ၊

လောကကို စောင့်ရှောက်ရန်အလို့ငှာ၊ နတ်လူတို့၏ အကျိုးစီးပွားနှင့် ချမ်းသာခြင်းအလို့ငှာ ဖြစ်ပေရာ၏။

*(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော် ၊ ဒီ၊ ၂၊ ၁၀၀)*

## ဗောဓိပက္ခိယတရားတို့၏ အစွမ်းအာနုဘော်

ဗောဓိပက္ခိယတရားတို့၏ အစွမ်းအာနုဘော်ကား ကြီးမားထက်မြတ်လှပါပေသည်။ သာဝကပုဂ္ဂိုလ်တို့သည် ဗောဓိပက္ခိယတရားတို့ကို ပွားများကြ၍ သာဝကပါရမီဉာဏ်ကို ရရှိကြကာ ပကတိသာဝကရဟန္တာ၊ မဟာသာဝကရဟန္တာ၊ အဂ္ဂသာဝက ရဟန္တာတို့ဖြစ်ကြကုန်၏။ ပစ္စေကဗုဒ္ဓါဘုရားအရှင်မြတ်တို့သည်လည်း ဗောဓိပက္ခိယ တရားတို့ကိုပင် ပွားများကြ၍ ပစ္စေကဗောဓိဉာဏ်ကို ရရှိကြပြီး ပစ္စေကဗုဒ္ဓါ ဘုရားအဖြစ်သို့ ရောက်ကြကုန်၏။ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်လည်း ဗောဓိပက္ခိယ တရားတို့ကိုပင် ပွားများကြ၍ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တို့ကို ရရှိကြပြီး သဗ္ဗညုဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိတော်မူကြကုန်၏။

*(ဥဒါနဋ္ဌကထာ၊ ၂၇၆)*

## တထာဂတ နာမည်တော် ရကြောင်းတရား

တထာဂတ သဒ္ဒါသည် ဘုရားရှင်၏ နာမည်တော်နှင့် ဂုဏ်တော်အားဖြင့် နှစ်မျိုးကို ဖော်ညွှန်းပြသည်။ မြတ်စွာဘုရားရှင်သည် ဂုဏ်တော်အားဖြင့်လည်း တထာဂတမည်တော်မူ၏။ နာမည်တော်အားဖြင့်လည်း တထာဂတသဒ္ဒါသည် ဘုရားရှင်၌ဖြစ်တော်မူ၏။ ဘုရားရှင်သည် တရားဟောတော်မူသောအခါဖြစ်စေ၊ စကားပြောတော်မူသောအခါ၌ဖြစ်စေ မိမိကိုယ်ကို သုံးနှုန်းရာ၌ တခြားနာမည်တော်ပြ သဒ္ဒါစကားလုံးတို့ဖြင့် မသုံးနှုန်းပဲ တထာဂတ သဒ္ဒါဖြင့်သာ သုံးနှုန်းတော်မူသည်။ ယင်းသို့ တထာဂတသဒ္ဒါကို

သုံးနှုန်းတော်မူရခြင်းမှာ တထာဂတသဒ္ဒါသည် များပြားကျယ်ဝန်းသော အနက်အဓိပ္ပာယ်ရှိခြင်း၊ ဘုရားဂုဏ်အားလုံးတို့ကို သိမ်းကြုံးပေါင်းရုံး၍ ယူနိုင်ခြင်းတို့ကြောင့်ပင်ဖြစ်သည်။

ဂေါတမမြတ်စွာဘုရားရှင်၏ တထာဂတနာမည်တော် ဂုဏ်တော်အမည်ရခြင်းအကြောင်းမှာ ဤဗောဓိပက္ခိယတရား (၃၇)ပါးကြောင့်ပင်ဖြစ်သည်။ တထာဂတအမည်ရပုံမှာ ပွင့်တော်မူပြီးဖြစ်ကြသော ဝိပဿီ၊ သိခီ- စသော ရှေးရှေးသော ဘုရားရှင်တို့သည် ဗောဓိပက္ခိယတရား (၃၇)ပါးတို့ကို ပွားများ တိုးပွားစေတော်မူကြပြီး၍ သဗ္ဗညုဘုရား အဖြစ်သို့ရောက်တော်မူကြကုန်သကဲ့သို့ ထို့အတူ အကျွန်ုပ်ကိုးကွယ်အားထားရာ ဂေါတမ ရှင်တော်မြတ်ဘုရား သည်လည်း ဗောဓိပက္ခိယတရား (၃၇)ပါးတို့ကိုပင် ပွားများတိုးပွား စေတော်မူ၍ သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူသောကြောင့် တထာဂတ အမည်တော်ရခြင်းဖြစ်လေသည်။

*(သီလက္ခန်အဋ္ဌကထာ-၆၀)*

## ဘဂဝါဂုဏ်တော် ရကြောင်းတရား

ဘုရားရှင်သည် ဗောဓိပက္ခိယတရား (၃၇)ပါးကြောင့် **"တထာဂတ"**အမည်တော်သာ ရသည်မဟုတ်ပေ။ **"ဘဂဝါ ဂုဏ်တော်ကို"**လည်း ဗောဓိပက္ခိယတရား (၃၇)ပါးကြောင့်ပင် ရရှိတော်မူခြင်းဖြစ်ပေသည်။ ဘဂဝါ ဂုဏ်တော် ရရှိပုံမှာ ဘုရားရှင်သည် သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနှစ်ပါး၊ မဂ္ဂင်ရှစ်ပါးဟုဆိုအပ်သော ဗောဓိပက္ခိယတရားအဖို့ရှိတော်မူသောကြောင့် ဘဂဝါဂုဏ်တော် ရရှိတော်မူခြင်းဖြစ်ပေသည်။ *(မဟာနိဒ္ဒေသပါဠိတော်၊ ၁၆၂)*

## ရတနာထိုက်သောတရား

ဗောဓိပက္ခိယတရား (၃၇)ပါးကို ရတနာထိုက်သော တရားများဟူ၍ ဘုရားရှင်သည် ဝိနည်းဒေသနာ တော်၌ ဟောပြတော်မူခဲ့၏။ ပင်လယ်မဟာသမုဒ္ဒရာကြီးအတွင်း၌ ပုလဲ မြ ကြောင်မြက်ရွဲ ခရုသင်း ကျောက် သလင်း သန္တာ ငွေ ရွှေ ပတ္တမြားနီ ပတ္တမြားပြောက်ဟူသော များပြားလှစွာသော ရတနာ မရေတွက်နိုင်သော ရတနာတို့ ရှိသကဲ့သို့ပင် ဘုရားရှင်၏ ဓမ္မဝိနယသာသနာတော်သည်လည်း သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးဟုဆိုအပ်သော များသော ရတနာ မရေတွက်နိုင်သော ရတနာတို့တည်ရှိရာဖြစ်ပေ၏။

*(ဝိနည်းစူဠဝါ-ပါဠိတော်၊ ၄၂၃)*

## ဆေးဝါးဖြစ်သောတရား

ဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် အနာရောဂါကို ပျောက်ကင်းစေတတ်သော ဓမ္မောသဓတရား တည်းဟူသော ဆေးဝါးများလည်းဖြစ်ကြ၏။ တရားဆေးဝါးနှင့်တူသော အစွမ်းထက်မြက်သော ဆေးမည်သည် မရှိပေ။ တရားဆေးဝါးများကား သတိပဋ္ဌာန်ဆေးဝါးလေးပါး၊ သမ္မပ္ပဓာန်ဆေးဝါး လေးပါး၊ ဣဒ္ဓိပါဒ်ဆေးဝါး လေးပါး၊ ဣန္ဒြေဆေးဝါး ငါးပါး၊ ဗိုလ်ဆေးဝါး ငါးပါး၊ ဗောဇ္ဈင်ဆေးဝါး ခုနစ်ပါး၊ မဂ္ဂင်ဆေးဝါး ရှစ်ပါးတို့ဖြစ်ကြသည်။ ထိုဗောဓိပက္ခိယတရားဆေးဝါးတို့ဖြင့် မြတ်စွာဘုရားရှင်သည် နတ်၊ လူတို့၏ ရုပ်ခန္ဓာကိုယ်၌ဖြစ်သော ဖျားနာခြင်း စသော အနာရောဂါ၊ စိတ်သန္တာန်၌ဖြစ်သော ကိလေသာရောဂါတို့ကို ကုစားတော်မူ၏။ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါစာ စသော အကုသိုလ်တရားတို့ကို သက်သျှောကျစေ၏။ လောဘ, ဒေါသ, မောဟ, မာန-စသော

ကိလေသာတို့ကို ပျို့အန်စေ၏။ ဝေနေယျသတ္တဝါတို့သည် ဗောဓိပက္ခိယတရား(၃၇)ပါးတည်းဟူသော တရားဆေးဝါးကို သောက်သုံးကြကုန်၍ မအို,မနာ,မသေရာ-ဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြရကုန်၏။

*(မိလိန္ဒပဉှာပါဠိတော်၊ ၃၁၉)*

## ဘုရားရှင်သုံးဆောင်ခဲ့သော အသုံးအဆောင် ဘဏ္ဍာပစ္စည်း

ဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် ဘုရားရှင် ပွင့်တော်မူခဲ့၏-ဟု ဘုရားရှင်ရှိကြောင်း သိနိုင်သော တရားတို့လည်း ဖြစ်ကြပါသည်။ ထိုအကြောင်းကို ပြဆိုသော မိလိန္ဒပဉှာပါဠိတော်မှ မိလိန္ဒမင်းကြီးမေး၍ အရှင်နာဂသေနမထေရ်က ဖြေကြားသော **"အနုမာနပဉှာ"**ကို ဖော်ပြပါမည်။

| | |
|---|---|
| မိလိန္ဒမင်းကြီး | -အရှင်ဘုရားနာဂသေန အရှင်ဘုရားသည် မြတ်စွာဘုရားကို မြင်ဖူးပါသလော၊ |
| အရှင်နာဂသေနမထေရ် | -မင်းမြတ် မမြင်ဖူးပါ။ |
| မိလိန္ဒမင်းကြီး | -အရှင်ဘုရား၏ဆရာတို့ကော မြတ်စွာဘုရားကို မြင်ဖူးပါသလော၊ |
| မထေရ် | -မင်းမတ် မမြင်ဖူးပါ။ |
| မင်းကြီး | -အရှင်ဘုရားနာဂသေန အရှင်ဘုရားလည်း မြတ်စွာဘုရားကို မမြင်ဖူး၊ အရှင်ဘုရား၏ ဆရာတို့သည်လည်း မြတ်စွာဘုရားကို မမြင်ဖူးသတတ်၊ ထိုသို့ဖြစ်ပါမူ မြတ်စွာဘုရားကို မရှိပေတကားဟူ၍ ဆိုသင့်ပါ၏။ ဤအရာ၌ မြတ်စွာဘုရားသည် မထင်ရှားချေဟု လျှောက်ထား၏။ |

မထေရ် -မင်းမြတ် သင်၏မင်းမှိုမင်းနွယ်၌ ရှေးဦးအစ ဖြစ်ကြကုန်သော ရှေးရှေးမင်းတို့သည် ရှိပါကုန်သလော၊
မင်းကြီး -အရှင်ဘုရား ရှိပါကုန်၏။
မထေရ် -မင်းမြတ် သင်သည် ရှေးရှေးမင်းတို့ကို မြင်ဖူးပါသလော၊
မင်းကြီး -အရှင်ဘုရား မမြင်ဖူးပါ။
မထေရ် -မင်းမြတ် သင့်ကိုဆုံးမကြကုန်သော ပုရောဟိတ်၊ စစ်သူကြီး၊ တရားသူကြီး အမတ်ကြီးတို့ကော ရှေးရှေးမင်းတို့ကို မြင်ဖူးပါကုန်သလော၊
မင်းကြီး -အရှင်ဘုရား မမြင်ဖူးကြပါ။
မထေရ် -မင်းမြတ် သင်မင်းမြတ်သည်လည်း ရှေးရှေးမင်းတို့ကို အကယ်၍ မမြင်ဖူး သည်ဖြစ်အံ့၊ သင်မင်းမြတ်အား ဆုံးမကြ ကုန်သော သူတို့သည်လည်း မမြင်ဖူးကုန် သည် ဖြစ်ကုန်အံ့၊ ထိုသို့ဖြစ်မူ ရှေးရှေး မင်းတို့သည် မရှိကုန်ဟု ဆိုသင့်ပါ၏။ ဤအရာဝယ် ရှေးရှေးမင်းတို့သည် မထင်ရှားကုန်တကားဟု မိန့်တော်မူ၏။
မင်းကြီး -အရှင်ဘုရားနာဂသေန ရှေးရှေးမင်းတို့၏ အသုံးအဆောင်ဖြစ်ကုန်သော ထီးဖြူ သင်းကျစ် ခြေနင်း သားမြီးယပ် သံလျက် သလွန်ညောင်စောင်းတို့ကို မြင်ရပါကုန်၏။ ယင်းအသုံးအဆောင်ပစ္စည်းတို့ကြောင့်

တပည့်တော်တို့သည် ရှေးရှေးမင်းတို့
ရှိကုန်၏-ဟု သိရပါကုန်၏။
ယုံကြည်ရပါကုန်၏ဟု လျှောက်ထား၏။

မထေရ် -မင်းမြတ် ဤအတူပင် အကြင်အကြောင်း
ကြောင့် ထိုမြတ်စွာဘုရား ထင်ရှား
ရှိ၏ဟူ၍ ငါတို့သိရ ယုံကြည်ရသော
အကြောင်းသည် ရှိပါ၏။
ထိုအကြောင်းကား အဘယ်နည်းဟူမူ
မင်းမြတ် သစ္စာ လေးပါးကို သိတော်မူ
မြင်တော်မူသော ပူဇော်အထူးကို ခံယူ
ထိုက်သော ကိုယ်တိုင် မှန်စွာသိမြင်တော်
မူသော ထိုမြတ်စွာဘုရား သုံးဆောင်
ခဲ့သော သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်
လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊
ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနှစ်ပါး၊ မဂ္ဂင် ရှစ်ပါး
ဟူသော အသုံးအဆောင် ဘဏ္ဍာပစ္စည်း
တို့သည် ရှိပါကုန်၏၊ ယင်းအသုံး အဆောင်
ဘဏ္ဍာပစ္စည်းတို့ကြောင့် နတ်နှင့်
တကွသော လောကသည် ထိုမြတ်စွာဘုရား
ရှိ၏-ဟုသိရ၏။ ယုံကြည်ရ၏၊ မင်းမြတ်
ဤအကြောင်း အထောက်အပံ့ နည်းမှန်းဆ
ခြင်းဖြင့် ထိုမြတ်စွာဘုရားသည် ရှိ၏ဟု
သိအပ်၏ဟူ၍ မိန့်တော်မူ၏။

အကြင်မြတ်စွာဘုရားသည် များစွာသော နတ်လူအပေါင်း
တို့ကို နိဗ္ဗာန်သို့ ကယ်တင်ပို့ဆောင်ပြီး၍ ဥပဓိကုန်ရာ နိဗ္ဗာန်၌

ပရိနိဗ္ဗာန်စံဝင်တော်မူပြီ၊ ထိုဘုရားရှင်သည်ရှိ၏ဟု မှန်းဆသော အားဖြင့် သိအပ်၏။

အတ္ထိ ခေါ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန အနုဘူတာနိ ပရိဘောဂဘဏ္ဍာနိ၊ သေယျထိဒံ စတ္တာရော သတိပဋ္ဌာနာ, စတ္တာရော သမ္မပ္ပဓာနာ, စတ္တာရော ဣဒ္ဓိပါဒါ, ပဉ္စိန္ဒြိယာနိ, ပဉ္စဗလာနိ, သတ္တ ဗောဇ္ဈင်္ဂါ, အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ ယေဟိ သဒေဝကော လောကော ဇာနာတိ သဒ္ဒဟတိ "အတ္ထိ သော ဘဂဝါ"တိ။

*(မိလိန္ဒပဉှာပါဠိတော် ၊ ၃၁၄)*

## ဗောဓိပက္ခိယတရားတို့၏ စွမ်းအင်များ

ဤသို့လျှင် ဗောဓိပက္ခိတရား (၃၇)ပါးတို့သည် -

၁။ သာသနာတော်၏ အနှစ်ချုပ်တရား

၂။ သာသနာတော် အရှည်တည်တံ့ကြောင်းတရား

၃။ အစွမ်းအာနုဘော် ကြီးမားထက်မြက်သောတရား

၄။ ဘုရားရှင်၏ တထာဂတ နာမည်တော် ရကြောင်းတရား

၅။ ဘဂဝါဂုဏ်တော် ရကြောင်းတရား

၆။ ရတနာထိုက်သောတရား

၇။ ဆေးဝါးဖြစ်သောတရား

၈။ ဘုရားရှင်ရှိကြောင်း သိနိုင်သော တရားတို့ ဖြစ်ကြသည်။

## ဗောဓိပက္ခိယတရားတို့ကို ပြဆိုရာ ပါဠိတော်များ

ဘုရားရှင်သည် ထိုဗောဓိပက္ခိယတရားတို့ကို အဘိဓမ္မာပိဋက ဝိဘင်းပါဠိတော်နှင့် သုတ္တန်ပိဋက မဟာဝဂ္ဂသံယုတ် ပါဠိတော်တို့၌

အကျယ်ဝေဖန်ဟောပြတော်မူပါသည်။ ထိုပါဠိတော်တို့ကို အမှီပြု၍ အဘိဓမ္မတ္ထသင်္ဂဟ (သင်္ဂြိုဟ်)ကျမ်း၌ သမုစ္စည်းပိုင်းဝယ် ဗောဓိပက္ခိယ သင်္ဂဟဟူ၍ ပြဆိုထားပါသည်။ ထိုသင်္ဂြိုဟ်ကျမ်း၌လာသော ဗောဓိပက္ခိယတရား (၃၇)ပါးကို အကျဉ်းချုပ်၍ သိသာနားလည်ရုံမျှ ရေးပြပါမည်။

## ဗောဓိပက္ခိယတရား (၃၇)ပါးမှတ်ဖွယ်

ဗောဓိပက္ခိယပုဒ်၏ အနက်အဓိပ္ပါယ်နှင့် တရားကိုယ် အရကောက်သစ္စာလေးပါးကို သိမြင်တတ်သော မဂ်ဉာဏ်၏ အသင်းအပင်းတွင် ပါဝင်သော တရားစု (ဝါ) မဂ်ဉာဏ်ဘက်မှာ ပါဝင်၍ မဂ်ဉာဏ်၏အကျိုးကို သယ်ပိုးဆောင်ရွက်တတ်သော တရားစုဖြစ်၍ ဗောဓိပက္ခိယမည်၏။

ဗောဓိပက္ခိယပုဒ်အရ မဂ်ဉာဏ်ဖြစ်ပေါ်အောင် ကျေးဇူးပြုတတ်သော မဟာကုသိုလ်၊ မဟာကြိယာ၊ အပ္ပနာဇောနှင့်ယှဉ်သော တရားများကိုသာ အရကောက်ယူရသည်။

## ဗောဓိပက္ခိယ သင်္ဂဟ (၇)ပါး

ဗောဓိပက္ခိတရားသည် သင်္ဂဟအမျိုးတူ အုပ်စုအားဖြင့် (၇)မျိုးရှိသည်။ ထို (၇)မျိုးတို့ကား -

(က) သတိပဋ္ဌာန်အုပ်စု
(ခ) သမ္မပ္ပဓာန်အုပ်စု
(ဂ) ဣဒ္ဓိပါဒ်အုပ်စု
(ဃ) ဣန္ဒြေအုပ်စု
(င) ဗိုလ်အုပ်စု
(စ) ဗောဇ္ဈင်အုပ်စု
(ဆ) မဂ္ဂင်အုပ်စု တို့ဖြစ်ကြသည်။

## ဗောဓိပက္ခိယ ပဘေဒတရား (၃၇)ပါး

ဗောဓိပက္ခိတရားသည် ပဘေဒ အစိတ်အစိတ် သရုပ် အရေအတွက် အပြားအားဖြင့်မူ (၃၇)ပါးရှိသည်။ ၎င်း (၃၇)ပါးတို့ကား

| | | |
|---|---|---|
| (က) | သတိပဋ္ဌာန် | ၄ ပါး |
| (ခ) | သမ္မပ္ပဓာန် | ၄ ပါး |
| (ဂ) | ဣဒ္ဓိပါဒ် | ၄ ပါး |
| (ဃ) | ဣန္ဒြေ | ၅ ပါး |
| (င) | ဗိုလ် | ၅ ပါး |
| (စ) | ဗောဇ္ဈင် | ၇ ပါး |
| (ဆ) | မဂ္ဂင် | ၈ ပါးအားဖြင့် |
| | စုစုပေါင်း | (၃၇)ပါးတို့ဖြစ်ကြသည်။ |

## (က)အုပ်စု သတိပဋ္ဌာန် (၄)ပါး
## သတိပဋ္ဌာန်၏ အနက်အဓိပ္ပါယ်အရကောက်

သတိပဋ္ဌာန်ဟူသည် လွန်ကဲစွာသက်ဝင် တည်နေသော အောက်မေ့မှု သတိ၊ ခိုင်မြဲစွာသက်ဝင်တည်နေသော အောက်မေ့မှု သတိဟုဆိုလိုသည်။ ကာယ ဝေဒနာ စိတ္တ ဓမ္မဟု ဆိုအပ်သော ဆိုင်ရာဆိုင်ရာ အာရုံထဲ၌ စွဲစွဲမြဲမြဲ သက်ဝင်တည်နေသော အောက်မေ့မှု သတိစေတသိက်ကို သတိပဋ္ဌာန်ဟုခေါ်သည်။ တရားကိုယ်အား ဖြင့် သတိစေတသိက်ဖြစ်သည်။ တရားကိုယ်အားဖြင့် သတိစေတသိက် တစ်ပါးတည်းဖြစ်သော်လည်း အာရုံ (၄)မျိုးတို့၌ယူပုံ၊ ရှုမှတ်ပုံအခြင်းအရာ (၄)မျိုး ပယ်ခွာခြင်းကိစ္စ (၄)မျိုး ကွဲပြားခြင်း အားဖြင့် သတိပဋ္ဌာန်သည် (၄)ပါးပြားရသည်။ သတိပဋ္ဌာန် (၄)ပါး တို့ကား -

၁။ ကာယာနုပဿနာသတိပဋ္ဌာန်
၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်
၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်
၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့ ဖြစ်ကြသည်။

**ထိုလေးပါးတို့တွင်**

၁။ ထွက်လေဝင်လေနှင့် ဆံပင်မွေးညှင်းစသော (၃၂) ကောဋ္ဌာသ ရူပကာယခန္ဓာကိုယ်၌ ခိုင်မြဲစွာ အဖန်ဖန်ရှုမှတ် ဆင်ခြင်သော သတိသည် ကာယာနုပဿနာ သတိပဋ္ဌာန်မည်၏။

၂။ ဖြစ်ပေါ်လာတိုင်းသော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့ကို ဆင်းရဲသော ဒုက္ခ အခြင်းအရာ ထင်မြင်လာအောင် ခိုင်မြဲစွာ အဖန်ဖန်ရှုမှတ်ဆင်ခြင်သော သတိသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်မည်၏။

၃။ ဖြစ်ပေါ်လာတိုင်းသော စိတ်ကို အာရုံပြု၍ ဤစိတ်ကား တပ်မက်သော ရာဂစိတ်၊ ဤစိတ်ကား တပ်မက်ခြင်းကင်းသောစိတ် စသည်ဖြင့် ခွဲခြားလျက် အနိစ္စအခြင်းအရာ ထင်မြင်လာအောင် ခိုင်မြဲစွာ အဖန်ဖန် ရှုမှတ်ဆင်ခြင်သော သတိသည် စိတ္တာနုပဿနာသတိပဋ္ဌာန်မည်၏။

၄။ နီဝရဏ စသော တရားဓမ္မတို့ကို အနတ္တ အခြင်းအရာ ထင်မြင်လာအောင် ခိုင်မြဲစွာ အဖန်ဖန် ရှုမှတ်ဆင်ခြင်သော သတိသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်မည်၏။

## (ခ) အုပ်စု သမ္မပ္ပဓာန် (၄)ပါး
## သမ္မပ္ပဓာန်၏ အနက် အဓိပ္ပာယ်အရကောက်

သမ္မပ္ပဓာန်ဟူသည် ကောင်းစွာ အလွန်အကဲ ကြိုးစားဆောင်ရွက်တတ်သော ဝီရိယဟုဆိုလိုသည်။ ခန္ဓာကိုယ်၌ အရေသာ

ကြွင်းပါစေ အကြောသာကြွင်းပါစေ အရိုးသာကြွင်းပါစေ အသွေးအသား တို့သာ ခမ်းခြောက်ပါစေ ယောကျ်ားတို့၏ ကြိုးစားမှုဝီရိယ လုံ့လ စွမ်းပကားဖြင့် ရောက်ထိုက်ရထိုက်သော ဈာန်မဂ်ဖိုလ်ကို မရေသေး မရောက်သေးလျှင် ကြိုးစားမှု ဝီရိယ ရပ်တန့်မှု မဖြစ်စေရဟူသော အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဝီရိယကို သမ္မပ္ပဓာန်ဟုခေါ်သည်။ တရားကိုယ်အားဖြင့် ဝီရိယစေတသိက်ဖြစ်သည်။

တရားကိုယ်အားဖြင့် ဝီရိယစေတသိက် တစ်ပါးတည်း ဖြစ်သော်လည်း ဆောင်ရွက်ခြင်းကိစ္စ (၄)မျိုးပြားသောကြောင့် သမ္မပ္ပဓာန် (၄)ပါးပြားရသည်။ သမ္မပ္ပဓာန် (၄)ပါးတို့ကား -

၁။ ဥပ္ပန္နပါပက ပဟာနဝါယာမ

၂။ အနုပ္ပန္နပါပက အနုပ္ပါဒဝါယာမ

၃။ အနုပ္ပန္နကုသလ ဥပ္ပါဒဝါယာမ

၄။ ဥပ္ပန္နကုသလ ဘိယျောဘာဝါယ ဝါယာမ တို့ဖြစ်ကြသည်။

၁။ မိမိသန္တာန်၌ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ အားထုတ်ခြင်း၊ သမ္မပ္ပဓာန်လုံ့လ။

၂။ မိမိသန္တာန်၌ နောင်ဖြစ်လတ္တံ့ကုန်သော အကုသိုလ် တရားတို့ကို မဖြစ်ပေါ်လာစေခြင်းငှာ အားထုတ်ခြင်း သမ္မပ္ပဓာန်လုံ့လ။

၃။ မိမိသန္တာန်၌ မဖြစ်ဖူးသေးကုန်သော သမထ ဝိပဿနာ စသော လောကီကုသိုလ် လောကုတ္တရာ မဂ်ကုသိုလ်တို့ကို မိမိသန္တာန်၌ ဖြစ်ပေါ်စေခြင်းငှာ အားထုတ်ခြင်း သမ္မပ္ပဓာန်လုံ့လ။

၄။ မိမိသန္တာန်၌ ဖြစ်ပေါ်ပြီးကုန်သော သမထဝိပဿနာ စသော လောကီကုသိုလ်တရားတို့ကို လွန်စွာ တိုးပွားများပြားခြင်းငှာ အားထုတ်ခြင်း သမ္မပ္ပဓာန်လုံ့လတို့ဖြစ်ကြသည်။

## (ဂ) ဆုပ်စု ဣဒ္ဓိပါဒ် (၄) ပါး
## ဣဒ္ဓိပါဒ်၏ အနက် အဓိပ္ပါယ်အရကောက်

ဣဒ္ဓိပါဒ်ဟူသည် ဈာန်မဂ်ဖိုလ်ဟူသော ပြီးစီးထမြောက်ခြင်း ပြည့်စုံခြင်းအကျိုး အမျိုးမျိုးတို့၏ အခြေခံ အကြောင်းတရားဟုဆိုလိုသည်။ တရားကိုယ်အားဖြင့် အဓိပတိထိုက်သော ဆန္ဒစေတသိက် ဝီရိယစေတသိက်၊ စိတ်နှင့် ပညာစေတသိက်တို့ ဖြစ်ကြသည်။ တရားကိုယ်လေးပါးရှိသည့်အားလျော်စွာ ဣဒ္ဓိပါဒ်လည်း (၄)ပါးအပြား ရှိသည်။ ဣဒ္ဓိပါဒ် (၄)ပါးတို့ကား -

၁။ ဆန္ဒိဒ္ဓိပါဒ်
၂။ ဝီရိယိဒ္ဓိပါဒ်
၃။ စိတ္တိဒ္ဓိပါဒ်
၄။ ဝီမံသိဒ္ဓိပါဒ်

၁။ မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်ရချင်မှုတို့၌ အလွန်အကဲ ထက်သန်သော ဆန္ဒကြောင့် ပြီးစီးပြည့်စုံမှုသည် ဆန္ဒိဒ္ဓိပါဒ်မည်၏။

၂။ ရှေး၌ ပြခဲ့ပြီးသော အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဝီရိယကြောင့် ပြီးစီးပြည့်စုံမှုသည် ဝီရိယဒ္ဓိပါဒ် မည်၏။

၃။ သာသနာတော်ကို တွေ့ကြုံ၍ သာသနာဓမ္မကို ကြားနာရသောအခါမှစ၍ အလွန်အကြူး ထက်သန် ခိုင်မာသော စိတ်စွမ်းအားကြောင့် ပြီးစီးပြည့်စုံမှုသည် စိတ္တိဒ္ဓိပါဒ်မည်၏။

၄။ အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲဒုက္ခကြီးမားပုံကို ကောင်းစွာ မြင်နိုင်သော ပညာဣဒ္ဓိတို့၏ အကျိုးအာနိသင်ကို ကောင်းစွာ မြင်နိုင်သောပညာ ခက်ခဲနက်နဲသော တရားဓမ္မသဘာဝတို့၌ ကျက်စား နိုင်သော ပညာကြောင့် ပြီးစီး ပြည့်စုံမှုသည် ဝီမံသိဒ္ဓိပါဒ်မည်၏။
*(ပညာကိုဝီမံသဟုခေါ်သည်)*

## (ဃ) ဆုဝ်စု ဣန္ဒြေ (၅) ပါး ဣန္ဒြေ၏ အနက်အဓိပ္ပါယ်အရကောက်

ဣန္ဒြေဟူသည် မိမိဆိုင်ရာကိစ္စ၌ စိတ်ကို အစိုးရနိုင်မှုဟု ဆိုလိုသည်။ မိမိဆိုင်ရာကိစ္စတို့၌ မိမိနှင့်သက် ဆိုင်သော တရားများကို မိမိအလိုအတိုင်းဖြစ်စေနိုင်သော တရားများကို ဣန္ဒြေဟုခေါ်သည်။ တရားကိုယ်အား ဖြင့် သဒ္ဓါစေတသိက် ဝီရိယစေတသိက် သတိစေတသိက် သမာဓိစေတသိက် ပညာစေတသိက်တို့ဖြစ်ကြသည်။ တရားကိုယ် (၅)ပါးရှိသည့်အားလျော်စွာ ဣန္ဒြေလည်း (၅)ပါးအပြား ရှိသည်။ ဣန္ဒြေ (၅)ပါးတို့ကား -

၁။ သဒ္ဓိန္ဒြေ

၂။ ဝီရိယိန္ဒြေ

၃။ သတိန္ဒြေ

၄။ သမာဓိန္ဒြေ

၅။ ပညိန္ဒြေတို့ဖြစ်ကြသည်။

၁။ ပကတိသဒ္ဓါယုံကြည်မှုမျိုးဖြင့် မဟုတ်ဘဲ ထွက်လေဝင်လေ ကမ္မဋ္ဌာန်းအလုပ်အစရှိသော ဘာဝနာအလုပ်ဖြင့် ကြီးပွားအောင် ပြုပြင်ပျိုးထောင်၍ ထားအပ်သော ဘာဝနာသဒ္ဓါယုံကြည်မှုဖြင့် သောတာပတ္တိမဂ်၏ အင်္ဂါလေးပါးတို့၌ စိတ်ကိုအစိုးရခြင်းသည် သဒ္ဓိန္ဒြေမည်၏။

၂။ ပကတိ လုံ့လ ဝီရိယမျိုးဖြင့် မဟုတ်ဘဲ ဘာဝနာလုံ့လဝီရိယဖြင့် သမ္မပ္ပဓာန် (၄)ပါးတို့၌ စိတ်ကို အစိုးရခြင်းသည် ဝီရိယိန္ဒြေမည်၏။

၃။ သာမညသတိမျိုးဖြင့် မဟုတ်ဘဲ ဘာဝနာသတိဖြင့် သတိပဋ္ဌာန် (၄)ပါးတို့၌ စိတ်ကိုအစိုးရခြင်းသည် သတိန္ဒြေမည်၏။

၄။ သာမညသမာဓိမျိုးဖြင့် မဟုတ်ဘဲ ဘာဝနာ သမာဓိဖြင့် ဈာန် (၄)ပါးတို့၌ စိတ်ကိုအစိုးရခြင်းသည် သမာဓိန္ဒြေမည်၏။

၅။ သာမညပညာမျိုးဖြင့်မဟုတ်ဘဲ ဘာဝနာပညာဖြင့် သစ္စာ (၄)ပါးတို့၌ စိတ်ကိုအစိုးရခြင်းသည် ပညိန္ဒြေမည်၏။

## (င) ဆုဝ်စု ဗိုလ် (၅) ပါး
## ဗိုလ်၏ အနက်အဓိပ္ပါယ်အရကောက်

ဗိုလ်ဟူသည် ဆန့်ကျင်ဘက် တရားတို့ကို တိုက်ဖျက်ဖိစီး လွှမ်းမိုးတတ်သော တရားဟုဆိုလိုသည်။ ဆန့်ကျင်ဘက်ဖြစ်သော ရန်သူတို့နှင့် တွေ့ကြုံလျှင် မတုန်လှုပ်ဘဲ ခိုင်မြဲခြင်း အနက်သဘောကြောင့် ဗိုလ်မည်သည်။ တရားကိုယ်အားဖြင့် ဣန္ဒြေ၌လာသော သဒ္ဓါစေတသိက် ဝီရိယစေတသိက် သတိစေတသိက် သမာဓိစေတသိက် ပညာစေတသိက်တို့ပင်ဖြစ်ကြသည်။ တရားကိုယ် (၅)ပါး ရှိသည့်အားလျော်စွာ ဗိုလ်လည်း (၅)ပါး အပြားရှိသည်။ ဗိုလ် (၅)ပါးတို့ကား-

၁။ သဒ္ဓါဗိုလ်

၂။ ဝီရိယဗိုလ်

၃။ သတိဗိုလ်

၄။ သမာဓိဗိုလ်

၅။ ပညာဗိုလ်တို့ဖြစ်ကြသည်။

၁။ ပကတိသဒ္ဓါယုံကြည်မှုမျိုးဖြင့် မဟုတ်ဘဲ ဘာဝနာ သဒ္ဓါ ယုံကြည်မှုဖြင့် ဆန့်ကျင်ဘက်ဖြစ်သော သဒ္ဓါမရှိသူ၏ ဖြစ်ကြောင်း အကုသိုလ်တရားအပေါင်းကို တိုက်ဖျက်ဖိစီး လွှမ်းမိုးနိုင်ခြင်းသည် သဒ္ဓါဗိုလ်မည်၏။

၂။ ပကတိ လုံ့လဝီရိယမျိုးဖြင့် မဟုတ်ဘဲ ဘာဝနာလုံ့လ ဝီရိယဖြင့် ဆန့်ကျင်ဘက်ဖြစ်သော ပျင်းရိသူဖြစ်ကြောင်း အကုသိုလ် တရားအပေါင်းကို တိုက်ဖျက်ဖိစီး လွှမ်းမိုးနိုင်ခြင်းသည် ဝီရိယဗိုလ် မည်၏။

၃။ သာမညသတိမျိုးဖြင့်မဟုတ်ဘဲ ဘာဝနာသတိဖြင့် ဆန့်ကျင်ဘက်ဖြစ်သော မေ့လျော့သူဖြစ်ကြောင်း အကုသိုလ်တရား အပေါင်းကို တိုက်ဖျက်ဖိစီး လွှမ်းမိုးနိုင်ခြင်းသည် သတိဗိုလ်မည်၏။

၄။ သာမညသမာဓိမျိုးဖြင့် မဟုတ်ဘဲ ဘာဝနာသမာဓိ ဖြင့် ဆန့်ကျင်ဘက်ဖြစ်သော ပျံ့လွင့်သူ စိတ်မတည်ငြိမ်သူဖြစ်ကြောင်း အကုသိုလ်တရားအပေါင်းကို တိုက်ဖျက်ဖိစီး လွှမ်းမိုးနိုင်ခြင်းသည် သမာဓိဗိုလ်မည်၏။

၅။ သာမညပညာမျိုးဖြင့် မဟုတ်ဘဲ ဘာဝနာပညာဖြင့် ဆန့်ကျင်ဘက်ဖြစ်သော မသိမလိမ္မာမိုက်မဲသူ တွေဝေသူဖြစ်ကြောင်း အကုသိုလ်တရားအပေါင်းကို တိုက်ဖျက်ဖိစီးလွှမ်းမိုးနိုခြင်းသည် ပညာဗိုလ်မည်၏။

၎င်းတရား (၅)ပါးသည် သက္ကာယဒိဋ္ဌိနိုင်ငံကြီးကို တိုက်ဖျက် မည့် ဗုဒ္ဓဘာသာ သာသနာဝင် ရှင်လူအများ တို့၏ ဗိုလ်ချုပ်ကြီး (၅)ဦး၊ ဗိုလ်မှူးကြီး (၅)ယောက်၊ အားကြီး (၅)ပါးပင်ဖြစ်ကြသည်။

## (စ) အုဝ်စု ဗောဇ္ဈင် (၇) ပါး ဗောဇ္ဈင်၏ အနက်အဓိပ္ပါယ်အရကောက်

ဗောဇ္ဈင်ဟူသည် သစ္စာလေးပါးတရားကို သိမြင်တတ်သော လောကုတ္တရာမဂ်ဉာဏ်၏ အစိတ်အပိုင်း တရားများဟု ဆိုလိုသည်။ တရားကိုယ်အားဖြင့် သတိစေတသိက် ပညာစေတသိက် ဝီရိယ စေတသိက် ပီတိ စေတသိက် ပဿဒ္ဓိစေတသိက် သမာဓိစေတသိက် တတြမဇ္ဈတ္တတာ စေတသိက်တို့ဖြစ်ကြသည်။ တရားကိုယ်

(၇)ပါးရှိသည့်အားလျော်စွာ ဗောဇ္ဈင်လည်း (၇)ပါးအပြားရှိသည်။ ဗောဇ္ဈင် (၇)ပါးတို့ကား -

၁။ သတိသမ္ဗောဇ္ဈင်

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်

၃။ ဝီရိယသမ္ဗောဇ္ဈင်

၄။ ပီတိသမ္ဗောဇ္ဈင်

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်

၆။ သမာဓိသမ္ဗောဇ္ဈင်

၇။ ဥပေက္ခာသမ္ဗောဇ္ဈင် တို့ဖြစ်ကြသည်။

၁။ ရှေးကြာမြင့်စွာကာလက ပြုလုပ်ခဲ့သော ကာယကံမှု၊ ပြောဆိုခဲ့သော ဝစီကံမှု၊ ကုသိုလ်စုတို့ကို ယခုထင်ထင်ပြုအသွင်သို့ ထပ်မြင်တပ်အပ် အောက်မေ့တတ်သော သတိစေတသိက်သည် သတိသမ္ဗောဇ္ဈင်မည်၏။

၂။ ထိုကြာမြင့်စွာက ပြုခဲ့ပြောခဲ့တုန်းက ဖြစ်ခဲ့သော တရားတို့ကို ဝိပဿနာ ဉာဏ်ပညာဖြင့် အနိစ္စ ဒုက္ခ အနတ္တဟု စိစစ်သုံးသပ် ရှုမှတ်ဆင်ခြင်တတ်သော ပညာစေတသိက်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်မည်၏။(ပညာကို ဓမ္မဝိစယဟုခေါ်သည်။)

၃။ ရုပ်နာမ်တရားများကို ဝိပဿနာပညာဖြင့် သုံးသပ်ဆင်ခြင်ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာနှင့်ယှဉ်သော မတွန့်မဆုတ် အားထုတ်ကြိုးစားသော ဝီရိယစေတသိက်သည် ဝီရိယသမ္ဗောဇ္ဈင်မည်၏။

၄။ အားထုတ်အပ်သော လုံ့လဝီရိယရှိသော ယောဂီပုဂ္ဂိုလ်၏ ကာမဂုဏ်အစာ၊ တဏှာအာရုံခန္ဓာ အစာနှင့် မဆက်စပ်သော ဝိပဿနာနှင့်ယှဉ်ပြီး စင်ကြယ်သော ရွှင်လန်းနှစ်သက်ဝမ်းမြောက်ခြင်း ပီတိစေတသိက် သည် ပီတိသမ္ဗောဇ္ဈင်မည်၏။

၅။ ရွှင်လန်းနှစ်သက်ဝမ်းမြောက်ခြင်းပီတိနှင့် ယှဉ်သော စိတ်ရှိသော ယောဂီပုဂ္ဂိုလ်၏ ကိုယ် စိတ် စေတသိက်တို့၏ ကိလေသာအပူမှ ငြိမ်းအေးခြင်း ကာယပဿဒ္ဓိနှင့် စိတ္တပဿဒ္ဓိ စေတသိက်သည် ပဿဒ္ဓိသမ္ဗောဇ္ဈင် မည်၏။

၆။ စိတ် စေတသိက်တရားအပေါင်းတို့ ကိလေသာ အပူမှ ငြိမ်းအေးပြီး ကိုယ်ရောစိတ်ပါရွှင်လန်းသည်အထိ ချမ်းသာမှု ရှိသော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာအာရုံထဲမှ စိတ်ကို စွဲမြဲစွာ ကောင်းစွာထားနိုင်သော တည်ကြည်ငြိမ်သက်သော သမာဓိ စေတသိက်သည် သမာဓိသမ္ဗောဇ္ဈင်မည်၏။

၇။ ကမ္မဋ္ဌာန်းအလုပ်တွင်း၌ အချိုးအစား မကျနိုင် သေး၍ ကြောင့်ကြစိုက်ရသော ဗျာပါဒအမှုတို့ ရှိကြ၏။ အချိုးအစား ကျကာ ညီမျှသောအခါ၌ ကြောင့်ကြစိုက်မှု ဗျာပါဒမှ ကင်းရှင်းပြီး လျစ်လျူရှုသော တတြမဇ္ဈတ္တတာ စေတသိက်သည် ဥပက္ခော သမ္ဗောဇ္ဈင်မည်၏။

ဤဗောဇ္ဈင်တရား (၇)ပါးကို ဖော်ပြသည့် ဗောဇ္ဈင်ပရိတ်ကို သဒ္ဓါတရားထက်သန်လှစွာ ကြားနာရပါက နေထိုင်မကောင်း အနာရောဂါဖြစ်သူတို့ အနာရောဂါမှ သက်သာပျောက်ကင်းနိုင်သဖြင့် ဗောဇ္ဈင်တရား (၇)ပါးကို နတ်ဆေးညွှန်သခ-ဟူ၍ခေါ်ဆိုကြသည်။

## (ဆ) အင်္ဂါ မဂ္ဂင် (၈) ပါး
## မဂ္ဂင်၏ အနက်အဓိပ္ပါယ်အရကောက်

မဂ္ဂင်ဟူသည် ကိလေသာ အကုသိုလ်တို့ကို ပယ်သတ်ကြောင်း နိဗ္ဗာန်သို့ရောက်ကြောင်း (နိဗ္ဗာန်သို့ရောက် ဖို့ရာလမ်းကြောင်း) တရား အပေါင်း၏ အစိတ်အပိုင်း တရားစုဟု ဆိုလိုသည်။ တရားကိုယ်အားဖြင့် ပညာစေတသိက် ဝိတက်စေတသိက် သမ္မာဝါစာစေတသိက်

သမ္မာကမ္မန္တစေတသိက် သမ္မာအာဇီဝစေတသိက် ဝီရိယစေတသိက် သတိစေတသိက် သမာဓိစေတသိက်တို့ ဖြစ်ကြသည်။ တရားကိုယ် (၈)ပါးရှိသည့်အားလျော်စွာ မဂ္ဂင်လည်း (၈)ပါးအပြားရှိသည်။ မဂ္ဂင် (၈)ပါးတို့ကား -

၁။ သမ္မာဒိဋ္ဌိမဂ္ဂင်

၂။ သမ္မာသင်္ကပ္ပမဂ္ဂင်

၃။ သမ္မာဝါစာမဂ္ဂင်

၄။ သမ္မာကမ္မန္တမဂ္ဂင်

၅။ သမ္မာအာဇီဝမဂ္ဂင်

၆။ သမ္မာဝါယာမ မဂ္ဂင်

၇။ သမ္မာသတိမဂ္ဂင်

၈။ သမ္မာသမာဓိမဂ္ဂင်တို့ ဖြစ်ကြသည်။

၁။ ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ ဟူသော သစ္စာလေးပါးတရား၌ မှန်ကန်စွာ သိမြင်သော ပညာစေတသိက်သည် သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

၂။ ကာမအာရုံမှ လွတ်ကင်းသော ကြံစည်ခြင်း နေက္ခမ္မသင်္ကပ္ပ၊ ပျက်စီးစိတ်ဆိုးခြင်း ဒေါသမှလွတ် ကင်းသော ကြံစည်ခြင်း အဗျာပါဒသင်္ကပ္ပ၊ ညှဉ်းဆဲလိုခြင်း ဝိဟိံသမှ လွတ်ကင်းသော ကြံစည်ခြင်း အဝိဟိံသ သင်္ကပ္ပအားဖြင့် မှန်ကန်စွာကြံစည်ခြင်း သုံးမျိုးဟုဆိုအပ်သော ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင်မည်၏။

၃။ မဟုတ်မမှန်ပြောဆိုခြင်း မုသာဝါဒမှလည်းကောင်း၊ ကုန်းချောစကားကိုပြောဆိုခြင်း ပိသုဏဝါစာမှလည်းကောင်း၊ ရုန့်ရင်းကြမ်းတမ်းသောစကားကို ပြောဆိုခြင်း ဖရုသဝါစာမှလည်းကောင်း၊ ပြိန်ဖျင်းသော အကျိုးမရှိသောစကားကိုပြောဆိုခြင်း သမ္ဖပ္ပလာပမှလည်းကောင်း ရှောင်ကြဉ်ပြီး မှန်ကန်စွာ ပြောဆိုခြင်းဟု ဆိုအပ်သော သမ္မာဝါစာစေတသိက်သည် သမ္မာဝါစာမဂ္ဂင်မည်၏။

၄။ အသက်ကိုသတ်ခြင်းမှလည်းကောင်း၊ မပေးသည်ကို ခိုးယူခြင်းမှလည်းကောင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ လည်းကောင်း ရှောင်ကြဉ်ပြီး မှန်ကန်စွာပြုလုပ်ခြင်း-ဟုဆိုအပ်သော သမ္မာကမ္မန္တ စေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင်မည်၏။

၅။ မှားယွင်းစွာ မိစ္ဆာအာဇီဝဖြင့် အသက်မွေးခြင်းကို ပယ်စွန့်၍ ရိုးသားဖြောင့်မတ်စွာ သမ္မာအာဇီဝ ဖြင့်အသက်မွေးခြင်း၊ မှန်ကန်စွာ အသက်မွေးဝမ်းကြောင်းပြုခြင်း၊ သမ္မာအာဇီဝစေတသိက် သည် သမ္မအာဇီဝမဂ္ဂင် မည်၏။

၆။ သမ္မပ္ပဓာန် လေးပါး၌လာသော ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ လုံ့လပြု အားထုတ်ခြင်းစသော သမ္မပ္ပဓာန်ထိုက်သော မှန်ကန်စွာ အားထုတ်ခြင်း ဝီရိယစေတသိက် သည် သမ္မာဝါယာမ မဂ္ဂင်မည်၏။

၇။ သတိပဋ္ဌာန်လေးပါး၌လာသော ကာယ,ဝေဒနာ, စိတ္တ, ဓမ္မ-ဟူသော အာရုံတို့၌ မှန်ကန်စွာ အောက်မေ့နှလုံးသွင်းခြင်း သတိစေတသိက်သည် သမ္မာသတိမဂ္ဂင်မည်၏။

၈။ ဈာန်လေးပါးတို့၌ မှန်ကန်စွာ စူးစိုက်တည်ကြည် ငြိမ်သက်ခြင်း သမာဓိစေတသိက်သည် သမ္မာသမာဓိ မဂ္ဂင်မည်၏။

## ဗောဓိပက္ခိယတရားတို့၏ တရားကိုယ်

ဤသို့လျှင် ဗောဓိပက္ခိယတရားတို့သည် အမျိုးတူအုပ်စု အားဖြင့် (၇)မျိုးရှိကြသည်။ အစိတ်စိတ် သရုပ် အရေအတွက် အားဖြင့်မူ (၃၇)ပါးရှိကြသည်။ ၄င်း (၃၇)ပါးကို အကျဉ်းချုပ်၍ သဘာဝ ဓမ္မတရားကိုယ်အားဖြင့် တူရာပေါင်း၍ ရေတွက်မူ (၁) ဆန္ဒစေတသိက် (၂) စိတ် (၃) တတြမဇ္ဈတ္တတာ (၄) သဒ္ဓါ (၅) ပဿဒ္ဓိ (၆) ပီတိ (၇) ပညာ (၈) ဝိတက် (၉) ဝီရိယ (၁၀) သမ္မာဝါစာ (၁၁) သမ္မာကမ္မန္တ (၁၂) သမ္မာအာဇီဝ (၁၃) သမ္မာသတိ (၁၄) သမ္မာသမာဓိ စေတသိက် အားဖြင့် (၁၄)ပါးရှိကြသည်။

ဤသို့လျှင် ဗောဓိပက္ခိယတရား (၃၇)ပါးတို့၏ စွမ်းအင်များနှင့် သရုပ်အနက်အဓိပ္ပါယ်အရကောက်တို့ကို သိနားလည်ပြီးပါက ထို ဗောဓိပက္ခိယတရား (၃၇)ပါးတို့ကို ဟောကြားတော်မူသော ဓမ္မဒေသက ဘုရားရှင်ကိုယ် တော်မြတ်ကြီးကို ရှိခိုးပူဇော်ရန် **"အစိန္တေ ယျကြီး ဘုရားရှိခိုးကျမ်း"**မှ ဝန္ဒနာတစ်ပုဒ်ကို ထုတ်နှုတ် ပြပါမည်။

## ဗောဓိပက္ခိယတရား (၃၇)ပါးဖြင့် ဘုရားရှင်အား ရှိခိုးပူဇော်ခြင်း

ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ် ဤငါးတန်တို့ကို တိုက်လှန်ဖြိုခွဲ၍ အောင်ပွဲယူနိုင်ရဲခေါင်တိုင်သော ကာယာနုပဿနာသတိပဋ္ဌာန် ဝေဒနာနုပဿနာသတိပဋ္ဌာန် စိတ္တာနုပဿနာသတိပဋ္ဌာန် ဓမ္မာနုပဿနာသတိပဋ္ဌာန် တည်းဟူသော သတိပဋ္ဌာန်လေးပါး။

ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာလုံ့လပြုခြင်း၊ မဖြစ်သေးသော အကုသိုလ်ကံကို တဖန်အသစ် မဖြစ်စေခြင်းငှာ လုံ့လပြုခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွားအောင် လုံ့လပြုခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ကြီးပွားစည်ပင်စိမ့်သောငှာ လွန်စွာလုံ့လပြုခြင်းတည်းဟူသော သမ္မပ္ပဓာန်လေးပါး။

ဆန္ဒိဒ္ဓိပါဒ် ဝီရိယိဒ္ဓိပါဒ် စိတ္တိဒ္ဓိပါဒ် ဝီမံသိဒ္ဓိပါဒ်တည်းဟူသော ဣဒ္ဓိပါဒ်လေးပါး။

သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ တည်းဟူသော ဣန္ဒြေငါးပါး။

သဒ္ဓါဗိုလ် ဝီရိယဗိုလ် သတိဗိုလ် သမာဓိဗိုလ် ပညာဗိုလ် တည်းဟူသော ဗိုလ်ငါးပါး။

သတိသမ္ဗောဇ္ဈင် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင် ပီတိသမ္ဗောဇ္ဈင် ပဿဒ္ဓိသမ္ဗောဇ္ဈင် သမာဓိသမ္ဗောဇ္ဈင် ဥပေက္ခာသမ္ဗောဇ္ဈင် တည်းဟူသော ဗောဇ္ဈင်ခုနစ်ပါး။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ တည်းဟူသော မဂ္ဂင်ရှစ်ပါး။

ဤသို့အားဖြင့် ပိုင်းခြားတွက်ဖွဲ့၍ သုံးဆယ့်ခုနစ်ရပ် အလွန်မြတ်သော ဗောဓိပက္ခိယဓမ္မအကျော် ရဲမက်တော်တို့ကို ကိုယ်ရံတော်ကြီး ဦးစီးဗိုလ်ချုပ်တင်လျက် အသခ်ျေ တွက်ရေမဆုံး ပတ်ကုံးကိလေသာ မာရ်ဗိုလ်ပါတို့ကို ဆံလွှာမကြွင်းအောင် ခုတ်စဉ်းတိုက်သိမ်း အငြိမ်းအောင်မြင်တော်မူသဖြင့်ယ အသခ်ျတ ခေမရွှေဘုံ ဓမ္မာရုံ သဘင် မြိုင်နန်းခွင်၌ ဦးကင်စွင့်စွင့်ဖွင့်တော်မူပြီးထသော သုံးရပ်လုံး ဆရာ ဒေဝါတိဒေဝိန္ဒ ဗြဟ္မာတိဗြဟ္မိန္ဒ တိဘဝပါရဂူ အဘိဘူပါမောက္ခ အနုတ္တရသင်းကျစ် မဟာဓမ္မရာဇ် မြတ်ရှင်ချစ်ကို။ အဟာ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

## ဗောဓိပက္ခိယတရား (၃၇)ပါး ပါဠိ

## သတိပဋ္ဌာန် (၄)ပါး

၁။ ဗောဓိပက္ခိယသင်္ဂဟော စတ္တာရော သတိပဋ္ဌာနာ ကာယာနုပဿနာသတိပဋ္ဌာနံ, ဝေဒနာနုပဿနာသတိပဋ္ဌာနံ, စိတ္တာနုပဿနာသတိပဋ္ဌာနံ, ဓမ္မာနုပဿနာသတိပဋ္ဌာနံ။

## သမ္မပ္ပဓာန် (၄)ပါး

၂။ စတ္တာရော သမ္မပ္ပဓာနာ ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော, အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော, အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော, ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။

## ဣဒ္ဓိပါဒ်(၄)ပါး

၃။ စတ္တာရော ဣဒ္ဓိပါဒါ ဆန္ဒိဒ္ဓိပါဒေါ, ဝီရိယိဒ္ဓိပါဒေါ, စိတ္တိဒ္ဓိပါဒေါ,ဝီမံသိဒ္ဓိပါဒေါ။

## ဣန္ဒြေ (၅)ပါး

၄။ ပဉ္စိန္ဒြိယာနိ သဒ္ဓိန္ဒြိယံ, ဝီရိယိန္ဒြိယံ, သတိန္ဒြိယံ, သမာဓိန္ဒြိယံ, ပညိန္ဒြိယံ။

## ဗိုလ် (၅)ပါး

၅။ ပဉ္စဗလာနိ သဒ္ဓါဗလံ ဝီရိယဗလံ သတိဗလံ သမာဓိဗလံ ပညာဗလံ။

## ဗောဇ္ဈင် (၇)ပါး

၆။သတ္တ ဗောဇ္ဈင်္ဂါ သတိသမ္ဗောဇ္ဈင်္ဂေါ, ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ, ဝီရိယသမ္ဗောဇ္ဈင်္ဂေါ, ပီတိသမ္ဗောဇ္ဈင်္ဂေါ, ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ, သမာဓိသမ္ဗောဇ္ဈင်္ဂေါ, ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။

## မဂ္ဂင် (၈)ပါး

၇။ အဋ္ဌ မဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

၈။ ဧတ္ထ ပန စတ္တာရော သတိပဋ္ဌာနာတိ သမ္မာသတိ ဧကောဝ ပဝုစ္စတိ။

၉။ တထာ စတ္တာရော သမ္မပ္ပဓာနာတိ စ သမ္မာဝါယာမော။

၁၀။ ဆန္ဒော စိတ္တမုပေက္ခာ စ၊ သဒ္ဓါ ပဿဒ္ဓိ ပီတိယော။
သမ္မာဒိဋ္ဌိ စ သင်္ကပ္ပေါ၊ ဝါယာမော ဝိရတိတ္တယံ။
သမ္မာသတိ သမာဓီတိ၊ စုဒ္ဒသေတေ သဘာဝတော။
သတ္တတိံသပ္ပဘေဒေန၊ သတ္တဓာ တတ္ထ သင်္ဂဟော။

၁၁။ သင်္ကပ္ပ ပဿဒ္ဓိ စ ပီတုပေက္ခာ၊ ဆန္ဒော စ စိတ္တံ ဝိရတိတ္တယဉ္စ။
နဝေက ဌာနာ ဝီရိယံ နဝဋ္ဌ၊ သတီ သမာဓီ စတု ပဉ္စ ပညာ။
သဒ္ဓါ ဒုဋ္ဌာနုတ္တမ သတ္တတိံသ-၊ ဓမ္မာနမေသော ပဝရော
ဝိဘာဂေါ။

၁၂။ သဗ္ဗေ လောကုတ္တရေ ဟောန္တိ၊ နဝါ သင်္ကပ္ပပီတိယော။

လောကိယေပိ ယထာယောဂံ၊ ဆဗ္ဗိသုဒ္ဓိ ပဝတ္တိယံ။

*(အဘိဓမ္မတ္ထသင်္ဂဟ)*

၁၃။ စတုဒ္ဒသေဝ အသမ္ဘိန္နာ၊ ဟောန္တေတေ ဗောဓိပက္ခိယာ။
ကောဋ္ဌာသတော သတ္တဝိဓာ၊ သတ္တတိံသပ္ပဘေဒတော။

၁၄။ သကိစ္စ နိပ္ဖါဒနတော၊ သရူပေန စ ဝုတ္တိတော။
သဗ္ဗေဝ အရိယမဂ္ဂဿ၊ သမ္ဘဝေ သမ္ဘဝန္တိတေ။ (ဝိသုဒ္ဓိမဂ်)

၁၅။ ယေကေစိ ဩသဓာ လောကေ၊ ဝိဇ္ဇန္တိ ဝိဝိဓာ ဗဟူ။
ဓမ္မောသဓသမံ နတ္ထိ၊ ဧတံ ပိဝထ ဘိက္ခဝေါ။ (မိလိန္ဒပဉှာ)

စတ္တာရော သတိပဋ္ဌာနာ, စတ္တာရော သမ္မပ္ပဓာနာ, စတ္တာရော ဣဒ္ဓိပါဒါ, ပဉ္စိန္ဒြိယာနိ ပဉ္စဗလာနိ သတ္တ ဗောဇ္ဈင်္ဂါ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါတိ ဟိ ဣမေ သတ္တတိံသဓမ္မာ ဗုဇ္ဈနဋ္ဌေန ဗောဓီတိ လဒ္ဓနာမဿ အရိယမဂ္ဂဿ ပက္ခေ ဘဝတ္တာ ဗောဓိပက္ခိယာ နာမ။

*(ဝိသုဒ္ဓိမဂ်)*



# (ဂ) ထေရုပ္ပတ္တိ အပိုင်း

**တောင်းဆုချွေ**

လှရတနာဆရာတော် - ကဝိမဟာသမဏ၏
ဝိဇာယန - မင်္ဂလာပေ
အတိဂါရဝ - တင်ပဏာချွေသည်
အရှင်ဆရာထေရ် - ဦးညွတ်သွား
ကိုးဆယ့်ခြောက်ပါး - ဘေးဘယကွာသည်
အေးမြသာယာ - ရွှင်လန်းပါစေသား
ပရိယတ် ပဋိပတ် - နှစ်ဖြာနှစ်ဝစုံသည်
သာသနာဂုဏ်မြင့်သည်ဘုရား။

| | | |
|---|---|---|
| နာယက ဂုဏ် | - | ဝင့်ထည် မားလို့ |
| အရှင်ထေရ်ဘုရား | - | ကျေးဇူးတော် |
| ပရိယတ်စာပေ | - | ကျမ်းဂန်ချလို့ |
| လမ်းမှန်ဓမ္မ | - | ညွှန်ပြပါလို့နော် |
| ကျမ်းစာရေးကာ | - | ဘာသာပြုလို့ |
| သာသနာမှု | - | လုပ်ငန်းအထွေထွေ |
| အမြဲဆောင်ရွက်နေ | | |
| မြတ်ဗုဒ္ဓ၏ | - | ပါဒအမွေကို |
| ထာဝရမသွေ | - | တည်ထားပါလို့လေး။ |
| ရာကျော်အသက် | - | ဘေးဘယကွာသည် |
| အေးမြသာယာ | - | ရှင်လန်းပါလို့လေး။ |
| တပည့်အများ | - | တောင်းဆုချွေသည် |
| ကောင်းမှုအထွေထွေ | - | လှူဒါန်းပါလို့လေး။ |

*ဆာလင်းကြီး ဆရာတော်*

*(၂၉၊ ၁၁၊ ၂၀၁၃)*



# ဘ၀အဖော်မွန်

*အဂ္ဂင်ဓမ္မနိမ္မိတာဘိဝံသ*

## လောကမှာ ဘ၀အဖော်မွန်ဟာ ဘယ်သူပါလဲ ?

ဤအမေး၏ အဖြေမှာ အမျိုးမျိုးထွက်ပေါ်လာနိုင်ပါ၏။ ချစ်သူရည်စား ရှိကြသူများက "မိမိ၏ ဘ၀လက်တွဲဖော်" သည် ဘ၀အဖော်မွန်ဟု ဖြေကြပေလိမ့်မည်။ ဇနီးမောင်နှံတို့ကမူ "ပါရမီဖြည့်ဖက် ခင်ပွန်းလင် * ဇနီးမယားတို့ဟာ ဘ၀အဖော်မွန်ပါ" ဟု ဆိုကြမှာပါ။ လိမ္မာရေးခြားရှိသော သားရှင် သမီးရှင်ဖြစ်သည့်

မိခင်ဖခင်တို့ကား "မိမိတို့ကို ပြုစုစောင့်ရှောက်နေကြသည့် သားလိမ္မာ၊ သမီးလိမ္မာလေးတွေဟာ ဘဝအဖော်မွန်တွေပါ" ဟူ၍ ပြောကြပေလိမ့်မည်။ ထို့အတူ သားသမီးတို့ကလည်း "မိဘနှစ်ပါးဟာ အားကိုးအားထားပြုစရာ ဘဝအဖော်မွန်ပါ" ဟူ၍ ဆိုကြပေလိမ့်မည်။ ဆွေမျိုးသားချင်း မိတ်ဆွေအပေါင်းအသင်းတို့ကမူ "အလိုက်တသိ အပြန်အလှန် ကူညီစောင့်ရှောက်သည့် ပုဂ္ဂိုလ်တို့မှာ ဘဝအဖော်မွန်တွေပါ" ဟူ၍ တင်ပြကြလိမ့်မည်။ ငွေရှင် ကြေးရှင်တို့ကား "အရာရာကို ဖြေရှင်းပေးနိုင်တဲ့ စီးပွားဥစ္စာငွေကြေးသာ ဘဝအဖော်မွန်ပါ" ဟူ၍ ယူဆနေကြပေမည်။ ရာထူးဌာနန္တရ လက်ကိုင်ရှိနေကြသူများကလည်း "ကိစ္စကြီးငယ်ကို အရှိန်အဝါနဲ့ ဆောင်ရွက်ပေးနိုင်တဲ့ ရာထူးအာဏာသည်သာ ဘဝအဖော်မွန်ပါ" ဟူ၍ မှတ်ထင်နေကြပေမည်။ ဤသို့စသည်ဖြင့် မိမိတို့ခံစားချက်အလိုက် အဖြေအမျိုးမျိုး ပေါ်ထွက်လာနိုင်ပါသည်။

## တဏှာ-အဖော်မွန်

**ဆိုခဲ့ပြီးသော ချစ်သူရည်စား၊ ဇနီးခင်ပွန်း၊ မိဘ သားသမီး၊ ဆွေမျိုးသားချင်း မိတ်ဆွေ အပေါင်းအသင်း၊ စီးပွားဥစ္စာ၊ ရာထူးအာဏာတို့သည် တကယ်ကော ဘဝအဖော်မွန် ဟုတ်ပါရဲ့လား?**

လောကတွင် ဘဝအဖော်မွန်ဟူ၍ သတ်မှတ်ထားသည်တို့ကို အကျဉ်းချုပ် လိုက်လျှင် ပုဂ္ဂိုလ်အဖော်မွန်နဲ့ ပစ္စည်းဥစ္စာ ရာထူးအာဏာ အဖော်မွန်ဟူ၍ အဖော်မွန် (၂)မျိုးတွေ့ရပေမည်။ ထိုပုဂ္ဂိုလ်နှင့် ပစ္စည်းဥစ္စာကို ဘဝအဖော် ဟူ၍ သတ်မှတ်ထားခြင်းမှာ တဏှာလောဘကို အရင်းခံ၍ သတ်မှတ်ထားခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓ၏ **"တဏှာ ဒုတိယော ပုရိသော - သတ္တဝါများသည် တဏှာ**

**လောဘလျှင် အဖော်ရှိကြ၏"** ဟူသော ဒေသနာတော်အရ တဏှာလောဘဖြင့် ဆက်စပ်တပ်မက် တွယ်တာနေကြ သောကြောင့် ပုဂ္ဂိုလ်နှင့်ပစ္စည်းဥစ္စာကို ဘဝအဖော်မွန်ဟူ၍ သတ်မှတ်နေကြ၏။ တဏှာလောဘဖြင့် တစ်ဦးအလို တစ်ဦးလိုက်ကာ စိတ်တူကိုယ်တူ ဆက်ဆံပေါင်းသင်း နေထိုင်ခြင်းကြောင့် ယင်း (၂) မျိုးကို "ဘဝ အဖော်မွန်" ဟူ၍ ထင်မှတ်နေကြခြင်းဖြစ်၏။

တကယ်တော့ ပုဂ္ဂိုလ်သတ္တဝါတို့ဟူသည် အမြဲတန်း စိတ်တူကိုယ်တူ အလိုဆန္ဒတူ အကြိုက်တူ မဖြစ်နိုင်ကြပေ။ **"ဒွေဝိနာမ သတ္တာ ဧကဇ္ဈာသယာ ဒုလ္လဘာ လောကသ္မိံ "** ဟူသော ဒေသနာတော်အရ အလွန်ချစ်ခင်ကြင်နာ မြတ်နိုးသည့် ဇနီးမောင်နှံ နှစ်ဦးသော်မှ စိတ်တူအကြိုက်တူဖြစ်ဖို့ကား အလွန်ခဲယဉ်းလှ ပါပေ၏။ တစ်ဦးကသွားလိုလျှင် တစ်ဦးက ရပ်နေလို၏။ တစ်ဦးက စားချင် နေလျှင် တစ်ဦးက သောက်ချင်နေပြန်၏။ ဤသို့အားဖြင့် သဘောထား ဆန္ဒချင်း အမြဲတန်း တိုက်ဆိုင်တူညီနေသည် မဟုတ်ပေ။ ယင်းသို့ သဘောထားဆန္ဒချင်း မတိုက်ဆိုင်သောအခါ "ဘဝအဖော်မွန်ပါ"ဟူ၍ ဆိုထားသော ဇနီးမောင်နှံတို့သည် ကွာရှင်းကြတော့၏။ မိဘတို့ကလည်း သားသမီးတို့ကို အမွေပြတ် ကြော်ငြာလိုက်ကြ၏။ မိတ်ဆွေ အပေါင်းအသင်း ရောင်းရင်းတို့မှာလည်း တစိမ်းဆန်ဆန် ဖြစ်သွားကြ၏။ မခေါ်နိုင် မပြောနိုင်ကြတော့ပေ။ ဤကား တဏှာ လောဘဖြင့် ဆက်စပ်ထားသော ဘဝအဖော်မွန်တွေဖြစ်သောကြောင့် သာ မခိုင်မြဲပဲ လက်တွဲဖြုတ်ကာ လမ်းခွဲလိုက်ကြရခြင်း ဖြစ်သည်။

အကယ်၍ ရှေးရေစက်ကြောင့် တစ်ယောက်အကြိုက် တစ်ယောက် လိုက်လျောကာ နေထိုင်လာခြင်းကြောင့် သက်ဆုံးတိုင် လက်တွဲမဖြုတ်သော ဘဝအဖော်မွန် တွေပဲ ဖြစ်ကြပါစေဦး၊ တစုံတရာ

ကြီးမားသော ရောဂါဝေဒနာတွေ ဖိစီးလာသောအခါတွင်မူ ပုဂ္ဂိုလ် အဖော်မွန်နှင့် ပစ္စည်းဥစ္စာအဖော်မွန်တို့သည် ရောဂါဝေဒနာတို့ကို ယူ၍ မျှဝေမခံစားကြပေ။ **"ကိုယ်ဖြစ် ကိုယ်ခံ"** နိယာမအတိုင်း ရောဂါဝေဒနာရှင်ပုဂ္ဂိုလ်သာ ခံစားနေရရှာ၏။ ဘဝအဖော်မွန်လို့ သတ်မှတ်ထားသော ပုဂ္ဂိုလ်နဲ့ပစ္စည်းဥစ္စာတို့က မကယ်တင် မစောင့် ရှောက်နိုင်ကြတော့ပေ။ **"အတာဏော လောဏော အနဘိ ဿရော"** ဟူသော ဒေသနာတော်နှင့်အညီ ဘဝအဖော်မွန်ဟူသော ပုဂ္ဂိုလ်သည် စောင့်ရှောက်သူမဲ့ ကိုးရာမဲ့ အားနွဲ့လှချေပါတကား။

ထို့အပြင် ပုဂ္ဂိုလ်အဖော်မွန်နှင့် ပစ္စည်းဥစ္စာအဖော်မွန်တို့သည် **"အနိစ္စာ ဝတ သင်္ခါရာ"** ဟူသော ဒေသနာတော်အရ ပင်ကိုယ် သဘာဝအားဖြင့်ပင် မခိုင်မြဲကြပေ။ ထို့ကြောင့် တရံတခါ ရန်သူမျိုး ငါးပါးနှင့် ကြုံတွေ့ လာသည့် အခါတွင် သူတို့ကစပြီး ကိုယ့်ကို စွန့်ပစ် သွားကြ၏။ တရံတခါတွင်မူ သေဘေးနှင့်ကြုံတွေ့သည့်အခါ ကိုယ်ကစပြီး သူတို့ကို စွန့်ပစ်ထားခဲ့ရ၏။ အဖော်မွန်ဟူ၍ သတ်မှတ်ထားသော ပုဂ္ဂိုလ်နှင့်ပစ္စည်းဥစ္စာတို့ကို ယူဆောင်၍ သွားလို့မရပေ။

ဤဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့် ပုဂ္ဂိုလ်အဖော်မွန်နှင့် ပစ္စည်းဥစ္စာ အဖော်မွန်တို့သည် လောကတွင် ဘဝအဖော်မွန် အစစ်အမှန် မဟုတ်ကြပေ။ တဏှာ လောဘဖြင့် ဆက်စပ်ထား သောကြောင့် တစုံတရာ အတိုင်းအတာထိသာ ဘဝအဖော်မွန် ဖြစ်ကြ၏။ အမြဲတန်း ဘဝအဖော်မွန်မူကား မဖြစ်နိုင်ကြပေ။

## ဓမ္မအပေါ်မွန်

ယင်းသို့ဆိုလျှင် **အမြဲတန်း ဘဝအဖော်မွန်, အစစ်အမှန် ဘဝအဖော်မွန်ကား အဘယ်ပါနည်း??** ဟူ၍ အမေး ထွက်ပေါ်လာ၏။ ထိုအမေး၏ အဖြေကို မြတ်စွာဘုရားရှင်က နိဓိကဏ္ဍသုတ်ပါဠိတော်တွင် ဖော်ပြပါအတိုင်း ဤသို့ ဖြေဆိုထားပါသည်။

**သော နိဓိ သုနိဟိတော၊ အဇေယျော အနုဂါမိကော။**
**ပဟာယ ဂမနီယေသု၊ ဧတံ အာဒါယ ဂစ္ဆတိ။**

*(နိဓိကဏ္ဍသုတ်)*

ကောင်းစွာ မြှုပ်ထားပြုလုပ်ထားအပ်သော ဤကုသိုလ်ကောင်းမှုတရား ရွှေအိုးသည် ရန်သူတို့ မအောင်နိုင်သည်ဖြစ်၍ မိမိသွားလေရာနောက်သို့ အရိပ်သဖွယ် အစဉ်လိုက်၏။ စည်းစိမ်းဥစ္စာ ရာထူးအာဏာ ပုဂ္ဂိုလ်သတ္တဝါ တွေကို မိမိက စွန့်၍ တမလွန်ဘဝသို့ ခွဲခွာပြောင်းသွားရသည်ဖြစ်စေ၊ စည်းစိမ်းဥစ္စာ ရာထူးအာဏာ ပုဂ္ဂိုလ်သတ္တဝါ တို့က မိမိကို စွန့်ခွာသွားသည်ဖြစ်စေ ထိုကုသိုလ်ကောင်းမှုတရား ရွှေအိုးကိုမူ ယူဆောင်၍ သွားလို့ရပေ၏။

အရှင်အာနန္ဒာမထေရ်ကလည်း ထေရဂါထာပါဠိတော်တွင် ဘဝအဖော်မွန် အစစ်အမှန်ကို ဤသို့ စိစစ်သုံးသပ် ပြထားပါသည်။

**အတ္ထီတေ သဟာယဿ၊ အတီတဂတ သတ္ထုနော။**
**နတ္ထိ ဧတာဒိသံ မိတ္တံ၊ ယထာ ကာယဂတာ သတိ။**

*(ထေရဂါထာ ၊ ၃၄၈)*

မြတ်စွာဘုရားတည်းဟူသော ဆရာနှင့် အရှင်သာရိပုတ္တရာ တည်းဟူသော သူငယ်ချင်း ပရိနိဗ္ဗာန် စံသွားခြင်းကြောင့် မိတ်ဆွေ

ကောင်းအဖော်မွန်တို့မှ ကင်းကွာရသော ငါ့အား ခန္ဓာကိုယ်ကို ရှုမှတ်နှလုံးသွင်းခြင်း ကာယဂတာသတိ တရားဓမ္မကဲ့သို့ အကျိုးစီးပွားကို ဆောင်တတ်သော မိတ်ဆွေကောင်းအဖော်မွန်သည် မရှိတော့ချေ။ ကာယဂတာသတိ တရားဓမ္မသည်သာ မိတ်ဆွေကောင်း အဖော်မွန် အစစ် ဧကန် ဖြစ်ပေသည်။

ဖော်ပြပါ ဒေသနာတော်တို့အရ ဘဝအဖော်မွန် **အစစ်အမှန်**သည်ကား တရားဓမ္မ(ကုသိုလ်ကောင်းမှု)ပင် ဖြစ်သည်  ဘဝအဖော်မွန် ဟူ၍ သတ်မှတ်ရာ၌ အင်္ဂါ (၂)ချက်ရှိ၏။ ယင်းအင်္ဂါ (၂)ချက်တို့မှာ

၁။ အဇ္ဈေယျာ ပုဒ်အရ - အခက်အခဲ ဆင်းရဲဒုက္ခဖြစ်လာလျှင် ကယ်တင်စောင့်ရှောက်နိုင်ရမည်။

၂။ အနုဂါမိကော ပုဒ်အရ - အမြဲတန်း မခွဲခွါပဲ အတူလိုက်ပါနေရမည်တို့ ဖြစ်ကြ၏။

တရားဓမ္မ(ကုသိုလ်ကောင်းမှု)သည် ကုသိုလ်ရှင် ဆင်းရဲဒုက္ခဖြစ်ပေါ်လာလျှင် အဘယ်သို့သော ဆင်းရဲဒုက္ခပင် ဖြစ်ပါစေ။ **"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ"** ဟူသော ဒေသနာနှင့်အညီ ဆင်းရဲဒုက္ခဟူသမျှမှ ကယ်တင်စောင့် ရှောက်ပေးနိုင်ပါ၏။ ကုသိုလ်ရှင်ကို ခွဲခွါမသွားပဲ အရိပ်ပမာ အမြဲတန်း လိုက်ပါနေပါ၏။ ဤအင်္ဂါ (၂)ချက်ကြောင့် တရားဓမ္မ (ကုသိုလ်ကောင်းမှု)သည်သာ ဘဝအဖော်မွန်အစစ်အမှန် ဖြစ်ရပေသည်။

ဘဝအဖော်မွန်ဖြစ်သည့် တရားဓမ္မကုသိုလ်သည်

၁။ ပေးကမ်းလှူဒါန်းခြင်း ဒါနကုသိုလ်

၂။ စောင့်ထိန်းခြင်း သီလကုသိုလ်

၃။ ပွားများခြင်း ဘာဝနာကုသိုလ် အားဖြင့် (၃) မျိုးရှိ၏။

ထိုတွင် ဒါနကုသိုလ်၊ သီလကုသိုလ်တို့သည်လည်း ဘဝ အဖော်မွန်တို့ပင် ဖြစ်ကြပါ၏။ သို့သော် အနာရောဂါ ဗျာဓိဘေး အနေဖြင့် ရောဂါဝေဒနာပြင်းထန်စွာ ခံစားမှုနှင့် ကြုံလာရသော အခါတွင်မူ အများစုမှာ ဒါနကုသိုလ်၊ သီလကုသိုလ် အဖော်မွန်ဖြင့် ဒုက္ခဝေဒနာကို မပယ်ဖျောက်နိုင်ပေ။ ဘာဝနာကုသိုလ် အဖော်မွန် ဖြင့်သာ ဒုက္ခဝေဒနာကို ပယ်ဖျောက်နိုင်ပေသည်။ သို့ဖြစ်၍ ဘာဝနာ ကုသိုလ်သည်သာ ဘဝအဖော်မွန် ဧကန်ဖြစ်ရသည်။

## ကာယဂတာသတိ-ဘဝအဖော်မွန်

ဘာဝနာကုသိုလ်သည်လည်း ဗုဒ္ဓါနုဿတိဘာဝနာစသည်ဖြင့် အမြောက်အများ ရှိနေခဲ့ရာတွင် ကာယဂတာသတိဟူသော ဘာဝနာ ကုသိုလ်သည် ဘဝအဖော်မွန်အစစ် ဧကန်ဖြစ်၏ ဟူ၍ အရှင်အာနန္ဒာ မထေရ်က **“နတ္ထိ ဓောဒိသံ မိတ္တံ၊ ယထာ ကာယဂတာသတိ”** ဟူသော ဂါထာပါဒဖြင့် သတ်မှတ်ပြပေသည်။

ကာယဂတာသတိ ဘာဝနာဟူသည် သမထဘာဝနာ + ဝိပဿနာဘာဝနာ နှစ်မျိုးလုံးဆိုင်သည်။ မဟာသတိပဋ္ဌာနသုတ် ပါဠိတော် ကာယာနုပဿနာ သတိပဋ္ဌာန်တွင် သာသော ကမ္မဋ္ဌာန်း (၁၄)မျိုးပင် ဖြစ်သည်။ ကာယဂတာသတိကမ္မဋ္ဌာန်း (၁၄) မျိုးဟူသည်

၁။ အာနာပါနပဗ္ဗ =ဝင်လေထွက်လေကို သိလျက်ရှုမှတ်မှု

၂။ ဣရိယာပထပဗ္ဗ=လျှောင်းထိုင်ရပ်သွား ဣရိယာပုတ် (၄)ပါး ခန္ဓာကိုယ်လှုပ်ရှားသမျှ သိလျက်ရှုမှတ်မှု

၃။ သမ္ပဇာနပဗ္ဗ =ရှေ့တိုးနောက်ဆုတ် ဝတ်စားကိုယ်တွယ် ပြောဆို သမျှစသော (၇) ဌာနတို့၌ သိလျက်ရှုမှတ်မှု

၄။ ပဋိကူလ မနသိကာရပဗ္ဗ = ခန္ဓာကိုယ်မှာရှိသည့် ဆံပင်မွေးညှင်း စသော (၃၂)မျိုးသော အဖို့အစုကို ဆင်ခြင်နှလုံးသွင်းမှု

၅။ ဓာတုမနသိကာရပဗ္ဗ =ခက်မာဖွဲ့စည်းပူအေး ထောက်ကန်သော သဘော-ဟူသော ဓါတ်ကြီး (၄)ပါးတို့၏ သဘောသဘာဝကို ဆင်ခြင်နှလုံးသွင်းမှု

၁၄။ နဝသိဝထိကပဗ္ဗ=သုသာန်သင်္ချိုင်းမှ လူသေအလောင်းကောင် (၉)မျိုးကို ကြည့်ရှုပြီးဆင်ခြင်နှလုံး သွင်းမှုတို့ ဖြစ်ကြ၏။

ထိုကာယဂတာသတိကမ္မဋ္ဌာန်း (၁၄) မျိုးတွင် ပါဝင်သော ကမ္မဋ္ဌာန်းတို့သည် ဘာဝနာဟူသော ဘဝအဖော်မွန်တို့ပင် ဖြစ်ကြ၏။ ထို့တွင် ပဋိကူလမနသိကာရ ကမ္မဋ္ဌာန်း ဘာဝနာသည်ကား မိမိခန္ဓာ ကိုယ်တွင် ပေါ်လွင်ထင်ရှားစွာ ရှိနေသော ဆံပင်မွေးညှင်းစသည့် (၃၂)မျိုးသော အဖို့အစုကို စက်ဆုတ်ရွံ့ရှာဖွယ်အနေဖြင့် ရွတ်ဆို ဆင်ခြင်ရှုမှတ်ရ သဖြင့် ထင်သာမြင်သာရှိပေသည်။ ထင်လွယ် မြင်လွယ်ပေသည်။ ထို့ကြောင့် **"တရားရှာ ကိုယ်မှာတွေ့"** ဟူသည် နှင့်အညီ မိမိခန္ဓာကိုယ်မှာပင် ထင်သာမြင်သာရှိပြီး ထင်လွယ် မြင်လွယ်သော ပဋိကူလမနသိကာရကမ္မဋ္ဌာန်းဟု ဆိုအပ်သည့် ကာယ ဂတာသတိကိုပင် ဘဝအဖော်မွန်အနေဖြင့် သက်ဆုံးတိုင် မဖြုတ်တမ်း လက်တွဲရပေမည်။

## တနေ့အကြိမ်(၃၀)လက်တွဲရမည့်-ဘဝအဖော်မွန်

ကာယဂတာသတိဘာဝနာဟူသော ဘဝအဖော်မွန်ကို ပါဠိ + မြန်မာ = (၂)ဘာသာဖြင့် ဖော်ပြပါမည်။

**အတ္ထိ ဣမသ္မိံ ကာယေ -**

**ကေသာ လောမာ နခါ ဒန္တာ တစော၊**

**မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ**
**ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖာသံ**
**အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊**
**ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ။**
**အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တန္တိ၊**
ငါ၏ ဤကိုယ်မှာ--

(၁) ဆံပင် (၂) မွေးညင်း (၃) ခြေသည်းလက်သည်း (၄) သွား (၅) အရေ (၆) အသား (၇) အကြော (၈) အရိုး (၉) ရိုးတွင်းချဉ်ဆီ (၁၀) အညှို့ (၁၁) နှလုံး (၁၂) အသည်း (၁၃) အမြှေး (၁၄) အဖျဉ်း (၁၅) အဆုပ် (၁၆) အူမ (၁၇) အူသိမ် (၁၈) အစာသစ် (၁၉) အစာဟောင်း (၂၀) ဦးနှောက် (၂၁) သည်းခြေ (၂၂) သလိပ် (၂၃) ပြည် (၂၄) သွေး (၂၅) ချွေး (၂၆) အဆီခဲ (၂၇) မျက်ရည် (၂၈) ဆီကြည် (၂၉) တံတွေး (၃၀) နှပ် (၃၁) အစေး (၃၂) ကျင်ငယ် တို့သာ ရှိကုန်သည်တကား။

ဖော်ပြထားသော ကာယဂတာသတိဘာဝနာကို ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ တစ်နေ့လျှင် အကြိမ်ခေါက် ရေ (၃၀) ထိအောင် ရွတ်ဆိုဆင်ခြင်ရပါမည်။ နံနက်ပိုင်း (၁၀)ခေါက်၊ နေ့လည်ပိုင်း (၁၀)ခေါက်၊ ညနေညပိုင်း (၁၀)ခေါက် အားဖြင့် စုစုပေါင်း ခေါက်ရေ (၃၀) ကို မနှေးလွန်း မမြန်လွန်းပဲ မဖြစ်မနေကို ရွတ်ဆိုရပါမည်။ မရွတ်ဆိုပဲ နေခြင်းဌာ မသင့်တော်ပါ။ နံနက် အိပ်ရာမှ ထလျှင် မျက်နှာကို မဖြစ်မနေ သစ်ရ၏။ စားဖွယ်သောက်ဖွယ်ကိုလည်း မဖြစ်မနေ စားရ၏။ ဤကာယဂတာသတိဘာဝနာဟူသော ဘာဝ အဖော်မွန် ကိစ္စဌမှုကား နံနက်အိပ်ရာမှ ထလျှင် မျက်နှာမသစ်ပဲ နေချင်နေနိုင်ပါ၏။ စားဖွယ်သောက်ဖွယ်ကိုလည်း မစားမသောက်ပဲ

နေချင်နေနိုင်ပါ၏။ သို့သော် ဤကာယဂတာသတိဘာဝနာဟူသော (၃၂) ကောဋ္ဌာသကိုမူ မဖြစ်မနေ ရွတ်ဆိုရပါမည်။ ရွတ်ဆိုလျှင် အကျိုးကြီးမားစွာ ဖြစ်ထွန်းရရှိနိုင်ပေမည်။ *(ဝိဘင်္ဂအဋ္ဌကထာ၊ ၂၄၄)*

## ရယူလိုသော ဆုမြတ်ဆုထူး

အကျိုးကြီးမားစွာ ဖြစ်ထွန်းရရှိနိုင်ပုံမှာ ဤသို့ဖြစ်၏၊ ကာယဂတာသတိဘာဝနာကို ရွတ်ဆိုဆင်ခြင်သော အားဖြင့် စားသုံးလျှင် ထိုသူသည် **"အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိံ ပရိဘုဉ္ဇန္တိ"** ဟူသော ဒေသနာတော်အရ အမြိုက်နိဗ္ဗာန်ကို ရရှိသုံးဆောင်သည်ပင် ဖြစ်ပါသည်။ ထို့ကြောင့် မလယဝါသီ မဟာဒေဝမထေရ်၏ အထံ၌ ကမ္မဋ္ဌာန်းယူကြသည့် နိကာယ်ဆောင် ရဟန်း(၂)ပါးတို့သည် ဤကာယဂတာသတိဘာဝနာကိုပင် (၄)လပတ်လုံး ရွတ်ဆိုခြင်းကြောင့် သောတာပန်ဖြစ်သွားကြပြီး အမြိုက်နိဗ္ဗာန်ကို ရရှိသုံးဆောင်ကြရ၏၊ ထို့အပြင် အသံကောင်းသည့် အရာ၌ အသာဆုံး, အကောင်းဆုံးဖြစ်သည့် အရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်သည်လည်း အမျိုးသမီးတစ်ဦး၏ ပြုံးရယ်သော **"သွား"** ကိုမြင်ပြီး ဈာန်ရကာ ဝိပဿနာ ရှုမှတ်လိုက်ရာ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်သွားလျက် အမြိုက်နိဗ္ဗာန်ကို ရရှိသုံးဆောင်ခဲ့ရလေသည်။

ထို့နောက်တွင်လည်း ,ကာယဂတာသတိဘာဝနာကိုပင် မပြတ်ဆင်ခြင်ရှုမှတ်နေရာ တနေ့တွင် အရှင်သာရိပုတ္တရာ၏တရားကို နာကြားပြီးသောအခါ၌ ရဟန္တာဖြစ်လျက် အမြိုက်နိဗ္ဗာန်ကို ရရှိသုံးဆောင်ခဲ့ရပြန်၏။

ဤမျှသာ မကသေးပါ။ ကာယဂတာသတိဘာဝနာ အစာအာဟာရကို မိမိစားသုံးသလို တလောကလုံး ရှိရှိသမျှ သတ္တဝါတွေကိုလည်း စားသုံးစေချင်သော မေတ္တာစေတနာဖြင့် ဘုရားရှင်အား ဤသို့လျှောက်ထားခဲ့ပါ၏။

**"ဘန္တေ သဗ္ဗော လောကော သဗ္ဗကာလံ ကာယဂတာသတိ ကမ္မဋ္ဌာနံ ဘာဝေတု - အရှင်ဘုရား လောကသားအားလုံးသည် အမြဲပင် ကာယဂတာ သတိဘာဝနာ ကမ္မဋ္ဌာန်းကို ပွားများနိုင်ပါစေဘုရား"**

**ပုဒ္ဓေါ စေ မေ ဝရံ ဒဇ္ဇာ၊ သောစ လဗ္ဘေထ မေ ဝရော၊**
**ဂဏှေဟံ သဗ္ဗလောကဿ၊ နိစ္စံ ကာယဂတံ သတိ၊**

*(ထေရဂါထာ - ၂၉၁)*

မြတ်စွာဘုရားရှင်သည် အကယ်၍ ငါ့အား ဆုကိုပေးခဲ့မူ ထိုဆိုလတ္တံ့သော ဆုကို ရယူလိုပါ၏။ လူခပ်သိမ်းသည် အမြဲမပြတ် ခန္ဓာကိုယ်ကိုရှုမှတ် နှလုံးသွင်းခြင်း ကာယဂတာသတိတရားကို ပွားများနေခြင်းဟူသော ဆုကို ငါ ရယူလိုပါ၏။

ဆိုခဲ့ပြီးသော စကားစဉ်အရ စာဖတ်ရှုနေသူများသည် လောကတွင် ဘဝအဖော်မွန် အစစ်အမှန်ဖြစ်သော ကာယဂတာသတိဘာဝနာကို သက်ဆုံးတိုင် လက်တွဲပြီး နေ့စဉ် ရွတ်ဆို ဆင်ခြင်ပွားများနိုင်ကြပါစေ၊ ယင်းသို့ နေ့စဉ် ရွတ်ဆိုဆင်ခြင် ပွားများခြင်းဖြင့် အရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်ကဲ့သို့ မိမိခန္ဓာကိုယ်မှာ ရှိသည့် (၃၂)ပါး အဖို့အစုများကို ထင်ထင်ရှားရှား ပြတ်ပြတ်သားသား မြင်လျက် မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ထိအောင်ပင် မြင်နိုင်ကြပါစေကုန်သတည်း။



## ကျော်သုံးကျော်နှင့် လုရတနာဆရာတော်

ပရိယတ္တိသာသနာလောကမှာ အံ့ဩဖွယ်လောက်အောင် ထူးချွန်ထက်မြက်သော သံဃာတော် များအကြောင်းကို တစ်ဆင့်စကားဖြင့် ကြားဖူးသည်များရှိသလို ကိုယ်တိုင်ကြုံတွေ့ဖူးသည်များလည်း ရှိသည်။ တော်၏ ထူးချွန်၏ ကောင်းသင့် သလောက်မကောင်းခဲ့သူများ တော်၏ ထူးချွန်၏ ကောင်းသင့် သည်ထက်ပိုကောင်းသူများကိုလည်း ကြုံခဲ့ဖူးသည်၊ ထူးချွန် ထက်မြက်သလောက်သာသနာတော်အကျိုး များစွာသယ်ပိုး ဆောင်ရွက်သွားသူများရှိသလို ထူးချွန်ထက်မြက်ပါလျက် နေတတ်သလို နေသွားပြီး သာသနာတော်အတွက်၊ လောကအတွက် ဘာမှမဖြစ်ထွန်းခဲ့သော သူများနှင့်လည်း ဆုံခဲ့ဖူးသည်၊ ဆိုလိုသည်မှာ မိမိကျွမ်းကျင် တတ်သိထားသော ပညာများဖြင့် သာသနာအကျိုး၊ လောကအကျိုးသယ်ပိုး ထမ်းရွက်

သွားဖို့ လိုအပ်ပါသည်။ သို့မှသာ တော်လည်းတော်၊ ကောင်းလည်းကောင်း၊ (သူတော်ကောင်း) ဖြစ်ကာ သမိုင်းမော်ကွန်း ဖော်ညွှန်းကဗျည်းတင်ခြင်း ခံရလိမ့်မည်။ တော်၍ကောင်းသော သူတော်ကောင်းအများစုသည် ကိုယ့်အရေးထက် အများအရေးကို ပို၍ အလေးအနက်ထားတတ်ကြသည်။ ကိုယ့်အရေး ကိုယ့်အတွက် ကိုယ်ကောင်းစားရေးကိုတော့ မထူးချွန် မထက်မြက် သူတို့လည်း သိကြသည်။ သို့ကြောင့် ထူးချွန် ထက်မြက်သူတို့၏ (ဂုဏဝိသေသ)သည် အများကောင်းစားရေး သယ်ပိုးလိုစိတ် ဖြစ်သည်ဟု ယုံကြည်ပါသည်။

သက်ရှိလောက တစ်ခုလုံး၏ အထူးချွန်အထက်မြက်ဆုံးဖြစ်သော မြတ်ဗုဒ္ဓသည် ဘုရားအဖြစ် တည်ရှိခဲ့သော (၄၅)နှစ်တာ ကာလပတ်လုံး မနေမနား ဥဿာဟထား၍ အများအကျိုးကို ချည်းသာ ဆောင်ရွက်တော်မူသွားခဲ့သည်။ မြတ်ဗုဒ္ဓသည် အများအကျိုးကို ဦးတည်ချက်ထား ဆောင်ရွက်သွားခြင်းကြောင့် လောကသား အများစုကြီးကလည်း အများအကျိုးဆောင် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်သောဗုဒ္ဓကို သက်ရှိထင်ရှား မရှိတော့သော်လည်း ယနေ့ထက်တိုင် တမ်းတ အမှတ်တရ (ပူဇော်ဂုဏ်ပြု) နေကြဆဲဖြစ်သည်။ ဆိုလိုသည်မှာ မြတ်ဗုဒ္ဓကို အမှတ်ရသည်။ ဗိုလ်ချုပ်အောင်ဆန်းကို အမှတ်ရသည်၊ မဟတ္တမဂန္ဒီကို အမှတ်ရသည်၊ အီဗရာဟီ လင်ကွန်းကို အမှတ်ရသည်။ သောမက် အက်ဒီဆင်ကို အမှတ်ရသည်။ ယင်းပုဂ္ဂိုလ်တို့ကို အမှတ်ရနေခြင်းသည် သူတို့၏ အများအကျိုး သယ်ပိုးထမ်းရွက်ခဲ့သော ဂုဏဝိသေသကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ ထူးချွန်ထက်မြက်သူတို့အနေဖြင့် မိမိ၏ ထူးချွန်ထက်မြက်မှုကို အသုံးချ၍ လောကအကျိုး၊ သာသနာ အကျိုး၊ အများအကျိုး သယ်ပိုးထမ်းရွက်သွားဖို့ အထူးလိုအပ်ပါသည်။ ဤနေရာတွင်လည်း အဆောက်အဦး (စေတီရုပ်ပွား) တည်ထားခြင်းထက်၊ အသိဉာဏ် သာသနာပွင့်လင်း တည်တံ့

ပြန့်ပွားအောင် ဖြန့်ဖြူးပေးခြင်းက ပိုပြီးထိရောက် အကျိုး များမည်ဟု စာရေးသူ ယူဆပါသည်။ အဆောက်အဦး (စေတီရုပ်ပွား)စသည်များ ထုနှင့် ထည်နှင့်ပေါ်များစွာ ကျန်ရှိ နေပါသော်လည်း အသိဉာဏ် သာသနာ ကွယ်ပျောက်ခဲ့သောကြောင့် ဗုဒ္ဓသာသနာ ကွယ်ပျောက် ဆုံးရှုံးခဲ့ရသော အိန္ဒိယနိုင်ငံ အပါအဝင် နိုင်ငံများစွာကို သမိုင်း အထောက် အထားများအရ ကြေကွဲဝမ်းနည်းဖွယ်ရာ မြင်တွေ့နေရပါသည်။ စဉ်းစားဆင်ခြင် နိုင်ကြရန် စာရေးသူ၏အမြင်ကို တင်ပြခြင်း ဖြစ်ပါသည်။

ဤနေရာ၌ ပညာပါရမီအကျိုးပေးသန်သော၊ ပရိယတ္တိ သာသနာလောက၌ လွန်စွာမှ လင်းလက် တောက်ပသော၊ ဝါကြီး ဝါငယ် ရဟန်းအားလုံး၏ အားကျငေးမောခြင်းကို ခံယူလောက် အောင် ထူးချွန် ထက်မြက်သော ဆရာတော်တစ်ပါးအကြောင်းကို တင်ပြ လိုပါသည်၊ ထိုအရှင်မှာ ပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက်မှ ဘဒ္ဒန္တနာရဒါဘိဝံသ ဖြစ်ပါသည်။

ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသကို အဖဦးသိန်းရ + အမိ ဒေါ်ခင်ညွန့်တို့မှ ၁၃၂၂-ခု၊ တန်ဆောင်မုန်း လဆန်း(၄)ရက် စနေနေ့တွင် ဖွားသန့်စင်သော အတိဇာတသားရတနာဖြစ်သည်။ မွေးချင်းလေးဦးတွင် တတိယမြောက် သားရတနာဖြစ်သည်၊ လောကီ ပညာရေးတွင် အစိုးရမူလတန်းမှ စတုတ္ထတန်းကို အရာတော် မြို့နယ်တွင် ပထမရလျက် အောင်မြင်သည်။ ၁၃၃၂-ခု (၁၀)နှစ်သား အရွယ်တွင် မန်ကျီးစောက်ရွာ၊ ရွှေထီးပေါက် ဆရာတော် ဦးမာလာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုခဲ့သည်။ ၁၃၃၅-ခုနှစ်တွင် မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ ဒေါနခြံအုပ်၌ ကျောင်းသို့ ရောက်ရှိပြီး ပရိယတ္တိ စာပေများ စတင်သင်ယူသည်။

၁၃၃၆-ခုနှစ်တွင် ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော် ထီးတော်ရိပ်ဖြစ်သော ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်သို့ ရောက်ရှိပြီး ထိုနှစ်မှာပင် အစိုးရပထမငယ်တန်းကို ဝင်ရောက် ဖြေဆိုရာ ၁၄-နှစ်သား ရှင်နာရဒသည် တစ်နိုင်ငံလုံး ပထမရခဲ့သည်။ ၁၇-နှစ်အရွယ်တွင် အစိုးရပထမကြီးတန်း၌ တစ်နိုင်ငံလုံး ပထမရရှိပြီး ပထမကျော်ဘွဲ့ ဆွတ်ခူးရရှိခဲ့သည်။ ဆူးလေစေတီ အဘိဓမ္မာစာမေးပွဲတွင်လည်း အဘိဓမ္မာ ပါဠိတော် (၄)အုပ်ကို ရှင်သာမဏေဘဝဖြင့်ပင် ဖြေဆိုအောင်မြင်သောကြောင့် စူဠအာဘိဓမ္မိကဝိသိဋ္ဌ အဂ္ဂဝိသာရဒ ညဏဘွဲ့ ရရှိခဲ့သည်။

၁၃၄၁-ခုနှစ် တပို့တွဲလပြည့်ကျော် (၃)ရက်နေ့တွင် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ သာသနမဏ္ဍိုင် သိမ်တော် အဂ္ဂမဟာပဏ္ဍိတ ဗားကရာဆရာတော် ဦးနာဂဝံသကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းဒါယကာ ဦးကြွေ+ရဟန်းဒါယိကာမ အမေစိန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းဘဝသို့ ရောက်ရှိခဲ့သည်။ ပရိယတ္တိစာမေးပွဲလောက၌ လွှမ်းစွာခက်ခဲ သည်ဟု နာမည်ကြီးသော မန္တလေးမြို့၊ ပရိယတ္တိ သာသနဟိတ (သကျသီဟ) ဓမ္မာစရိယစာမေးပွဲ စာသင်တန်း/စာချတန်းတို့ကို ရဟန်းဝါ (၂)ဝါ မျှဖြင့် နံပါတ်တစ် ပထမနေရာမှ အောင်မြင်ခဲ့သည်။ ၄င်းရဟန်း (၂)ဝါအရမှာပင် နိုင်ငံတော်အစိုးရ ဓမ္မာစရိယ စာချတန်းတွင်လည်း ကျမ်းရင်း သုံးကျမ်းလုံးကို တစ်နှစ် တည်းဖြင့် ဖြေဆိုရာ တစ်ပြည်လုံးတွင် ပထမရရှိခဲ့ပြီး သာသနဓဇ ဓမ္မာစရိယ (အဂ္ဂမဟာအကျော်)ဘွဲ့ကို ၂၂-နှစ်အရွယ်နှင့် ရရှိခဲ့သည်။ ရဟန်း (၃)ဝါအရတွင်မူ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားရင်ပြင်တော်တွင် ကျင်းပပြုလုပ်သည့် စေတီယင်္ဂဏ စာမေးပွဲတွင်လည်း တစ်နှစ်တည်းဖြင့် စာသင်တန်း/စာချတန်း ကျမ်းရင်း သုံးကျမ်းလုံးကို အမှတ်အများဆုံးဖြင့် (ပထမရလျက်) အောင်မြင်

သောကြောင့် စေတီယင်္ဂဏမွာစရိယ ဂဏဝါစက ဝင်္ဂသဏာ (အဌကထာပြန် အကျော်)ဘွဲ့ကို ရွှေတံဆိပ်နှင့်တကွရရှိခဲ့သည်။ အစိုးရဓမ္မာစရိယ စာမေးပွဲတွင်လည်း ပဋိသမ္ဘိဒါမဂ်ဘာသာဖြင့် သိရပဝရ ဘွဲ့တံဆိပ်တော် ရရှိသလို ဝိနယပါဠိပါရဂူဘွဲ့ကိုလည်း ရရှိခဲ့သည်။ အစိုးရနိကာယ်စာမေးပွဲတွင်လည်း ဝိနည်းငါးကျမ်း ပါဠိတော်ကို ဂုဏ်ထူးဖြင့်အောင်မြင်သောကြောင့် ဝိသိဋ္ဌ ဝိနယဝိဒူ ဘွဲ့ရရှိခဲ့ပြီး တိပိဋကစာမေးပွဲတွင်လည်း ဝိနည်းငါးကျမ်းမှ ရှေ့ပိုင်း နှစ်ကျမ်းကို အာဂုံ/ သဘောရေးဖြေ အောင်မြင်သောကြောင့် ဥဘတောဝိဘင်္ဂဓရ ကောဝိဒဘွဲ့ကို ရရှိခဲ့သည်။

လှရတနာဆရာတော်သည် အသက်ငယ်စဉ် (၂၃)နှစ် အရွယ်မှာပင် အဆင့်မြင့်ပရိယတ္တိစာမေးပွဲများ၌ နံပါတ်တစ် နေရာမှ အောင်မြင်ခဲ့သည်ကို တွေ့ရသည်။ ပထမကြီးတန်း-ပထမကျော်၊ ဓမ္မာစရိယတန်း-အဂ္ဂမဟာအကျော်၊ စေတီယင်္ဂဏ-အဌကထာပြန် အကျော် ဤကဲ့သို့ ပရိယတ္တိစာမေးပွဲလောက လွန်စွာ အလေးအနက် ထားရမည့် စာမေးပွဲများ၌ တစ်ပါးတည်း- ပထမကျော်၊ အဂ္ဂမဟာ အကျော်၊ အဌကထာပြန် အကျော်-ဟုဆိုအပ်သော ကျော်သုံးကျော် ရသော ပုဂ္ဂိုလ်မျိုး ယခင်ကလည်း မရှိခဲ့ဖူးသလို နောင်တွင်လည်း ပေါ်ထွက်ရန် လွန်စွာခက်ခဲ ပါလိမ့်မည်။ တိပိဋကဆရာတော်များ ၁၄/၅ ပါးပေါ်ထွက် ခဲ့သော်လည်း အထက်တွင် တင်ပြခဲ့သည့် ကျော်သုံးကျော်ရ အရှင်မြတ်ကား ယနေ့အချိန်ထိ လှရတနာ ဆရာတော်တစ်ပါး တည်းသာ ရှိပါသည်။ အချို့ကား ထူးချွန်ထက်မြတ်၍ စာမေးပွဲများ အောင်ထားကြပါ၏။ သို့သော် လောကအတွက်၊ သာသနာအတွက်၊ မိမိ၏ အတတ်ပညာဖြင့် ဘာမှမယ်မယ်ရရ ကောင်းကျိုး ပြုမသွားကြ။ အချို့ကား ရဟန်းဘဝကို စွန့်လွှတ်၍ လူ့လောကသို့ ကူးပြောင်းသွားကြသည်၊ နှမြောစရာ ကောင်းလှပါ၏။

လှ့ရတနာဆရာတော်ကား ထိုသို့မဟုတ် မိမိတတ်မြောက်ထားသော အသိပညာများကို ရာပေါင်းများစွာသော စာလိုက်သံဃာတော် များကို မျှဝေဖြန့်ဖြူး ပေးလျက်ရှိသည်။

လှ့ရတနာဆရာတော်သည် အဆောက်အဦး (စေတီ ဘုရားများ ထက်)အသိဉာဏ်သာသနာ ပြန့်ပွားရေးက ပို၍ ပဓာနကျကြောင်း သိရှိပြီးဖြစ်သည်။ အထက်တန်းကျ၍ အဆင့်မြင့် ဘွဲ့တံဆိပ်တော်များ ရရှိထားသဖြင့် ဓမ္မကထိကလုပ်၍ တရားဟောစားမည်ဆိုကလည်း အောင်မြင်ကျော်ကြား မည်သာဖြစ်၏၊ သို့သော် လှ့ရတနာ ဆရာတော် သည် အလွယ်လမ်းသို့ မလိုက်၊ ထင်ပေါ်ကျော်ကြားလိုမှုတို့ကို ဥပေက္ခာ ပြုခဲ့သည်။ သာသနာတော်အတွက် အဓိကနှင့်သာမည ကို ခွဲခြားသိမြင် ပြီးဖြစ်သည်။ ပရိယတ္တိပညာရပ်နို့ သောက်စို့ရန် ငံ့လင့်နေကြသော စာသင်သားများ၏ မျှော်လင့်တောင့်တမှုကို မည်သို့မည်ပုံ မျက်နှာလွှဲ(ဂဲ)ပစ် လုပ်ရပ်ပါမည်နည်း။ သို့ကြောင့်လည်း စာချ ဆရာတော်ဘွဲ့ကို ကျေကျေနပ်နပ် ရွေးချယ်ခဲ့သည်။ အဖဘုရား မျက်နှာနှင့် သာသနာတော်ရှေ့ရေးကိုသာ ဦးစားပေး ရွေးချယ် ခဲ့သည်။

လှ့ရတနာဆရာတော် စာချဆရာတော်ဘွဲ့ကို ရွေးချယ် ခဲ့ခြင်းမှာ ဆရာသမားကောင်းတို့၏ လမ်းကြောင်းမှန်ကို မမှိတ် မသုန် လိုက်ခြင်းဟု ဆိုရပါမည်။ လှ့ရတနာဆရာတော်၏ ပရိယတ္တိ ဆရာသမား များကလည်း မန္တလေးမြို့မှ ပေါက်မြိုင် ဆရာတော်၊ အမရပူရဆရာတော်၊ မစိုးရိမ်ဆရာတော် ဦးကောဝိဒါဘိဝံသ၊ စာချ အကျော် ပတ္တမြားဆရာတော် ဦးဩဘာသာဘိဝံသစသော ပရိယတ္တိအာဇာနည်ဆရာတော်ကြီးများ ဖြစ်ကြသည်။ လှ့ရတနာ ကျောင်း ဆရာတော်သည်လည်း မူရင်းကောင်း၍ မိတ္တူကောင်းသည်။ မျိုးစေ့မှန်၍ အပင်သန်ရခြင်း ဖြစ်သည်ဟု ဆိုရပေမည်။ ကျောင်းတိုက် အတွက် ကျေးဇူးများခြင်း၊ ရဟန်း (၃)ဝါနှင့် စာချဘုန်းကြီး

ခန့်အပ်ခံရခြင်း တို့ကြောင့် (၄၃)နှစ်အရွယ်နှင့် ပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက်၏ နာယကအဖြစ် တင်မြှောက်ခြင်း ခံခဲ့ရသည်။ ပညာမတန်က မာန်ထန်သည်။ ပညာရှိက မာန်နတ္ထိဟု စစ်ကိုင်းကျွစာချောင် ဆရာတော်ကြီး၏ အဆုံးအမကို နာကြားခဲ့ရဖူးသည်။ လှရတနာ ဆရာတော်သည်လည်း ပညာချွန်သလောက် မာန်တံခွန် မမောက်သူ ဖြစ်သည်။ မပြည့်အိုးတို့ ဘောင်ဘင်ခတ်သလောက် ရေပြည့်အိုးတို့ တည်ငြိမ်နေသည်ကား သဘာဝကျသော ပြယုဂ်ဖြစ်သည်။

လှရတနာဆရာတော်သည် စာချသက်သက်သာမဟုတ်၊ သာသနာတော်အတွက် ကျေးဇူးများမည့် ကျမ်းစာပေရေးသား ပြုစုခြင်း (၄၇)အုပ်၊ မြန်မာနှင့် ကမ္ဘာတွင်ရှိသော ဗုဒ္ဓခြေတော်ရာတို့ကို မှုမှန်ဖြစ်အောင် ကျမ်းဂန်စာပေတို့နှင့်တိုက်ဆိုင်၍ စင်ကြယ် သန့်ရှင်းအောင် (မှုမှန်)ထုလုပ်လျက် ဥဒ္ဒိဿစေတီ တည်ထား ကိုးကွယ်ခြင်း၊ စွယ်တော်ရတနာစေတီ တည်ထားပူဇော်ခြင်း ဆံတော်ရ တနာစေတီ တည်ထားပူဇော်ခြင်း၊ မဟာဗောဓိပင် စိုက်ပျိုး၍ ပရိဘောဂစေတီအဖြစ် ကိုးကွယ်ပူဇော်ခြင်း၊ မဟာသမယ သုတ္တန် ဒေသနာတော် ပြန့်ပွားရေးအတွက် စာအုပ် စာတမ်းများ၊ ကမ္ဗဝါများ ပြုလုပ်၍ ငွေကြေးများစွာ အကုန်အကျခံကာ ပုံနှိပ်လှူဒါန်းခြင်း၊ ရဟန်း အမကြီးဒေါ်ယဉ်မေ၏ မတည် လှူဒါန်းငွေဖြင့် ဘက်စုံသုံးအဘိဓဇ ဆွမ်းစားကျောင်းတော်ကြီး ဦးဆောင် ဆောက်လုပ်လှူဒါန်းခြင်းစသော သာသနာတော်အတွက် အထောက်အကူပြုမည့် လုပ်ဆောင်မှု တို့ကိုလည်း စေတနာသဒ္ဓါ ထက်သန်စွာဖြင့် ဒကာ+ဒကာမများကို ဦးဆောင်ကာ ပြုလုပ်ခဲ့သည်။ အခြားသော အများအကျိုးပြု လုပ်ငန်းများစွာကိုလည်း ယခင်ကပြုလုပ်ခဲ့ဖူးသလို ယခုတိုင်လည်း ပြုလုပ်နေဆဲဖြစ်သည်။

အချုပ်ဆိုရလျှင် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ တည်ထားခြင်း၊ သိန်းပေါင်းများစွာ ထိုက်တန်သော အဆောက်အဦး များကို ဆောက်လုပ်ခြင်းစသည်တို့မှာ မိမိကို ကိုးကွယ်ဆည်းကပ်

သော ဒါယကာ၊ ဒါယိကာမ များက ငွေကြေးဥစ္စာပြည့်စုံလျှင် ဆရာဖြစ်လိုတာ ဒကာတို့က နောက်မှလိုက်၍ငွေကြေးဖြင့် ထောက်ပံ့လေ့ ရှိတတ်ကြပါသည်။ ဤကိစ္စသည် ဒကာရှိလျှင် ဖြစ်သည် ထက်မြတ်ထူးချွန်ရန် သိပ်မလိုအပ်ဟု သုံးသပ်ရပါသည်။ ပိဋကတ် ဆိုင်ရာ ကျမ်းဂန်စာပေပို့ချပေးခြင်း၊ စာပေရေးသား ပြုစုခြင်းတို့ကား ဒကာနှင့်မဆိုင် ဆရာတစ်ဦးတည်းနှင့်သာ သက်ဆိုင်သည်။ ဒကာ တွေက ပစ္စည်းဥစ္စာနှင့်နောင်ပိုင်းက ထောက်ပံ့ ပေးလို့မရ။ ဆရာ ကိုယ်တိုင်က ဆိုင်ရာ ကျမ်းဂန်စာပေတို့ကို ကျွမ်းကျင် နားလည် တတ်မြောက် (ထက်မြတ် ထူးချွန်)မှသာ ဖြစ်နိုင်ပါသည်။ တတ်သိ နားလည်ပါစေ၊ ထူးချွန်ထက်မြတ်ပါစေ၊ အကောင်းအဆိုး ခွဲခြား ဝေဖန်နိုင်ပါစေ၊ ငါ၏ လုံ့လပယောဂ အားထုတ်မှုကြောင့် သာသနာတော် အကျိုးဖြစ်ထွန်းပါစေဆိုသော စေတနာသဒ္ဓါ တရားနှင့် အပင်ပန်းခံလိုစိတ် ရှိဖို့လည်း လိုအပ်ပါသည်။ လှရတနာ ဆရာတော်ကား ထူးချွန် ထက်မြတ်သူလည်း ဖြစ် ဘုရားရှင်အပေါ် ကြည်ညိုဆည်းကပ်မှု သဒ္ဓါတရားလည်း ထက်သန်သူဖြစ်သဖြင့် သာသနာတော်အတွက် အဓိကကျသော၊ မိမိကိုယ်တိုင်ကလည်း ထက်မြတ်ထူးချွန် ဦးဆောင်မှုရသော သာသနာပြုနည်းဖြစ်သည့် အသိဉာဏ်ပြန့်ပွားရေး ပရိယတ္တိ သာသနာပြုလုပ်ငန်းများကို အရိုးကြေ အရေသွေ့စေတော့ ဦးလည်မသုန် ထမ်းဆောင်သယ်ပိုး သွားမည့် ဆရာတော်တစ်ပါး ဖြစ်ပါသည်။

ဝေမိုး (ကျွန်းလှ)
အမှတ်(၁၃၁)၊ အိုအေစစ်ဂျာနယ်
(၂၅၊ ၈၊ ၂၀၁၄)

## ရေးသားထုတ်ဝေ ပူဇော်ပြီးသော စာအုပ်များ

၁။ မိမိကို မိမိချစ်လျှင်နှင့် ဓမ္မရသ စာပဒေသာ (၂၀၀၂)
၂။ စတုရာရက္ခဘာဝနာ (၂၀၀၂)
၃။ လှရတနာစွယ်တော်ဝတ်ရွတ်စဉ် (၂၀၀၃) (၇)ကြိမ်
၄။ စွယ်တော်ရတနာစေတီသမိုင်း (၂၀၀၃)
၅။ ပါဒစေတိယ ဝန္ဒနာ (၂၀၀၄)
၆။ အရှုံးထဲမှ အမြတ်ရ (၂၀၀၄+၂၀၀၆)
၇။ ရတနတ္တယ ဂုဏာနုဘာဝ သံသူစက ဘုရားရှိခိုး (၂၀၀၅+၂၀၀၇)
၈။ ဗုဒ္ဓဂယာ ဘုရားဖူးလမ်းညွှန် (၂၀၀၅) (၅)ကြိမ်
၉။ လောကကျက်သရေ တင့်ရှန်းဝေ (၂၀၀၆)
၁၀။ သက်သနဂိုရ် ဗုဒ္ဓခြေတော်ရာ (၂၀၀၆)
၁၁။ ဘုရားဟုတ်+မဟုတ် လက္ခဏာတော်ဖြင့် စစ်ဆေးပူဇော်နည်း (၂၀၀၇)
၁၂။ နဂါးရုံဘုရား မေတ္တာ (၂၀၀၇)
၁၃။ သတိပဋ္ဌာန် ဂုဏ်ရည် (၂၀၀၈) (၄)ကြိမ်
၁၄။ ခြေတစ်လှမ်း ကုဋေတစ်သန်းတန် ကုသိုလ်တော်များ (၂၀၀၈)
၁၅။ သီရိလင်္ကာဘုရားဖူး လမ်းညွှန် (၂၀၀၈)
၁၆။ အမြတ်ဆုံး နှလုံးသားမှ အမြတ်ဆုံး ဘုရားများ (၂၀၀၉)
၁၇။ အံ့ဖွယ်ပြည့်စုံ ဗုဒ္ဓဂုဏ် (၂၀၀၉) (၂)ကြိမ်
၁၈။ နေမင်းနှင့်ပြိုင် တံခွန်တိုင် (၂၀၀၉) (၂)ကြိမ်
၁၉။ ဗုဒ္ဓမြတ်စွယ်တော် ကိုးကွယ်ပူဇော်နည်း (၂၀၀၉) (၂)ကြိမ်
၂၀။ ဉာဏ်မြင်လင်းဖြာ ဒီပပူဇာ (၂၀၁၀) (၂)ကြိမ်
၂၁။ ဗုဒ္ဓဂယာမှ မွေးနေ့မင်္ဂလာ (၂၀၁၀)

၂၂။ အဖေ့ခြေရာ (၂၀၁၀) (၂)ကြိမ်
၂၃။ ခန္ဓာကပြသော တရား (၂၀၁၀)
၂၄။ ပဋ္ဌာန်းပစ္စည်း ကျေးဇူးပြုနည်း (၂၀၁၀)
၂၅။ မြတ်ဗုဒ္ဓ၏ အနန္တဉာဏ်တော် (၂၀၁၁)
၂၆။ ပဲခူး-ကွမ်ရင်စီဘုရားကျောင်း ဗုဒ္ဓခြေတော်ရာ
(၂၀၁၁) (၂)ကြိမ်
၂၇။ ဟိုပုံး ထမ်စမ်းဂူ ဗုဒ္ဓခြေတော်ရာ ဝတ်ရွတ်စဉ်
(၂၀၁၁) (၄-ကြိမ်)
၂၈။ အနန္တဇိန ဗုဒ္ဓခြေတော်ရာ (၂၀၁၁)
၂၉။ မမြဲတရား အမြဲပွား (၂၀၁၁)
၃၀။ အိန္ဒိယ ကုသိနာရုံ ဗုဒ္ဓခြေတော်ရာ (၂၀၁၂)
၃၁။ စွယ်တော်ရတနာစေတီ သမိုင်းမော်ကွန်း (၂၀၁၂)
၃၂။ နတ်ချစ်ဆေးသုတ္တန်များနှင့် အုံ့ဖွယ်ဘုရားကြီး
(၂၀၁၂) (၂)ကြိမ်
၃၃။ အကျိုးကြီးများ ဆွမ်းတော်ကပ်နည်းများ (၂၀၁၂)
၃၄။ မုဒိတာပန်းခင်းများ ပွင့်လန်းခြင်း (၂၀၁၂)
၃၅။ မဟာရအောင် မဟာသမယဆောင် (၂၀၁၃) (၃ကြိမ်)
၃၆။ ဓမ္မခရီးဖော် (၂၀၁၃)
၃၇။ ပန်းဆေးကျောင်း ရွှေဗုဒ္ဓခြေတော်ရာ (၂၀၁၃)
၃၈။ လိုရာပြည့်ဝ မဟာသမယ သုတ်တော်များ (၂၀၁၃)
၃၉။ အလှုဆုံးညမှ အကောင်းဆုံးတရား (ဟေမဝတသုတ်)
(၂၀၁၃)
၄၀။ မေတ္တာကွန်ရက် ဖြန့်ကြက်ခြင်း (၂၀၁၃) (၂)ကြိမ်
၄၁။ စူဠာမုနိ လောကချမ်းသာ ဗုဒ္ဓခြေတော်ရာ (၂၀၁၃)

၄၂။ ရွှေငွေမလို ရေကိုလိုသူများ (၂၀၁၃)
၄၃။ ကေသစေတီယ ဝန္ဒနာ (၂၀၁၃)
၄၄။ ဗာရာဏသီ ဗုဒ္ဓခြေတော်ရာ (၂၀၁၄)
၄၅။ တူညီစိတ်ထား နတ်ပြဟ္မာများ (၂၀၁၄)
၄၆။ ဘေးရန်ကင်းပ ချမ်းသာရ (၂၀၁၄)
၄၇။ ကြီးပွားစေလို ဘုန်းရိပ်ခို (၂၀၁၄)
၄၈။ ဘဝရဲ့အားထားစရာ (၂၀၁၄)
၄၉။ သကျမုနိ ဗုဒ္ဓခြေတော်ရာ (၂၀၁၄)
၅၀။ ဗောဓိပက္ခိယ ဓမ္မစေတီမှ ဝိပဿနာရင်ပြင် (၂၀၁၄)

## အလှူတော်မင်္ဂလာ အခမ်းအနား အစီအစဉ်

**အလှူတော်မင်္ဂလာ နေ့ရက်** -၁၃၇၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက်၊(၂၊ ၁၁၊ ၂၀၁၄) တနင်္ဂနွေနေ့။

**ဗုဒ္ဓါဘိသေကအနေကဇာတင်ချိန်** နံနက် (၆း၀၀)နာရီ

**အခမ်းအနားကျင်းပချိန်** နံနက်(၉း၀၀)နာရီ

**သီလပေးချီးမြှင့်ဆရာတော်** တိပိဋကဩဝါဒါစရိယဥက္ကဋ္ဌ ရွှေလင်ပန်းဆရာတော် ဘဒ္ဒန္တပညိဿရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)

**တရားဟောဓမ္မကထိကဆရာတော်** နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆင်မင်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ(နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ)

**ရေစက်ချ ချီးမြှင့်ဆရာတော်** မွေးနေ့ရှင် လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ

**ညှော်ခံကျွေးမွေးချိန်** နံနက်(၁၀-၃၀) မှ (၁၂-၀၀)နာရီ

**အလှူတော်မင်္ဂလာနေရာ** လှရတနာကျောင်းနှင့် အဘိဓဇ ဆွမ်းစားကျောင်းတော်ကြီး ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ ဗဟန်း။

**ဆီးမီး(၁၀၀၀၀) ပူဇော်ချိန်** ညနေ (၆း၀၀)နာရီတွင် ရွှေတိဂုံစေတီတော်အောင်မြေ

(အခမ်းအနားတွင် အနုပညာ အထက်တန်းကျောင်း၊ ရန်ကုန်မှ အဆိုနည်းပြ ဦးမင်းဟန်နှင့် စောင်းနည်းပြ ဆရာမ ဒေါ်စန်းစန်းကြည်တို့က ဓမ္မဂီတများဖြင့် ပူဇော်ပါမည်)

# ဆံတော်ရတနာ စေတီမြတ်အား

# ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့်

# လှုရတနာ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ

## မွေးနေ့ဝိဇာတမင်္ဂလာ ပိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်-ပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက်၊ နာယက စာချ လှုရတနာ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (ပထမကျော်,အဂ္ဂမဟာအကျော်, အဋ္ဌကထာပြန် အကျော်, ဝင္ငံ့သကာ, ပါဠိပါရဂူ, သ-စ-အ ဓမ္မာစရိယ)၏ ဝိဇာတမင်္ဂလာ မွေးနေ့အခါ၌-

(၁) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော် ဆရာတော်ကြီး ချီးမြှင့်ထားသော ဆံတော်ပွား(၂)ဆူ အပါအဝင် ဓာတု, ဓမ္မ, ဥဒ္ဒိဿ, ပရိဘောဂ ပါဒအားဖြင့် စေတီငါးဆူ ကိန်းဝပ်စံပယ်တော်မူပြီး အများကောင်းမှုဖြင့် ပေါင်းစုတည်ထားသော ထွန်းသစ်ကျောက်သံ ရွှေငွေရံလျက် ကိုးပုံ့နဝရတ် စီခြယ်လတ်သည့် **"ဆံတော်ရတနာစေတီမြတ်"**အား ဗုဒ္ဓါဘိသေကအနေကဇာ တင်ခြင်း၊ နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် ဆုတောင်းပြည့် မဟာဗောဓိ ညောင်ပင်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ **"ရွှေတိဂုံ စေတီတော်မြတ်အား"** ရွှေစင်ရွှေပြား(ဒိ)သား(၆)သိန်းကပ်လှူခြင်း **ဗုဒ္ဓပူဇာမင်္ဂလာ၊**

(၂) မွေးနေ့ရှင် လှုရတနာဆရာတော်ပြုစုသည့် **"ဗောဓိ ပက္ခိယဓမ္မစေတီမှ ဝိပဿနာရင်ပြင်"** စာအုပ်ကိုလှူဒါန်းခြင်း **ဓမ္မပူဇာမင်္ဂလာ၊**

(၃) ပင့်သံဃာအရှင်မြတ်(၄၅)ပါးတို့အား ဆွမ်း, သက်န်းစသော လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို လှူဒါန်းခြင်း၊ **သံဃပူဇာ မင်္ဂလာ**တို့ကို

တဖက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် အတူတကွ တရားနာယူ ရေစက်သွန်းချ အမျှဝေ သာဓုခေါ်ယူကြရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

ရဟန်းဒါယကာ+ဒါယိကာမများ

အမှတ် ..၂၉၉၁၆
ရက်စွဲ ..၂၅.၁.၁၈

## ဗောဓိပက္ခိယဓမ္မစေတီမှ
## ဝိပဿနာရင်ပြင်

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကိုးကွယ်ကြသော စေတီသည် ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီ, ပါဒစေတီအားဖြင့် (၅)မျိုးရှိ၏၊ ထို(၅)မျိုးတွင် မြတ်စွာဘုရားရှင်၏ ပိဋကတ်သုံးပုံလာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်သော တရားတော်များသည် ဓမ္မစေတီများ ဖြစ်ကြ၏။

ထိုပိဋကတ်တော်လာ တရားဓမ္မများသည် ရိုသေမြတ်နိုး ရှိခိုးကိုးကွယ်ထားရုံသာမကဘဲ **ဩပနေယျိကော** ဟူသော ဓမ္မဂုဏ်တော်အရ ထိုတရားတော်လာအတိုင်း ကျင့်ကြံရသဖြင့် လွန်စွာအားကိုးထိုက်သော ဓမ္မစေတီတော်များ ဖြစ်ကြပါပေသည်။

ထိုဓမ္မစေတီအများတွင်လည်း ဗောဓိပက္ခိယတရားတို့သည် မဂ်ဉာဏ်၏ အသင်းအပင်း အဖွဲ့ဝင်များဖြစ်၍ သာဝကရဟန္တာ ပစ္စေကဗုဒ္ဓါ သဗ္ဗညုဘုရား အဖြစ်သို့ ရောက်အောင်ပင် ပို့ဆောင်ပေးနိုင်ကြ၏၊ ယင်းသို့သော ဗောဓိပက္ခိယ ဓမ္မစေတီ၏ စေတီရင်ပြင်သည် ဒါနစေတီရင်ပြင်, သီလစေတီရင်ပြင်, သမထဘာဝနာ စေတီရင်ပြင်, ဝိပဿနာဘာဝနာ စေတီရင်ပြင်-ဟူ၍ (၄)မျိုးရှိလေသည်။

ထို(၄)မျိုးတွင် ဝိပဿနာစေတီရင်ပြင်သည် အမြတ်ဆုံးဖြစ်၏၊ အမြတ်ဆုံးဖြစ်သော ဝိပဿနာစေတီရင်ပြင်ပေါ်၌ ရပ်တည်လျက် ဗောဓိပက္ခိယဓမ္မစေတီအား ပူဇော်ပုံ နည်းမျိုးစုံကို ဖော်ပြထားပါသည်။